# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၃ ရက်၊ သောကြာနေ့ | အတွဲ (၅၉)၊ အမှတ် (၀၉၅)


# နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင် (ဒုတိယနေ့) စည်ကားသိုက်မြိုက်စွာကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၀ ပြည့်နှစ်၊ နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင် (ဒုတိယနေ့) ကို ယနေ့ ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး ခြေတော်ရင်းရှိ ပြည်သူ့ဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယနေ့ ညပိုင်းတွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ က "တိုင်းရေး ပြည်ရေး မျှော်တွေးခြင်းအကြောင်း တရားဒေသနာတော်" ကို ဟောကြားတော်မူရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် တိုင်းဒေသကြီးအတွင်းရှိမြို့နယ်များမှ တရားနာပရိသတ် တစ်သိန်းခန့် တက်ရောက် နာယူကြည်ညိုကြသည်။

တောင်ဥက္ကလာပမြို့နယ်မှ ဒေါ်ခင်မာလာက "အခမဲ့ စီစဉ်ပေးထားတဲ့ ယာဉ်နဲ့ မိသားစုတွေ၊ အိမ်နီးချင်းတွေနဲ့ အတူ စုပေါင်းပြီး လာကြတာပါ။ နှစ်သစ်ကို စိတ်ရွှင်ရွှင်လန်းလန်းနဲ့ ဖြတ်သန်းရတဲ့အတွက် ဒီနှစ်သစ်ကူးတရားပွဲက ထူးခြားပါတယ်။ သွားရေးလာရေးအတွက်လည်း စီစဉ်ပေးထားသူတွေနဲ့ အလှူရှင်တွေရဲ့ စေတနာတွေကို တွေ့ရတာ အားကျကြည်နူးဖို့ကောင်းတယ်။ တရားနာပရိသတ်တွေလည်း အများကြီးလာတဲ့အတွက် ထူးခြားတဲ့ ပွဲကြီးပါ" ဟု ပြောသည်။

စမ်းချောင်းမြို့နယ်မှ ဒေါ်မြင့်မြင့်ခိုင်က "ကိုယ့်အစီအစဉ်နဲ့ကိုယ် မိသားစုနဲ့ လာခဲ့တာပါ။ နှစ်သစ်ကူးတရားပွဲကို နှစ်တိုင်းလာဖြစ်ပါတယ်။ အခုဆိုရင် လေးနှစ်မြောက်ရှိပါပြီ။ *စာမျက်နှာ ၄ ကော်လံ ၁* ✻

နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်တွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ က တိုင်းရေး ပြည်ရေး မျှော်တွေးခြင်းအကြောင်း တရားဒေသနာတော်ကို ဟောကြားတော်မူစဉ်။

ဓာတ်ပုံ- လှမိုး




**သမိုင်းဖြစ်စဉ်များကိုလည်း သိပါစေ၊ ထာဝရငြိမ်းချမ်းရေးလည်း ရပါစေ**

(၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး (စာ-၆)

**ဧရာဝတီ၊ ဧ/ပ ကျွဲ၊ ချင်း ... **



**ဩစတြေးလျ၌ အပူလှိုင်းမကျရောက်မီ မီးဘေးသင့်ဧရိယာများရှိ ဒေသခံပြည်သူများကို ကယ်ဆယ်ရွှေ့ပြောင်းမှုပြုလုပ်ရန် အစိုးရအမိန့်ထုတ်** (စာ-၁၄)




# လောင်မြိုက်မှုကို ငြိမ်းအေးစေဖို့

မြန်မာ့ရုပ်မြင်သံကြားက ထုတ်လွှင့်လိုက်သော ပါမောက္ခချုပ်ဆရာတော်ကြီး၏တရားကို နာရသည့်အခါ နိုင်ငံသားတို့ ညီညွတ်ခြင်းနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်းတို့ ဆက်စပ်မှုကို ကွက်ကွက်ကွင်းကွင်း သိမြင်ရပါသည်။ ကျေးဇူးကြီးမြတ်လှပါသည်။

မြတ်စွာဘုရား၏ ပိဋကတ်တော်လာဓမ္မများကို ကိုးကားပြီး နိုင်ငံသားတို့အချင်းချင်းကြား ဆန့်ကျင်မှုများပြားခြင်း၊ မညီညွတ်ခြင်းတို့၏ အပြစ်များကို ဟောပြောခဲ့သည်မှာ မြန်မာ့လူမှုအဖွဲ့အစည်းအတွက် မှတ်သားနာယူဖွယ်ဖြစ်ပါ၏။

နှစ်ဆယ်ရာစုအကုန်၊ နှစ်ဆယ့်တစ်ရာစုအကူးတွင် တစ်ရှိန်ထိုး ပြောင်းလဲလာသော ခေတ်မီနည်းပညာတို့၏ တိုးတက်မှုက လူမှုအဖွဲ့အစည်းအတွင်း ဆက်သွယ်ရေးအရှိန်ကို အံ့မခန်းမြင့်မား လျင်မြန်လာစေပါသည်။ ထိုကဲ့သို့ ဆက်သွယ်ဆက်ဆံရေး လျင်မြန်လာသည်နှင့်အမျှ မိမိတို့သဘောထားနှင့် တိုက်ဆိုင်လျှင် တိုက်ဆိုင်သလို၊ မိမိတို့လိုလားလျှင် လိုလားသည့်အလျောက်၊ ဆန့်ကျင်လျှင် ဆန့်ကျင်သည့်အလျောက် ချစ်စကား၊ ခင်စကား၊ လက်တွဲစကား၊ ပူးပေါင်းရေးစကား၊ မုန်းစကား၊ တွန်းတိုက်စကား၊ ရန်စကားအမျိုးမျိုးတို့ကို တစ်မုဟုတ်ချင်း ဆိုသလို ဖော်ထုတ်နိုင်လာကြ၊ နာကြားနိုင်လာကြရလေသည်။

ယခုနှစ်အနည်းငယ်အတွင်းတွင် မည်သည့်အချိန်က မည်သို့မည်နှယ် ရုတ်ခြည်းပြောင်းလဲသွားသည်ကို မမှတ်မိ၊ မခန့်မှန်းနိုင်တော့လောက်အောင်ပင် အမုန်းစကားတို့၏ ရန့်ရင်းကြမ်းတမ်းမှုအသုံးအနှုန်းတို့ ပြင်းထန်လွန်းလှသည်ကိုလည်း သတိပြုမိပါသည်။ တစ်စုံတစ်ဦး၏ အဆိုစကားရပ်တစ်ခုကို မိမိနှင့် သဘောထားချင်း မတိုက်ဆိုင်ကာမျှနှင့် မိုးမွှန်သွားသည့် ကန့်ကွက်ငြင်းဆိုသံများ၊ ဝေဖန်ပြစ်တင်သံများ ပေါ်ထွက်လာပါတော့သည်။

ကာယကံမြောက် မကျူးလွန်ဘူးဆိုလျှင်သော်မှ မနောကံ၊ ဝစီကံတို့ဖြင့် လူအချင်းချင်း အဆုံးစွန် ပြုမူတော့မည်ကဲ့သို့သော အကုသိုလ်ဖိစီးမှုက ရှေ့တန်းရောက်လာနေမည်ဆိုလျှင် မိမိတို့တစ်ဦးချင်းစီ၏ ရင်တွင်းငြိမ်းချမ်းမှုသည်လည်းကောင်း၊ အေးချမ်းသာယာမှုဆိုသည်လည်းကောင်း၊ လူမှုအဖွဲ့အစည်း၏ ငြိမ်းချမ်းသာယာမှုဟူသည်လည်းကောင်း တည်ဆောက်ရန် ခက်ခဲနေပေတော့မည်။

လူတို့တွင်ရှိသည့် မိမိ၏အားသာမှုကို မှီ၍လည်းကောင်း၊ မိမိမှန်ကန်သည်ဟု စွဲသောယုံကြည်မှုကို မှီ၍လည်းကောင်း၊ မိမိတွေးထင်မှုသည်သာ အလုံးစုံကောင်း၏ ဟူ၍လည်းကောင်း စသည်ဖြင့် မိမိ၏သန္တာန်တွင် ထိပ်ဆုံးသို့တက်ကာ တည်နေတတ်သည့် မာန်များ၊ မာနများက ကွဲလွဲမှုကို လက်သင့်မခံနိုင်ဖြစ်တတ်ချေ၏။ မိမိနှင့်ဆန့်ကျင်ခြင်းကို သည်းမခံနိုင်အောင်ဖြစ်တတ်ချေ၏။

ထို လက်သင့်မခံနိုင်ခြင်း၊ ဆန့်ကျင်လိုခြင်းကို အေးချမ်းစွာ မဆွေးနွေးနိုင်၊ မညှိနှိုင်းနိုင်၊ မစေ့စပ်လိုဖြစ်ကာ အပြင်းထန်ဆုံး တုံ့ပြန်မှုကိုသာ ရွေးချယ်ချင်ဖြစ်လာသည်က လောကကို ပူပြင်းလောင်မြိုက်စေတော့မည်။

ဤသည်တို့က အမျက်ဒေါသမီးကို ပိုမိုလောင်မြိုက်စေ၏။ ထို အမျက်ဒေါသမီးကပင် မိမိကိုယ်ကိုယ်လည်းကောင်း၊ မိမိ၏ ပတ်ဝန်းကျင်ကိုလည်းကောင်း၊ မိမိ၏ လူ့အဖွဲ့အစည်းကိုလည်းကောင်း၊ လောကကိုလည်းကောင်း လောင်မြိုက်စေတော့မည်တည်း။ ပူပြင်းစေတော့မည်တည်း။

ဓမ္မပဒ ကောဓဝဂ္ဂ လာ–

အမျက်ကို စွန့်ရာ၏။

မာနကို လုံးဝစွန့်ရာ၏ ဟူသကဲ့သို့ မာန်မာနတက်လွန်းမက တက်လွန်းနေခြင်းကိုလည်းကောင်း၊ အမျက်ဒေါသကြီးမားလွန်းခြင်းကိုလည်းကောင်း စွန့်ရန်ကြိုးစားကာ ညှိနှိုင်းလိုစိတ်၊ ငြိမ်းချမ်းလိုစိတ်၊ ညီညွတ်လိုစိတ်ကို မွေးမြူအားထုတ်ကြခြင်းဖြင့်သာ ငြိမ်းချမ်းမှုဆီသို့ ရောက်မည့်လမ်းဖြစ်ပေလိမ့်မည်ဟု နှိုးဆော်လိုက်ရပါကြောင်း။ ။

# ၂၀၂၀ ပြည့်နှစ်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား" ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊
၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောလုပ်ငန်းစဉ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့ကို ဦးစားပေးလုပ်ဆောင်ရေး၊
၃။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊
၄။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ တာဝန်သိစိတ်နှင့် အရည်အသွေးမြင့်မားလာစေမည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးတည်ဆောက်ရေး၊
၅။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဖြင့် ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေး၊







# (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်သုံးမျိုး ရောင်းချပေးသွားမည်

နေပြည်တော် ဇန်နဝါရီ ၂

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ၂၀၀/– ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်သုံးမျိုးအား ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက် မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် ပြာသိုလဆန်း ၁၀ ရက် (စနေနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့တော်စာတိုက်ကြီးများတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ် အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ဇန်နဝါရီ ၄ ရက်တွင် ဝယ်ယူသောစာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover)များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အသိပေးနှိုးဆော်ချက်

၂၀၂၀ပြည့်နှစ်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားအား နေပြည်တော်၊ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် (ဝတ်စုံပြည့်) အစမ်းလေ့ကျင့်မည့် ၂-၁-၂၀၂၀ ရက်နေ့နှင့် အခမ်းအနားကျင်းပမည့် ၄-၁-၂၀၂၀ ရက်နေ့တို့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား–တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ သပြေကုန်းဈေးထောင့် လမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုများအား နံနက် (၀၂၀၀)နာရီအချိန်မှ (၀၈၀၀) နာရီအချိန်အထိ ခေတ္တလမ်းပိတ်/လမ်းလွှဲဆောင်ရွက်မည်ဖြစ်ပါသဖြင့် ယာဉ်အသုံးပြုသွားလာနေကြသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား–တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့လည်းကောင်း၊ ဈေးထောင့်လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ရောဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၀)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ မတ်လတွင်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၀)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၈ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့်အစား မတ် ၁၈ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ သိရသည်။

"သူတို့နိုင်ငံမှာ ရာသီဥတုအခြေအနေကြောင့် ပြိုင်ပွဲကို တစ်လနောက်ဆုတ်တယ်လို့ သိရပါတယ်။ ကျွန်တော်တို့ ကစားသမားတွေကို ၂၀၁၉ ခုနှစ် မေလကတည်းက စခန်းသွင်းလေ့ကျင့်ခဲ့ပါတယ်။ ယခုတစ်လနောက်ဆုတ်တော့ ကစားသမားတွေ လေ့ကျင့်ချိန်ထပ်ရတာပေါ့။ ဒါကြောင့် ဇန်နဝါရီ ၆ ရက်ကစပြီး ဆက်လက်စခန်းသွင်းလေ့ကျင့်သွားမယ်။ ဒီစခန်းသွင်းတစ်လတာစားစရိတ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တစ်ဦးကို သုံးထောင်ကျပ်နှုန်းနဲ့ ဆက်လက်ကျွေးမွေးသွားမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲမှာ ရွှေ ၁၀ ခုမှ ၁၅ ခုအထိ ခန့်မှန်းထားပါတယ်"ဟု မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၀)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၅ နည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ အားကစားသမား ၁၀၈ ဦးတို့က အားကစားနည်း ၁၃ နည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ လက်ရွေးစင်မသန်စွမ်းကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများ၊ ဆရာဝန်များ၊ မျက်မမြင်အထောက်အကူပြုများ စုစုပေါင်း ၁၆၅ ဦး သွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၇ ခုနှစ်က မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားသမားများက ရွှေ ၁၁ ခု၊ ငွေ ၁၅ ခု၊ ကြေး ၁၇ ခု ဆွတ်ခူးရရှိခဲ့သည်။ **အာကာလင်း**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# တကယ့်ဒီမိုကရေစီ

တကယ့် ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားအရ ပြည်သူတွေရဲ့ အကျိုးအတွက် ပြည်သူတွေက တင်မြှောက်တဲ့ ပြည်သူတွေရဲ့ အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့ လက်ငင်းစီးပွားရေးအဆင့်အတန်းကို အခွင့်အရေးတန်းတူရနိုင်တဲ့ အခြေအထိ မြင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့် ဒီမိုကရေစီအထိ တက်လှမ်းနိုင်မယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ဂျူဗလီဟောပဏ္ဏာမပြင်ဆင်မှု ညီလာခံတွင် မိန့်ကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**



ရန်ကုန်မြို့ ညရှုခင်းပုံ ဓာတ်ပုံ-ဇေယျာလင်း

# ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ စတင်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ စတင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ လှည့်လည်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**



**ရှင်းလင်းပြသ**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့နံနက်ပိုင်းက ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ တာဝန်ရှိသူများနှင့်အတူ ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမသို့ ရောက်ရှိလာပြီး ခန်းမပြင်ပ သတ်မှတ်နေရာများ၌ ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားရှိမှု၊ ခန်းမအတွင်း၌ ကျောက်မျက်အတွဲများ ခင်းကျင်းပြသထားရှိမှုနှင့် ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများအား ရတနာကုန်သည်များ လွတ်လပ်စွာ စိတ်ကြိုက်ကြည့်ရှုရွေးချယ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုရာ ပြပွဲဗဟိုကော်မတီဝင်များနှင့် မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ရောင်းချပွဲ ပထမနေ့တွင် နံနက်ပိုင်းမှစတင်၍ ပြည်တွင်းရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းနှင့် ခန်းမပြင်ပ သတ်မှတ်နေရာများ၌ ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများကို မိမိတို့စိတ်ကြိုက် လွတ်လပ်စွာ လှည့်လည်ကြည့်ရှုရွေးချယ်၍ ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

**တင်ဒါစနစ်ဖြင့် ရောင်းချ**

ယခုရောင်းချပွဲကို ဇန်နဝါရီ ၂ ရက်မှ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကျောက်မျက်အတွဲ ၂၈၆ တွဲနှင့် ကျောက်စိမ်းအတွဲ ၃၆၉၅ တွဲကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။ ကျောက်မျက်အတွဲ ၂၈၆ တွဲကို ဇန်နဝါရီ ၄ ရက်တွင် အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲ အမှတ်(၁)မှ အတွဲအမှတ် (၁၂၅၀)အထိ ကျောက်စိမ်းအတွဲပေါင်း ၁၂၅၀ တွဲကို ဇန်နဝါရီ ၅ ရက်တွင် လည်းကောင်း၊ ကျောက်စိမ်းအတွဲအမှတ် (၁၂၅၁)မှ အတွဲအမှတ် (၂၅၀၀)အထိ ကျောက်စိမ်းအတွဲပေါင်း ၁၂၅၀ တွဲကို ဇန်နဝါရီ ၆ ရက်တွင် လည်းကောင်း၊ ကျောက်စိမ်းအတွဲ အမှတ်(၂၅၀၁)မှ အတွဲအမှတ် (၃၆၉၅)အထိ ကျောက်စိမ်းအတွဲပေါင်း ၁၁၉၅ တွဲကို ဇန်နဝါရီ ၇ ရက်တွင် လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြိုတင်ပေးသွင်းရန်လို**

ယခုရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည်များသာ တက်ရောက်ခွင့်ရှိပြီး တက်ရောက်ခွင့်ရသည့် ရတနာကုန်သည်များသည် အာမခံစပေါ်ငွေကို ကြိုတင်ပေးသွင်းရန် လိုအပ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ၌ ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲများတွင် ကြမ်းခင်းဈေးအမြင့်ဆုံးသည် ငွေကျပ်သိန်း ၁၈၀၀ ဖြစ်ပြီး ကြမ်းခင်းဈေးအမြင့်ဆုံး ကျောက်စိမ်းအတွဲသည် ငွေကျပ်သိန်း ၁၀၀၀ ဖြစ်ကြောင်း သိရသည်။ **မော်စီ(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကိုရီးယားသမ္မတနိုင်ငံ IWPG အဖွဲ့နှင့်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကိုရီးယားသမ္မတနိုင်ငံ International Women's Peace Group (IWPG) အဖွဲ့မှ Operation Manager Ms. Na Hyung Jun နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။** (အောက်ဝဲပုံ)



တွေ့ဆုံစဉ် IWPG အဖွဲ့အစည်းအနေဖြင့် ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းများနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ၂၀၁၃ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၀၀ ကျော်တွင် ရုံးခွဲများဖွင့်လှစ်၍ ဆောင်ရွက်နေမှု၊ IWPG အနေဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အစီအစဉ်များတွင် ဆောင်ရွက်နေမှု၊ အမျိုးသမီးများအနေဖြင့် ငြိမ်းချမ်းရေးဆောင်ရွက်မှုများတွင် ပိုမိုပါဝင်နိုင်ရန်အတွက် Peace Education ကို တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပမည့် Commission on Status of Women နိုင်ငံတကာညီလာခံ၌ မြန်မာနိုင်ငံမှ ပူးပေါင်း၍ Side Event တစ်ခု ပူးတွဲပြုလုပ်နိုင်ရန်ဖြစ်နိုင်မည့် အခြေအနေများကို ဆွေးနွေးကြသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးဆက်လက် ထစ်ချုန်းရွာနေမည်။ **မိုး/ဇလ**

* ရှေ့ဖုံးမှ

နှစ်ဦးမှာ ဆရာတော်ကြီးတွေရဲ့ တရားထူးတွေကို နာယူကြည်ညိုရတဲ့အတွက် အများကြီးအကျိုးရှိပါတယ်။ ကလေးတွေလည်း ဘာသာတရားကို ပိုပြီးသိလာအောင်၊ ယုံကြည်ကိုင်းရှိုင်းမှု ရှိလာအောင် အခုလိုတရားနာဖို့ ခေါ်လာခဲ့တာပါ။ ဒီလိုတရားပွဲတွေကို မကြာခဏ ကျင်းပပေးရင် ပိုကောင်းပါတယ်” ဟု ပြောသည်။

**စတုဒိသာလှူဒါန်းမှုများ ပြုလုပ်**

နှစ်သစ်ကူးတရားပွဲတော်တွင် စေတနာရှင်များကလည်း စတုဒိသာလှူဒါန်းမှုများကို ပြုလုပ်ကြသည့်အပြင် တရားနာပရိသတ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ပုဂ္ဂလိကဆေးရုံများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်။

ကိုလှမြတ်သူက “စတုဒိသာကျွေးတဲ့ မဏ္ဍပ်မှာ လာရောက်တဲ့ တရားနာပရိသတ်ကို သူငယ်ချင်းတွေနဲ့ ကြိုဆိုဧည့်ခံမှုတွေ လုပ်ပေးကြတာပါ။ အားလုံးအဆင်ပြေအောင် ဝိုင်းဝန်းဆောင်ရွက်ပေးတာပါ။ အလှူရှင်တွေက အစားအသောက်တွေ၊ ဆေးဝါးတွေ လှူဒါန်းကြပါတယ်။ ဒီတရားပွဲကြီးက တရားဒေသနာတွေ နာယူရသလို အလှူရှင်တွေ၊ တရားနာပရိသတ်တွေအတွက်လည်း ထူးခြားတဲ့ ပွဲကြီးလို့ ပြောလို့ရပါတယ်” ဟု ပြောသည်။

**အခမဲ့လိုက်ပါပို့ဆောင်**

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တရားပွဲသို့ လာရောက်နာယူကြည်ညိုကြမည့် တရားနာပရိသတ်များ သွားလာမှုအဆင်ပြေစေရန် အခမဲ့မော်တော်ယာဉ်များကို သက်ဆိုင်ရာ စုရပ်များအလိုက် စီစဉ်ပေးထားသည့် အပြင် စေတနာရှင် ပြည်သူတို့ကလည်း မိမိတို့၏ ရပ်ကွက်များ၊ လမ်းများအတွင်းမှ စုပေါင်း၍လည်းကောင်း၊ စေတနာရှင် အငှားယာဉ်မောင်းများကလည်း တရားနာပရိသတ်များ သွားလာမှုအဆင်ပြေစေရန် အခမဲ့လိုက်ပါပို့ဆောင်မှုများ ပြုလုပ်ပေးလျက်ရှိသည်။

အဆိုပါ နှစ်သစ်ကူး တရားအလှူတော် မင်္ဂလာဘင်ကို ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ သုံးရက်တိုင် ကျင်းပလျက်ရှိပြီး ပထမနေ့တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ က တရားတော်များကို ဟောကြားခဲ့ပြီး တတိယနေ့တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ က နှစ်သစ်ကူးတရားတော်များကို ဟောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး**



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၀ ပြည့်နှစ်၊ နှစ်သစ်ကူးတရားအလှူတော် မင်္ဂလာဘင် (ဒုတိယနေ့) ကျင်းပစဉ်။

ဓာတ်ပုံ- လှမိုး

# သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့သော ဒေသများရှိ ပြည်သူများ၏ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေများလှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂**

မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့သော ဒေသများရှိ ပြည်သူများ၏ ပြန်လည်ထူထောင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ပေးနိုင်ရန် အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာတွင် ပြည်ပရောက် မြန်မာများဖြစ်သည့် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှ National Humanitarian Fundraising For Myanmar အဖွဲ့က လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၃၁၂၃၁ ဒေါ်လာ၊ ဆော်ဒီအာရေဗျနိုင်ငံရှိ စေတနာရှင်မိသားစုများက လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၄၇၇၅ ဒေါ်လာနှင့် အမေရိကန်ပြည်ထောင်စု တောင်ပိုင်းကယ်လီဖိုးနီးယားပြည်နယ်ရှိ မြန်မာစေတနာရှင်များက လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၃၅၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၆၃၅၆ ဒေါ်လာတို့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**



**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် မြောင်မြို့ မြို့တော်ခန်းမအဆောက်အဦသစ်ဖွင့်ပွဲ တက်ရောက်

**မြောင် ဇန်နဝါရီ ၂**

(၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့ မြို့တော်ခန်းမအဆောက်အဦသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲက အဆိုပါ ခန်းမရှေ့၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ မြို့တော်ခန်းမအဆောက်အဦသစ်အား စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှငွေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ကျော်နိုင်ထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြတ်မွန်နှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၀ ပြည့်နှစ် နှစ်သစ်ရဲ့ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အကြိုအဖြစ် ယခုလို မြောင်မြို့အတွက် မြို့တော်ခန်းမသစ်ကြီးကို မင်္ဂလာရှိစွာ ဖွင့်လှစ်ရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် အခြားသောဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စည်ပင်သာယာရေးလုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်လာအောင် ကြိုးစားဆောင်ရွက်ပေးလျက်ရှိသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့များသည် ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး မြောင်မြို့တော်ခန်းမကြီးကဲ့သို့ အခြားသော မြို့ကြီးများတွင်လည်း မြို့တော်ခန်းမများ ဆောက်လုပ်ပေးလျက်ရှိကြောင်းနှင့် ပြည်သူများထံမှ ကောက်ခံရရှိသည့် အခွန်အခများဖြင့် မြို့အတွက် လမ်း၊ တံတား၊ ရေပေးရေး၊ သန့်ရှင်းသာယာလှပရေး၊ မြို့အင်္ဂါရပ်နှင့်ညီစေရေး စသည်ဖြင့် ဘက်စုံထောင့်စုံမှ ပြန်လည်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြောင်မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ထွန်းက မြို့တော်ခန်းမ တည်ဆောက်ပေးခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**စတင်တည်ဆောက်**

အဆိုပါ မြောင်မြို့ မြို့တော်ခန်းမအဆောက်အဦသစ်သည် အလျား ပေ ၁၂၀၊ အနံ ပေ ၆၀၊ အမြင့် ၁၆ ပေရှိသော RC တစ်ထပ်အဆောက်အဦဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၅၉ ဒသမ ၂ သန်းဖြင့် ၂၀၁၉ ခုနှစ် မတ်လမှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က မြောင်မြို့ အိုးအိမ်ဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ် အဆောက်အဦသစ်နှစ်လုံး တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ကလေးကစားကွင်းဆောက်လုပ်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို (ယင်းမာပင်)**

# ယုံကြည်မှုဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာရမည်

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား သံသယစိတ်ကင်းစင်ကာ ခိုင်မာသည့် ယုံကြည်မှုဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာကြရမည်ဖြစ်ပါသည်။ ယင်းမှတစ်ဆင့် တိုင်းရင်းသားအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ဒီမိုကရေစီ ကျင့်စဉ်နှင့် ဖက်ဒရယ်မူများနှင့်အညီ မိမိနိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၁၉ ရက်နေ့တွင် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**



လွတ်လပ်ရေးကျောက်တိုင်နှင့် တိုင်းရင်းသားများ ဓာတ်ပုံ-မြန်/ဆက်

# ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂

**၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများ လိုက်နာရန် စည်းကမ်းချက်များဆိုင်ရာဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် ပျဉ်းမနားမြို့ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နိုင်ငံကောင်းရန်အတွက် ပညာရေးစနစ်ကောင်းရန် အရေးကြီးပါကြောင်း၊ ပညာရေးစနစ် ကောင်းမွန်ရေးအတွက် အရည်အသွေးရှိသော ပညာရေးစနစ်သို့ ပြုပြင်ပြောင်းလဲအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှုကာလအတွင်း အားသာချက်များကို ပိုမိုအားကောင်းရေး၊ အားနည်းချက်များကို ပြန်လည်သုံးသပ်၍ အားကောင်းရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ စာမေးပွဲမေးခွန်း၊ အဖြေလွှာ၊ စာစစ်လုပ်ငန်း၊ အောင်စာရင်းလုပ်ငန်းများ လုံခြုံမှုရှိစေရေး၊ သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့်အညီ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ စာစစ်လုပ်ငန်းများကို ဘာသာရပ်နှင့်ကိုက်ညီသော အထက်တန်းပြဆရာ ဆရာမများကို တာဝန်ပေးသွားမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ အကျိုးရှိထိရောက်ပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးရုံးနှင့် သက်ဆိုင်ရာ တက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပြီး စာစစ်လုပ်ငန်းဆောင်ရွက်ရာတွင် ကိုယ်ဝန်ဆောင်ဆရာမများ၊ အသက်အရွယ်ကြီးသော ဆရာ ဆရာမများ၊ ကျန်းမာရေးမကောင်းသော ဆရာ ဆရာမများ၊ ဘာသာရပ်နှင့် မကိုက်ညီသော အထက်တန်းပြ ဆရာ ဆရာမများကို စာစစ်တာဝန်ပေးခြင်းမပြုရန် လိုအပ်ကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများ လိုက်နာရန် စည်းကမ်းချက်များဆိုင်ရာဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပညာရေးလုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်က တက္ကသိုလ်ဝင်ခွင့်စာမေးပွဲနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ တာဝန်ရှိသူများက ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များကို ဆွေးနွေးပို့ချကြပြီး တက်ရောက်လာသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါဆွေးနွေးပွဲသို့ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဆရာ ဆရာမ စုစုပေါင်း ၇၃၉ ဦး တက်ရောက်ကြသည်။

**သတင်းစဉ်**




# မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ရှင်းလင်းပွဲတက်ရောက်

**ညောင်ဦး ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းသည် ယနေ့နံနက်ပိုင်းတွင် ညောင်ဦးခရိုင်တရားရုံး၌ ကျင်းပသည့် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ရှင်းလင်းပွဲအခမ်းအနားသို့ တက်ရောက်သည်။ (ဓါတ်ပုံ)

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးမြင့်ဆန်း၊ ညောင်ဦးခရိုင်အတွင်းရှိ တရားရေးအရာရှိများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ ဦးမြင့်စိန်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ရဲအရာရှိများ၊ ဥပဒေအရာရှိများ၊ ဥပဒေအထောက်အကူပြုအဖွဲ့ဝင်များ၊ ရှေ့နေများ၊ လူမှုဝန်ထမ်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

**ရှင်းလင်း ပြောကြား**

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးမြင့်ဆန်းနှင့် ညောင်ဦးခရိုင် တရားသူကြီး ဒေါ်သူဇာအောင်တို့က မှုခင်းစီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်အစီအစဉ်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**ခရိုင်(မြန်/ဆက်)**

(၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

# သမိုင်းဖြစ်စဉ်များကိုလည်း သိပါစေ၊ ထာဝရငြိမ်းချမ်းရေးလည်း ရပါစေ

ဘော်ဂါသွေး

**၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် နံနက် ၆ နာရီခန့် ဖြစ်သည်။ ရန်ကုန်မြို့ကြီးတစ်မြို့လုံး ခါတိုင်းနေ့များနှင့်မတူဘဲ လှုပ်လှုပ်ရှားရှား ထကြွနိုးကြားလျက်ရှိသည်။ ဘုရင်ခံဆာဟူးဘတ်ရန့်(စ်) လက်ရှိနေထိုင်သည့် ဘုရင်ခံအိမ်တော်ကြီးမှာကား မီးမောင်းကြီးများ ထိုးထား၍ လင်းထိန်လျက်ရှိနေ၏။**



အိမ်တော်ရှေ့မြက်ခင်းပြင်ပေါ်ဝယ် ရောင်စုံကုလားထိုင် လေးတန်းခင်းကျင်းထား၍ ဧည့်သည်တော်များ ထိုင်နေကြသည်။ ဧည့်သည်တော်များနှင့် တူရူမျက်နှာမူလျက် လက်ဝဲဘက်အစွန်ဆုံးတွင် ဗမာ့ရေတပ်သားများ၊ ဗမာ့တပ်မတော်၊ လေတပ်၊ တပ်ဖွဲ့ပေါင်းစုံ စီတန်းရပ်နေကြသည်။ နောက်ဘက်ခပ်ကျကျနေရာ၌မူကား ဗြိတိသျှတီးဝိုင်းတော်သားများ ရှိကြသည်။

ဧည့်သည်တော်များနှင့် ဗဟိုတည့်တည့်တွင် အလံတိုင်စိုက်ထူထား၍ လက်ယာဘက်တိုင်ပေါ်တွင် ယူနီယံဂျက်အလံကို လွှင့်ထူထားသည်။ နံနက် ၆ နာရီ ၄၅ မိနစ်တွင် ဘုရင်ခံဆာဟူးဘတ်ရန့်(စ်)သည် ယာယီသမ္မတညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်နှင့်အတူ ယှဉ်တွဲကာ အိမ်တော်အတွင်းမှ ထွက်လာရာ ဧည့်ပရိသတ်အပေါင်းတို့က မတ်တတ်ထ၍ အလေးပြုကြ၏။ ထို့နောက် တပ်များကို လိုက်လံရှုစားကြလေသည်။ ထိုစဉ် ကရူဇာသင်္ဘောမှ အမြောက် ၁၇ ချက် ပစ်ဖောက်လိုက်သည်။ နောက်ဆုံးအမြောက်သံတစ်ချက် ပစ်ဖောက်လိုက်ပြီးနောက် နိုင်ငံတော်သမ္မတနှင့် ဘုရင်ခံတို့က အလံတိုင်ရှေ့ စင်မြင့်ငယ်လေးပေါ်သို့ တက်ရောက်ကြသည်။

နံနက် ၆ နာရီ ၅၈ မိနစ်အချိန်တွင် ဗြိတိသျှယူနီယံဂျက်အလံကို ဗြိတိသျှအမျိုးသားသီချင်းဖြင့် တိုင်ဖျားမှ တဖြည်းဖြည်း နိမ့်ချလိုက်ပြီးနောက် အသင့်စောင့်နေသော အရာရှိတစ်ဦးက ပွေ့ယူသိမ်းဆည်းသွား၏။ အလံချနေစဉ် အားလုံးအရိုအသေပြုကြ၏။

ထို့နောက် အသင့်စောင့်နေသည့် မြန်မာစစ်ဗိုလ်က မြန်မာနိုင်ငံတော်အလံကို မြန်မာအမျိုးသားသီချင်း တီးမှုတ်၍ လွှင့်ထူလိုက်ပြန်ရာ အားလုံးကအရိုအသေပြုကြပြန်လေသည်။

(နိုင်ငံတော်၏ လွတ်လပ်ရေးနေ့ရရှိခြင်း အထိမ်းအမှတ် အလံတင်အခမ်းအနားကို ယင်းနေ့ နံနက် ၄ နာရီ မိနစ် ၂၀ တွင် တိုင်းပြုပြည်ပြု လွှတ်တော်မျက်နှာရှေ့တွင် ခမ်းနားထည်ဝါစွာ ကျင်းပပြီးခဲ့ပြီးဖြစ်သည်။)

နံနက် ၆ နာရီ ၅၉ မိနစ်တွင် ဗြိတိသျှစစ်ဗိုလ်က မြန်မာစစ်ဗိုလ်အား အာဏာလွှဲပြောင်းပေးသဖြင့် နေရာချင်းပြောင်းကာ မြန်မာစစ်ဗိုလ်အမိန့်အတိုင်း တစ်ပတ်လှည့်လည်၍ နိုင်ငံတော်သမ္မတကြီးနှင့် ဘုရင်ခံတို့အား အလေးပြုကြ၏။

အလံတင် အလံချ အခမ်းအနားပြီးဆုံးသည်နှင့် Burma ဟု အမည်တပ်ထားသော ဘုရင်ခံ၏ ကားအနက်ကြီး၌ ဘုရင်ခံနှင့် သမ္မတကြီးတို့ စီးနင်းပြီး သမ္မတကြီး၏ ကြင်ယာတော် မဟာဒေဝီနှင့် ဘုရင်ခံ၏ဇနီး၊ ဝန်ကြီးချုပ်သခင်နုနှင့် ဝန်ကြီးချုပ်ကတော်၊ အခြားဝန်ကြီးများနှင့် ကတော်များ၊ လွှတ်တော်အမတ်များက ကားအသီးသီးဖြင့် တသီတတန်းကြီး သင်္ဘောဆိပ်သို့ လိုက်ပါပို့ဆောင်ပေးခဲ့သည်။ သမ္မတနှင့် ဘုရင်ခံတို့စီးသောကားကို မြို့မရာဇဝတ်အဖွဲ့မှ မော်တော်ဆိုင်ကယ် ၁၀ စီးဖြင့် ခြံရံ၍ လိုက်ပါလာ၏။

သင်္ဘောဆိပ်သို့ နံနက် ၇ နာရီ ၄၅ မိနစ်ရောက်ရှိချိန်တွင် အိပ်ချ်အမ်အက်ဘာမင်ဂန်စစ်သင်္ဘောမှ အရာရှိများက ကြိုဆိုအလေးပြုကြသည်။ ဘုရင်ခံကားပေါ်မှ ဆင်း၍ ဆိပ်ကမ်းတံတားပေါ်သို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက် ကားပေါ်တွင် တပ်ထားသော ဘုရင်ခံ၏ အလံ၊ သရဖူ၊ တံဆိပ် စသည်များကိုဖြုတ်ပြီး မြန်မာနိုင်ငံ တံဆိပ်တော်နှင့် အလံကို ပြောင်းလဲတပ်ဆင်လိုက်၏။

ဘုရင်ခံသည် သင်္ဘောဆိပ်သို့ လိုက်ပါပို့ဆောင်သူများကို လိုက်လံနှုတ်ဆက်ပြီး နံနက် ၇ နာရီ ၅၅ မိနစ်တွင် သင်္ဘောကြီးပေါ်သို့ တက်ရောက်ရာ နှစ်နိုင်ငံအလံများအား အတင်အချပြုလုပ်၍ သင်္ဘောကြီးပေါ်မှ အမြောက် ၁၇ ချက်စီ ပစ်ဖောက်အလေးပြုခဲ့ကြသည်။ နောက်ဆုံး ဗြိတိသျှအလံကို သင်္ဘောဦး၌ ပြန်လည်လွှင့်ထူချိန်၌ မြန်မာ့ရေတပ်မတော် မေယုစစ်သင်္ဘောမှ အမြောက် ၂၁ ချက် ပစ်ဖောက်အလေးပြုခဲ့သည်။

နံနက် ၈ နာရီ မိနစ် ၂၀ တွင် ဘုရင်ခံဆာဟူးဘတ်ရန့်(စ်) စီးနင်းလိုက်ပါသည့် သင်္ဘောကြီးသည် မြန်မာ့ဆိပ်ကမ်းမှ တရွေ့ရွေ့ ထွက်ခွာသွားလေပြီ။

ထူးခြားသည်မှာ ဘုရင်ခံဆာဟူးဘတ်ရန့်(စ်)နှင့်ဇနီးသည် ဗုဒ္ဓဘာသာဝင်မဟုတ်သော်လည်း သူပြည်တော်မပြန်မီ ဇန်နဝါရီ ၂ ရက်တွင် မြန်မာတို့၏ အထွတ်အမြတ်ထားရာ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ တက်ရောက်ဖူးမြော်ပြီး ရွှေသင်္ကန်းကပ်လှူခဲ့သေးသည်ဟု မှတ်တမ်းအချို့တွင်တွေ့ရှိခဲ့ရသည်။

ဘုရင်ခံဆာဟူးဘတ်ရန့်(စ်) ပြည်တော်ပြန်ခရီးကို ဤသို့ရှည်လျားစွာ အသေးစိတ်ရေးသားဖော်ပြမှုမှာ အကြောင်းများစွာရှိပါသည်။

## ပါတော်မူခန်း

အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအား စစ်သုံးကြိမ်ပြု၍ သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။ ကုန်းဘောင်မင်းဆက်နောက်ဆုံးဖြစ်သည့် သီပေါဘုရင် လက်ထက်တွင် တစ်နိုင်ငံလုံးအပြီး သိမ်းပိုက်ခံရခြင်းဖြစ်သည်။ ခုနှစ်အားဖြင့် ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် ဖြစ်သည်။

မန္တလေးနေပြည်တော်အား နယ်ချဲ့တို့သိမ်းပိုက်ပြီးနောက် မင်းနှင့် မင်းမိဖုရား၊ ဆွေတော်မျိုးတော်များအား အိန္ဒိယနိုင်ငံ ရတနာဂီရိမြို့သို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ရောက်ခဲ့သည်မှာ ခရစ်နှစ် ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက်၊ မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် ဖြစ်သည်ဟုဆိုရမည် ဖြစ်သည်။

သီပေါမင်းအား ဖမ်းဆီးခေါ်ဆောင်သွားပုံမှာ မြင်တွေ့ရသူတိုင်းက မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရသည်ဟု တစ်ဆင့်တစ်ဆင့် ပြောပြသူများ၏ စကားအရသိရသည်။ မန္တလေးမြို့တော်တွင် မြို့ဝင်မြို့ထွက် တံခါးလေးပေါက်ရှိသည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက်ဟူ၍ ဖြစ်သည်။ ထိုအထဲမှ အနောက်ဘက်မှထွက်ပေါက်သည် အမင်္ဂလာတံခါးပေါက်ဖြစ်သည်။ အာဋ္ဌာဝီ တံခါးပေါက်ဖြစ်သည်။ ရာဇဝတ်သားများအား ကွပ်မျက်ရန်အဓိကထုတ်သော တံခါးပေါက်ဖြစ်သည်ဟု ရှေးအစဉ်အဆက်မီသူများ၏ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ကြားသိရခြင်းဖြစ်သည်။

မန္တလေးရွှေနန်းတော်မှ မင်းသီပေါနှင့် မင်းမိဖုရားတို့အား သင်္ဘောဆိပ်သို့ ခေါ်ဆောင်သွားသည်မှာလည်း ထိုအာဋ္ဌာဝီ အနောက်တံခါးပေါက်မှဖြစ်သည်။ အချိန်ကား ညနေစောင်းချိန်ဟု သိရသည်။

မင်းနှင့် မင်းမိဖုရားအား ကျည်းမြောင်းသော ဗီရိလှည်းပေါ်တင်ဆောင်၍ ဂေါဝိန်ဆိပ်သို့ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။ ဆာဟူးဘတ်ရန့်(စ်) ကဲ့သို့ မော်တော်ဆိုင်ကယ်များ လိုက်ပါခြံရံခြင်းမရှိသော်လည်း ဂေါ်ရာစစ်သားများက သေနတ်ကိုယ်စီဖြင့် လိုက်ပါစောင့်ထိန်းလာခဲ့ခြင်းဖြစ်သည်ကို မှတ်တမ်းဓာတ်ပုံများအရ တွေ့ရှိသိခဲ့ရ သည်။ အနောက်ဘက်တံခါးမှ ခေါ်ဆောင်သွားသည့်အတွက် မန္တလေးမဟာမြတ်မုနိဘုရားကြီးကိုပင် ပြည်တော်မှထွက်ခါနီး ဦးတင်၍ ဖူးမြင်ခွင့်မရရှာခဲ့ပေ။ ဘုရင်ခံဆာဟူးဘတ်ရန့်(စ်)ကမူ ဗုဒ္ဓဘာသာဝင်မဟုတ်သော်လည်း ပြန်ခါနီး ရွှေတိဂုံစေတီတော်ကို ဖူးမြော်နိုင်ခဲ့သေးပေသည်။

## မြန်မာလူငယ်တို့သိစေချင်

ဆိုခဲ့သည့် ဖြစ်ရပ်များမှာ မြန်မာ့မြေမှ ဖြစ်ရပ်မှန်များပင်ဖြစ်ပေသည်။ ယနေ့လူငယ် လူလတ်များ သိသူအလွန်နည်းပေလိမ့်မည်။ ကာလကြာပါက တစ်စတစ်စပျောက်ကွယ်သွားတော့မည်ကို စိုးရိမ်လှပေသည်။ သမိုင်းသည် နိုင်ငံအတွက် အရေးကြီးလှပေသည်။ သမိုင်းသိမှ ဆင်ခြင်တုံတရားများ ရှိပေမည်။ ဆင်ခြင်တုံတရားရှိမှ အမှားအမှန်ကို ခွဲခြားတတ်ပေမည်။ အမှားအမှန် ခွဲခြားတတ်ပါမှ နိုင်ငံတော်ကို ဦးဆောင်နိုင်ပေမည်။ ထို့အတွက် နိုင်ငံ၏ သမိုင်းဖြစ်ရပ်မှန်များကို ယနေ့လူငယ် လူလတ်များအားလုံးကို သိစေချင်ပါသည်။

## ငြိမ်းချမ်းရေး

မြန်မာပြည်ကြီး သူ့ကျွန်ဘဝမှ လွတ်မြောက်၍ လွတ်လပ်ရေး ရရှိခဲ့သည်မှာ ၇၂ နှစ် တင်းတင်းပြည့်မြောက် ခဲ့ပြီဖြစ်သည်။ သို့သော် လွတ်လပ်ရေးရပြီးနောက်မှ စခဲ့သော ပြည်တွင်းစစ်တို့သည် တစ်စတစ်စ တောက်လောင်ခဲ့သည်။ ထို့နောက် လူမျိုးရေးဝါဒများကြောင့် ပြည်တွင်းဒေသအချို့ ငြိမ်းချမ်းမှု၊ အေးချမ်းမှု၊ လွတ်လပ်မှုတို့နှင့် ကင်းဝေးခဲ့ရသည်။

ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်၌ ပြုလုပ်သည့် ရခိုင်ပြည်နယ် မာန်အောင်မြို့နေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ကျွန်မတို့နိုင်ငံဟာ လွတ်လပ်ရေးရပြီးတဲ့အချိန်ကနေစပြီးတော့ တစ်နိုင်ငံလုံး ၁၀၀ ရာခိုင်နှုန်း ငြိမ်းချမ်းတယ်ဆိုတာ မရှိခဲ့ပါဘူး။ တစ်ချိန်လုံး တစ်နေရာမဟုတ်တစ်နေရာမှာ ပြည်တွင်းပဋိပက္ခတွေက တောက်လောင်နေတာကို တွေ့ရပါတယ်။ ကျွန်မတို့နိုင်ငံမှာ တောက်လောင်နေတဲ့ အပူမီးတွေ ငြိမ်းသွားရေးဟာလည်း လျှပ်စစ်အင်အားထက်တောင် ပိုပြီးအရေးကြီးတယ်ဆိုတာ ကျွန်မတို့ သဘောပေါက်နားလည်ဖို့ လိုပါတယ်။ လျှပ်စစ်အင်အားက လျှပ်စစ်အင်အားပဲ၊ ငြိမ်းချမ်းရေးအင်အားကို ဘာနဲ့မှ မယှဉ်နိုင်ဘူး။ ကျွန်မတို့ သေသေချာချာ စဉ်းစားဖို့ အရေးကြီးပါတယ်။"

"ဒါပေမယ့် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ငြိမ်းချမ်းရေးတစ်ခုတည်းကို ဦးတည်ဆောင်ရွက်လို့ မရပါဘူး။ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဦးတည်ရပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုရှိမှသာ ငြိမ်းချမ်းရေးကို ခိုင်မာအောင် လုပ်နိုင်မှာဖြစ်ပါတယ်။ MSDP မှာ ဖော်ပြထားတဲ့အတိုင်း အားလုံးပါဝင်တဲ့ ငြိမ်းချမ်းရေးနဲ့ အားလုံးအတွက် ဖွံ့ဖြိုးမှု အတူဆက်တွဲထားမှသာ အစွန့်ရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးနဲ့ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှု ရရှိနိုင်မှာဖြစ်တာကို ကျွန်မတို့ အသိအမှတ်ပြုထားပါတယ်။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးတို့ကို တစ်ပြိုင်နက်ရရှိရေးအတွက် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ တစ်ခုပြီးမှ တစ်ခု မဟုတ်ပါဘူး။ တစ်ချိန်တည်းမှာ နှစ်ခုစလုံးကို အောင်မြင်အောင် လုပ်ရမှာပါ။ ဒါကြောင့် ကျွန်မတို့အစိုးရအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ တစ်ပြိုင်နက်တည်းမှာပဲ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထားဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုမရှိတော့ ကျေနပ်မှုမရှိဘူး။ ကျေနပ်မှုမရှိတော့ ဒေါသတွေပွားတယ်။ ဒေါသတွေ ပွားလာတော့ လက်နက်ကိုင်တိုက်ခိုက်ရေးကို တွန်းပို့တယ်။ မငြိမ်းချမ်းတော့ ဖွံ့ဖြိုးတိုးတက်မှုမရှိဘူးဆိုတဲ့ အဆိုးကျော့ သံသရာက ဖောက်ထွက်နိုင်ဖို့ ကျွန်မတို့ ကြိုးစားနေရတာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

သို့ဆိုသော်... ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေး- ထာဝရငြိမ်းချမ်းရေးဟု ဝိုင်းဆိုနေကြသော်လည်း အချို့အဖွဲ့အစည်းများ၏ လူမျိုးစွဲ၊ ဝါဒစွဲ၊ အတ္တစွဲများကြောင့် ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေခြင်းဖြစ်ပေသည်။ တကယ်ဖြစ်ချင်တကယ်လုပ် အဟုတ်ဖြစ်ရမည်ဆိုသော စကားနှင့်အညီ မြန်မာပြည်ကြီး ထာဝရငြိမ်းချမ်းရေး၊ စစ်ဘေးမှ ကင်းဝေးရေးနှင့်အတူ အခြားသော တိုင်းပြည်များနည်းတူ ဖွံ့ဖြိုးတိုးတက်ရေးမှာ လက်နက်ကိုင်အဖွဲ့အစည်းများက လူမျိုးစွဲ၊ ဝါဒစွဲ၊ အတ္တစွဲများကို ခဝါချ၍ တကယ်စစ်မှန်သော စေတနာ၊ တကယ်စစ်မှန်သော မေတ္တာများဖြင့် ငြိမ်းချမ်းရေးစားပွဲဝိုင်းများဆီသို့ အရောက်လှမ်းသွားမှသာလျှင် မှန်ကန်သော နည်းလမ်းဖြစ်ပါသည်ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

> "ဆိုခဲ့သည့် ဖြစ်ရပ်များမှာ မြန်မာ့မြေမှ ဖြစ်ရပ်မှန် များပင်ဖြစ်ပေသည်။ ယနေ့လူငယ် လူလတ်များ သိသူ အလွန်နည်းပေလိမ့်မည်။ ကာလကြာပါက တစ်စတစ်စပျောက်ကွယ်သွားတော့မည်ကို စိုးရိမ်လှပေသည်။ သမိုင်းသည် နိုင်ငံအတွက် အရေးကြီးလှပေသည်။ သမိုင်းသိမှ ဆင်ခြင်တုံတရားများ ရှိပေမည်။ ဆင်ခြင်တုံတရားရှိမှ အမှားအမှန်ကို ခွဲခြားတတ်ပေမည်။ အမှားအမှန် ခွဲခြားတတ်ပါမှ နိုင်ငံတော်ကို ဦးဆောင်နိုင်ပေမည်။ ထို့အတွက် နိုင်ငံ၏ သမိုင်း ဖြစ်ရပ်မှန်များကို ယနေ့လူငယ် လူလတ်များအားလုံးကို သိစေချင်"

❑ *ကျောဖုံးမှ*

အကောက်ခွန် ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးလွင်က “တရုတ်စီးပွားရေး လုပ်ငန်းရှင်တွေ၊ ကုန်ရောင်း ကုန်ဝယ်သမားတွေအနေနဲ့ လုပ်ငန်းကိစ္စရပ်များကို ပိတ်သိမ်းကြပြီး မိမိတို့ ရပ်ရွာဒေသအသီးသီးကို ပြန်လည် အနားယူကြတာ ဖြစ်တဲ့အတွက် ကုန်သွယ်ရေးဇုန်ထဲကို ကုန်တင်ကား ဝင်ရောက်မှု လျော့နည်းသွားတာ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်း ဒီဇင်ဘာလအတွင်းမှာတော့ ပို့ကုန်ကားအစီးရေ တစ်ရက်ကို ၄၀၀ ကျော်၊ သွင်းကုန်ကား အစီးရေ တစ်ရက်ကို ၃၀၀ ကျော် ပို့ကုန်/သွင်းကုန်ကားအစီးရေ ပျှမ်းမျှ တစ်ရက်ကို ၁၀၀၀ ဝန်းကျင်လောက် နေ့စဉ် ဝင်ရောက်သွားလာနေတာ ဖြစ်ပါတယ်။ ယခု ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလထဲမှာတော့ တရုတ်နှစ်သစ်ကူး အချိန်ကာလဖြစ်တဲ့အတွက် နှစ်စဉ်ဖြစ်နေကျအတိုင်း၊ နှစ်နိုင်ငံ ကုန်သွယ်စီးဆင်းမှုကတော့ ပွဲတော်ရက်အတွင်းမှာ လျော့နည်းနေဦးမှာဖြစ်ပါတယ်၊ ပွဲတော်ပြီးလို့ ဖေဖော်ဝါရီလလောက်ဆိုရင်တော့ ကုန်စည်စီးဆင်းမှု ပုံမှန်အတိုင်း ပြန်ဖြစ်လာမယ်လို့ ထင်ပါတယ်”ဟု ပြောသည်။

### နေ့စဉ်တင်ပို့လျက်ရှိ

မူဆယ်နယ်စပ်တွင် တရုတ်-မြန်မာ နှစ်နိုင်ငံအကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ကုန်ပစ္စည်း စစ်ဆေးရေးကွင်းအတွင်းသို့ ယခင် ရက်ပိုင်း၊ လပိုင်း တရုတ်နှစ်သစ်ကူးမတိုင်ခင် တရုတ်နိုင်ငံမှ ကန့်သတ်ပိတ်ပင်ထားသည့် မြန်မာဘက်မှ ကုန်ပစ္စည်း တချို့ကလွဲ၍ ဆန်၊ ပဲအမျိုးမျိုး၊ ရော်ဘာ၊ ကြက်သွန်နီ၊ နှမ်းအမျိုးမျိုး၊ လယ်ယာထွက်ကုန် ပစ္စည်းများ၊ နနွင်းတက်၊ ငရုပ်သီးခြောက်၊ ငါးရှဉ့်၊ ကဏန်း၊ ဖရဲ၊ သခွား၊ သရက်၊ ကျောက်မျက်ချော၊ ကျွဲ၊ နွားအရှင်၊ ဆိတ်အရှင်၊ သဘာဝတွင်းထွက် ပစ္စည်းအမျိုးမျိုး စသည့်ကုန်ပစ္စည်းများ တရုတ်နိုင်ငံဘက်သို့ နေ့စဉ် တင်ပို့လျက်ရှိပြီး တရုတ်နိုင်ငံဘက်မှ သွင်းကုန်အဖြစ် အိမ်ဆောက်ပစ္စည်း၊ သံထည်ပစ္စည်းများ၊ ကော်ပိုက်လုံးများနှင့် ကော်နှင့်ပတ်သက်သည့် ပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းများ၊ စက်ပစ္စည်းအမျိုးမျိုး၊ ကလေးကစားစရာအရုပ်အမျိုးမျိုး၊ လယ်ယာသုံး ပစ္စည်းများ၊ ယာဉ်ယန္တရားများ၊ မော်တော်ဆိုင်ကယ်များနှင့် စက်ဘီးများ၊ Skynet ပစ္စည်းများ၊ တရုတ်နိုင်ငံဒေသထွက် အသီးအမျိုးမျိုး၊ ခတ်မြေသြဇာနှင့် မြေဆီ စသည့် ကုန်ပစ္စည်းများ တင်သွင်းမှုရှိပြီး ပို့ကုန်/သွင်းကုန် နှစ်ခုပေါင်း တစ်ရက်လျှင် ကုန်တင်ကား အစီးရေ ၁၀၀၀ ခန့် အဝင် အထွက်ရှိကြောင်း သိရသည်။



မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အတွင်း ဝင်ရောက်လာသည့် ကုန်တင်ယာဉ်များကို တွေ့ရစဉ်။

“အခုဆိုရင် နှစ်သစ်ကူးနီးနေပြီ ဖြစ်တဲ့အတွက် တရုတ်ကုန်သည်တွေလည်း တော်တော်များများ နားကုန်ကြပြီ၊ ကုန်ပစ္စည်းတွေကလည်းရှား၊ ကုန်တင်ကားခတွေကလည်း ငါးသိန်းဝန်းကျင် လောက်ထိထိုးကျသွားတယ်၊ အခုရက်ပိုင်း ကျယ်ဂေါင်ထဲမှာ ကုန်ပစ္စည်း မရှိသလောက်ဖြစ်နေပြီး။ ရှိတဲ့ ကုန်ပစ္စည်းနဲ့ ရောက်နေတဲ့ ကုန်တင်ကားတွေနဲ့တောင် မမျှတော့ဘူး။ ဒီအတိုင်းဆိုရင် နောက်တစ်ခေါက် ပြန်တက်ဖို့ဆိုတာ နှစ်သစ်ကူးပြီးမှပဲ အဆင်ပြေတော့မယ်။ ဒါပေမယ့် ကျွန်တော်တို့ ကားဆရာတွေအနေနဲ့တော့ ညနေ ၄ နာရီနောက်ပိုင်းမှ ဂျူတီရတယ်ဆိုရင်တော့ မန္တလေးဘက်ကို ဆက်ထွက်ဖို့ဆိုတာ လမ်းခရီး အနေအထားအရဆိုရင် အခက်အခဲဖြစ်ပါတယ်။ ဒါကြောင့် ကုန်သွယ်ရေးဇုန်အနေနဲ့ ဂျူတီဆောင်တာကို တတ်နိုင်သလောက် အမြန်ဆုံး ဆောင်ရွက်ပေးစေချင်ပါတယ်”ဟု ကုန်တင်ကားဆရာများက ပြောသည်။

အဆိုပါ ကုန်တင်ကားများ ဝင်ရောက်သွားလာမှု လျော့နည်းသွားသည့်အတွက် ကုန်သွယ်ရေးဇုန် အတွင်း ကုန်တင်ကုန်ချလုပ်ကိုင် ဆောင်ရွက်နေသည့် အလုပ်သမားများ၏ လုပ်အားခများလည်း ကျဆင်းသွားခဲ့ကြောင်း သိရသည်။

### ပုံမှန်ဝင်ရောက်

တရုတ်နှစ်သစ်ကူး နီးပြီဖြစ်သည့်အတွက် နှစ်နိုင်ငံသစ်သီး ရောင်းဝယ်မှုနှင့်ပတ်သက်၍ အရှေ့မြောက်တံခါး အများပိုင် သစ်သီးကုမ္ပဏီမှ သစ်သီးအေးဂျင့် ဥက္ကဋ္ဌ ဦးစိန်မောင်က “ကျွန်တော်တို့ နှစ်နိုင်ငံ အသီးရောင်းဝယ်ရေးကို နေ့စဉ် နံနက် ၇ နာရီကနေ ၁၀ နာရီဝန်းကျင် လောက်အထိ ပြုလုပ်နေတာဖြစ်ပါတယ်။ လောလောဆယ် တရုတ်နှစ်သစ်ကူးနီးပေမယ့် အသီးကားတွေကတော့ ပုံမှန်ဝင်ရောက်ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့နှစ် ကာလတူ ဒီလိုအချိန်ဆိုရင်တော့ တစ်ရက် တစ်ရက်ကို ဖရဲသခွား အသီးကား အစီးရေ ၄၀၀ ကျော် ၅၀၀ ထက်မနည်း ဝင်ရောက်ရောင်းချခဲ့ပါတယ်” ဟု ပြောသည်။ **သန့်ဇင် (မူဆယ်)**



အင်းလေးကန် အနောက်ပတ်လမ်းကို ကျေးလက်လမ်းဦးစီးက စက်ယန္တရားများဖြင့် ဖောက်လုပ်နေမှုကို တွေ့ရစဉ်။

## အင်းလေးကန် အနောက်ပတ်လမ်း ကျေးလက်လမ်းဦးစီးက တာဝန်ယူဖောက်လုပ်

**ရန်ကုန် ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် ဖောင်တော်ဦး မြတ်စွာဘုရားများ ကိန်းဝပ်စံပယ်တော်မူသည့် အင်းလေးကန်အနောက်ပတ်လမ်း ၂၆ မိုင်ကို ပြည်ထောင်စုအစိုးရခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဖောက်လုပ်လျက်ရှိသည်။

အဆိုပါလမ်းသည် ယခင်ကလမ်းမပေါက်သေးသည့် အင်းလေးကန် အနောက်ဘက် တစ်လျှောက် ဖောက်လုပ်ထားသည့် အင်းလေးကန် အနောက်ပတ်လမ်းဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ တောင်ကြီးခရိုင်ကျေးလက်လမ်းဦးစီးဌာနက တာဝန်ယူဖောက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၅မိုင် ၃ဖာလုံ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၄ မိုင် ၇ဖာလုံတို့ကို ကတ္တရာလမ်းအဆင့်အထိဖောက်လုပ်ပေးခဲ့ပြီး ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၄မိုင် ၇ဖာလုံကို ကတ္တရာလမ်းအဆင့်ရောက်သည်အထိ ဖောက်လုပ်သွားမည်ဖြစ်သည်။

အဆိုပါလမ်းမှာ တောင်လေးလုံး-ခေါင်တိုင်မှစတင်ပြီး ခေါင်တိုင်မှ အင်းတိမ်၊ အင်းတိုင်မှ မော့်ဘီအထိ ၂၆ မိုင်ရှိသည်။ ညောင်ရွှေ၊ မော့်ဘီ၊ ပင်လောင်းလမ်းတို့နှင့် ဆက်သွယ်ပေးမည့်ကျေးလက်လမ်းဖြစ်သည်။ အဆိုပါ လမ်းပြီးသွားလျှင် အင်းလေးကန်ဒေသမှ ကျေးရွာ ၂၄ ရွာ၊ အိမ်ခြေ ၂၂၄၃ အိမ်၊ ကျေးလက်လူဦးရေ ၁၀၆၆၉၈ ဦးတို့အား အကျိုးပြုမည်ဖြစ်သည်။

**ခရမ်းစိုးမြင့်**

## သဘာဝဘေး လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး

**မိုးမောက် ဇန်နဝါရီ ၂**

ကချင်ပြည်နယ် မိုးမောက်မြို့ အ.မ.က မူလွန်(မံပုံ) ကျောင်းတွင် ယနေ့ နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်ကာ ကလေးသူငယ်များအတွက် သဘာဝဘေး အန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအခမ်းအနားကျင်းပရာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမိုင်းမြတ်ထွန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်က အမှာစကားပြောကြားကြသည်။

ဆက်လက်ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူ ထိုက်က မီးသတ်ဆေးဘူး နှစ်ဘူးပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးထွေးက လက်ခံရယူကာ ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ထို့နောက် ဂိမ်းကစားနည်း ၁၀မျိုးတွင် တစ်မျိုးလျှင် ကျောင်းသား/ကျောင်းသူ ၁၀ ဦးစီနှင့် စုစုပေါင်း ၁၀၀ တို့ဖြင့် စာသင်ကျောင်းခန်းမ၊ ကျောင်းပြင် ဘောလုံးကွင်းတွင် ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရေစကြိုတွင် ကမ်းပြိုဘေးသင့်ခဲ့သော ပြည်သူများအား ထောက်ပံ့

**ရေစကြို ဇန်နဝါရီ ၂**

ရေစကြိုမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ယနေ့ ညနေ ၃ နာရီက ချင်းတွင်းမြစ်ရေ တိုက်စားမှုကြောင့် ကမ်းပြိုဘေးသင့်ဖြစ်ပွားခဲ့သော နွယ်နီကျေးရွာအုပ်စု နွယ်နီကျွန်းကျေးရွာကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ **(ယာပုံ)**





အဆိုပါ ကမ်းပြိုဘေးသင့်ဖြစ်ပွားခဲ့သော အိမ်ခြေ ရှစ်လုံး၊ အိမ်ထောင်စု ရှစ်စု၊ လူဦးရေ ၂၈ ဦးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် ၈၀၀၀၀၀ နှင့် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၅၈၈၀၀ စုစုပေါင်း ငွေကျပ် ၈၅၈၀၀၀ တို့အား ဘေးအန္တရာယ်ဆိုင်ရာစီမံ ခန့်ခွဲမှုဦးစီးဌာန ရေစကြိုမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက နွယ်နီကျွန်းကျေးရွာ အုပ်ချုပ်ရေးမှူးထံသို့ လက်ဝယ်အရောက် ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ယာဉ်စည်းကမ်း လမ်းစည်းကမ်း ချိုးဖောက်သည့် ယာဉ်များအား အရေးယူဆောင်ရွက်မည်

ရန်ကုန်မြို့တော်အတွင်း ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုများ မဖြစ်ပေါ်စေရေးနှင့် မော်တော်ယာဉ်မောင်းနှင်သူများ ယာဉ်စည်းကမ်းလမ်းစည်းကမ်း လိုက်နာစေရေးအတွက် ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေ ၁၅၃(ဆ) အရ မည်သည့်ယာဉ်မဆို လမ်းဆုံ/လမ်းခွအတွင်း၊ လမ်းထောင့်/လမ်းကွေ့အတွင်း၊ အဝိုင်းပတ်အတွင်း၊ ရထားလမ်းပေါ်၊ လမ်းနံဘေးနှင့် ကပ်လျက်ရှိသော ယာဉ်ကြောမှအပ ကျန်ယာဉ်ကြောများအတွင်း၊ ကျောင်း၊ ဆေးရုံအဝင်ဝ၊ တံတား၊ လမ်းကျဉ်းအဝင်ဝနှင့်အတွင်း၊ ဘတ်စ်ကားမှတ်တိုင်အတွင်း၊ တောင်ကုန်း၊ ရပ်ဆိုင်း(သို့မဟုတ်) ရပ်နားထားသောယာဉ်နှင့် ဘေးချင်းယှဉ်သည့်နေရာ၊ မျဉ်းဖြူနှစ်ကြောင်းရှိသော လမ်းနံဘေး၊ တစ်လမ်းမောင်းလမ်းသွယ်အတွင်း လမ်းလက်ဝဲ ဘက်နေရာများနှင့် မော်တော်ယာဉ်နည်းဥပဒေ ၁၅၃(ဈ) အရ မည်သည့်ယာဉ်မဆို ယာဉ်ထိန်းအချက်ပြမီးတိုင်၊ လမ်းညွှန်ဆိုင်းဘုတ်၊ ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊ လူကူးမျဉ်းကြားအနီးနှင့် အနီအဖြူကျား အမှတ်အသားပါရှိသော ကပ်တုံးနှင့် တိုင်နေရာတို့တွင် ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်းမပြုရ၊ အဝါအနက်ကျား အမှတ်အသားပါရှိသော ကပ်တုံးနှင့် တိုင်နေရာတို့တွင် ရပ်နားခြင်းမပြုရခြင်းတို့အား ပညာပေးခြင်း၊ မော်တော်ယာဉ် နည်းဥပဒေအရ အရေးယူဆောင်ရွက်ခြင်းများဖြင့် ဆောင်ရွက်နေသော်လည်း ယာဉ်မောင်းနှင်သူများအနေဖြင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ချိုးဖောက်မှုများရှိနေသောကြောင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ချိုးဖောက်သည့် ယာဉ်များအား ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

(ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ)

# ရန်ကုန်မြစ်ကမ်းတစ်လျှောက် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် နိုင်ငံပိုင်မြေနေရာရှားပါးလျက်ရှိဟု သိရ

ရန်ကုန် ဇန်နဝါရီ ၂

**ရန်ကုန်တိုင်းဒေသကြီးတွင် ခရီးသွားလုပ်ငန်းများမြှင့်တင်နိုင်ရန် တိုင်းဒေသကြီးအစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဆိပ်ကမ်းများကို ပိုင်ဆိုင်ထားသော ရန်ကုန်မြို့တွင် ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်စေမည့် ရန်ကုန်မြစ်ကမ်းတစ်လျှောက် အပန်းဖြေဥယျာဉ်များနှင့် ဆည်းဆာအလှကြည့်ရှုရန် နေရာများတည်ဆောက်ရန် မျှော်မှန်းထားသော်လည်း နိုင်ငံပိုင်မြေနေရာရှားပါးလျက် ပုဂ္ဂလိကပိုင်နေရာများသာ နေရာယူထားကြောင်း သိရသည်။**



ရန်ကုန်မြစ်ကမ်းတစ်လျှောက် တွေ့ရစဉ်။

ခရီးသွားလုပ်ငန်းမှာ နိုင်ငံတိုင်းအတွက် မီးခိုးတိတ်ဝင်ငွေရရှိသော လုပ်ငန်းဖြစ်ရာ အိမ်နီးချင်းနိုင်ငံတို့တွင် ပြည်တွင်း ပြည်ပခရီးသွားလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေရရှိလျက်ရှိပြီး ထိုသို့ရရှိရန် ခရီးသွားများ စိတ်ဝင်စားစေမည့် သဘာဝပတ်ဝန်းကျင်နှင့် ရှေးဟောင်းအမွေအနှစ်၊ မြို့ပြအမွေအနှစ်တို့ကို ထိန်းသိမ်းလျက် ခရီးသွားများကို ဆွဲဆောင်နိုင်သောသဘာဝအလှကို ကြည့်ရှုခံစားနိုင်မည့် အပန်းဖြေဥယျာဉ်၊ ကလေးကစားကွင်းနှင့် ရေပေါ်ဈေးများကို တည်ဆောက်ကာ မြို့ပြပုံရိပ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်လျက်ရှိသည်။

ရန်ကုန်မြို့တွင် ပန်းဆိုးတန်းမှ ရွှေပြည်သာတံတားအထိ မြစ်ကမ်းတစ်လျှောက်တွင် ရန်ကုန်မြစ်ကြီးနှင့် လိုက်ဖက်သော ခရီးသွားလုပ်ငန်းများကို ဖော်ဆောင်နိုင်ပါက ယခုထက် ပြည်ပနိုင်ငံများ ပိုမိုစိတ်ဝင်စားသော ရန်ကုန်မြို့၌ စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ရာ မြေယာပိုင်ဆိုင်သူတို့ ဖော်ဆောင်သော မြစ်ကမ်းတစ်လျှောက် သာယာလှပရေးမှ မြို့ပြအလှကိုပေါ်လွင်စေလျက် နှစ်စဉ်ဝင်ငွေကောင်းသောလုပ်ငန်းများအဖြစ်ပေါ်ထွန်းလာစေမည်ဖြစ်သည်။

“ ရန်ကုန်မြစ်ပြင်မှာ အပျော်စီးသင်္ဘောတွေ သွားလာတာကို အားပေးတယ်။ ရန်ကုန်မြစ်ကမ်းတစ်လျှောက်မှာ အစိုးရပိုင်မြေနေရာတော်တော်ရှားသွားပြီ။ နေရာတော်တော်များများမှာ ပုဂ္ဂလိကပိုင်တွေပဲ ဖြစ်နေတယ်ဆိုတော့ နေဝင်ဆည်းဆာအလှကြည့်ဖို့နေရာကအစ ပုဂ္ဂလိကပိုင်တွေ ရင်းနှီးမြှုပ်နှံဖို့ တွန်းအားပေးလို့ပဲရမယ်။ ခရီးသွားကဏ္ဍအတွက် အပျော်စီးသင်္ဘောလုပ်ငန်းနဲ့ ပတ်သက်တဲ့သက်ဆိုင်ရာလုပ်ငန်းလိုင်စင် လိုအပ်ရင်တော့ လွယ်လင့်တကူ ဆောင်ရွက်ပေးပါတယ်”ဟု တိုင်းဒေသကြီး လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောသည်။

ရန်ကုန်မြစ်ကမ်းတစ်လျှောက်တွင် ခရီးသွားများကို ဆွဲဆောင်နိုင်သော ပန်းဥယျာဉ်နှင့်အပန်းဖြေအနားယူရာနေရာများ တည်ဆောက်ရန် နေရာများစွာကျန်ရှိလျက်ရှိပြီး မြစ်ကမ်းဘေးတွင် အိမ်ရာစီမံကိန်းအချို့ ဖော်ဆောင်မှုနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ မြစ်ကြောင်းနှင့်မြစ်ကူးတံတားများကို ထိခိုက်စေမှု၊ မြစ်ကမ်းပါးများပြိုကျလာမှုကို အထူးကြပ်မတ်ထိန်းသိမ်းခြင်းဖြင့် ရန်ကုန်မြစ်ကြီးနှင့်မြစ်ကမ်းတစ်လျှောက် သာယာလှပမှုကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် မြစ်ကမ်းတစ်လျှောက် ခရီးသွားမြှင့်တင်ရေး ကဏ္ဍကို ဖော်ဆောင်လိုသော်လည်း မြစ်ကမ်းတစ်လျှောက် ပုဂ္ဂလိက ပိုင်ဆိုင်မှုများက နေရာယူထားကြောင်း သိရသည်။

**သန်းထိုက်**

**ဓာတ်ပုံ - သန်းစိုး**

# နိုင်ငံတကာ နှစ်သစ်ကူးအားလပ်ရက်အတွင်း ကော့သောင်းမြို့နယ် ပင်လယ်အပန်းဖြေကျွန်းများသို့ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လျက်ရှိ

**ကော့သောင်း ဇန်နဝါရီ ၂**

တနင်္သာရီတိုင်း ဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာနေမှုနှင့်အတူ နိုင်ငံတကာနှစ်သစ်ကူး အားလပ်ရက်များအတွင်း ကော့သောင်းမြို့နယ် အက်ဒမန်ပင်လယ်အတွင်းရှိ အပန်းဖြေကျွန်းများသို့ အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းဧည့်သည်များအပြင် ထိုင်းနိုင်ငံမှတစ်ဆင့် ပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လျက်ရှိသည်ကို ဇန်နဝါရီ ၂ ရက်က မြို့မဆိပ်ကမ်းတံတားတွင် တွေ့မြင်ရသည်။



အက်ဒမန်ပင်လယ်အတွင်းရှိ အပန်းဖြေကျွန်းများသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များအား တွေ့ရစဉ်။

လာရောက်လည်ပတ်ကြသည့် ပြည်တွင်းခရီးသွားဧည့်သည်များမှာ ရန်ကုန်၊ မန္တလေးနှင့် အထက်မြန်မာပြည်မြို့များမှဖြစ်ကြပြီး ပြည်ပခရီးသွား ဧည့်သည်များမှာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိုင်းနိုင်ငံမှတစ်ဆင့် ကော့သောင်းမြို့၏ အထင်ကရ သမိုင်းဝင်နေရာများဖြစ်သည့် ယခင် ဗစ်တိုးရီးယားပွိုင့်(ခေါ်)ဘုရင့်နောင်အငူ၊ ဘုရင့်နောင် မင်းတရားကြီးရုပ်တု ကုန်းမြေ၊ မြို့ကျက်သရေဆောင် ပြည်တော်အေးစေတီတော်၊ ၅၅၅ တောင် ဗျူးပွိုင့်၊ မလိဝမ်းသဘာဝရေတံခွန်၊ သဘာဝရေပူစမ်းနှင့် ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်းရှိ သာယာလှပသည့် သဘာဝအလှမပျက်ယွင်းသေးသည့် ငှက်သိုက်ကျွန်း၊ ညောင်ဦးဖီးကျွန်း၊ စေတန်ကျွန်း၊ မြင်းခွာကျွန်း၊ စောင်းကောက်ကျွန်း၊ ကြက်မောက်ကျွန်း(ခ)အသည်းပုံကျွန်းနှင့် ခရင်းခွကျွန်း စသည့်နေရာများသို့ အများဆုံးသွားရောက် လည်ပတ်ကြည့်ရှုလေ့လာအပန်းဖြေကြကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

## လွတ်လပ်ရေးနေ့ ဂုဏ်ပြု မီနီမာရသွန်ပြိုင်ပွဲ ကျင်းပနိုင်ရေးဆွေးနွေး

**မော်လူး ဇန်နဝါရီ ၂**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အောင်သပြေ အလွတ်တန်း မီနီမာရသွန်ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို အင်းတော်မြို့နယ် အောင်သပြေ အားကစားကွင်းတွင် ဇန်နဝါရီ ၂ ရက်က ကျင်းပသည်။

“(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုတဲ့အနေနဲ့ မီနီမာရသွန်ပြိုင်ပွဲကို ပြုလုပ်ခဲ့တာပါ။ ပြိုင်ပွဲဝင်မယ့် အမျိုးသမီးက ၁၅၀၊ အမျိုးသားက ၂၀၀ စုစုပေါင်း ၃၅၀ ပါဝင်ယှဉ်ပြိုင်ကြပြီး အခြားပျော်ပွဲရွှင်ပွဲတွေလည်း ထည့်သွင်းကျင်းပသွားမှာပါ”ဟု ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီဝင် ဦးထွန်းထွန်းဦးက ပြောသည်။

အဆိုပါပြိုင်ပွဲကို တာထွက်အနေဖြင့် ပင်ဝဲကျေးရွာမှ စတင်ထွက်ခွာပြီး မော်လူးမြို့ မင်းဧယျာရပ်ကွက် ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ ဆန်းဝင်းကဖေးဆိုင်အထိ ၁၀ မိုင် အကွာအဝေးကို အမျိုးသားများကလည်းကောင်း၊ အမျိုးသမီးများအတွက် ၆ မိုင်အထိ သတ်မှတ်ထားကြောင်း၊ ယင်းအပြင် ယူ-၁၅ ဘောလုံးပြိုင်ပွဲ၊ အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ လွန်ဆွဲပွဲ စသည့်ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**နီတိုး**

# ဘုတလင်မြို့နယ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၆၀၀ ကျော်ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၁၇ ခု ဆောင်ရွက်မည်

**ဘုတလင် ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၆၀၀ ကျော်ဖြင့် ကွန်ကရစ်တံတားသုံးစင်းနှင့် ကျေးလက်ကျောက်ချောလမ်းများ အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၁၇ ခု ဆောင်ရွက်မည်ဖြစ်ကြောင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သဇင်အောင်ထံမှ သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဘုတလင်-မောင်းထောင်လမ်းပေါ်ရှိ ရေကျော်အား ကွန်ကရစ်တံတားနှင့် ချဉ်းကပ်လမ်း၊ ဘုတလင်-ယုန်လေးကုန်းလမ်းပေါ်တွင် ကွန်ကရစ်တံတား၊ ဝန့်တုံလမ်းပေါ်တွင် ကွန်ကရစ်တံတား၊ တွင်းတော်-ရွှေစာရေးလမ်းပေါ်တွင် ရေကျော်၊ တဲစု-မြို့သစ်ချောင်း-ပေပင်သာ လမ်းပေါ်တွင် ရေပြွန်တံတားနှစ်စင်း၊ မောင်းထောင်-ကျောင်းရွာလမ်းပေါ်တွင် ရေပြွန်တံတား နှစ်စင်း၊ မွန်တော-ကူတော် မြေ+ဂျင်းလမ်း၊ မဒိုင်ကျင်းရွာအဝင် မြေ+ဂျင်းလမ်း၊ တဲစု(ရွာသစ်)မှ မြို့သစ်ချောင်း-ပေပင်သာသို့ ဆက်သွယ်သောလမ်းအား မြေ+ဂျင်းလမ်း စသည့်လုပ်ငန်း ကိုးခု ဆောင်ရွက်မည်ဖြစ်သည်။

အလားတူ ကျောက်ချောလမ်းအဖြစ် ဘုတလင်-ကံသာ-ကုန်းသာ၊ တွင်းတော်-ရွှေစာရေး၊ ဘုတလင်-တက်လှိုင်း ဆောင်ရွက်ပြီး ဆည်ဝ-စီပါလမ်း တာပေါင်ချဲ့ခြင်း၊ မောင်းထောင် - ကျောင်းရွာ၊ ထန်းတော-ရုံးသာ၊ ယုန်လေးကုန်း - သမ္ဘတောနှင့် သားဖန်း-ကုက္ကိုကျင်းတို့ကို ဂျင်းလမ်း စသည့်လုပ်ငန်း ရှစ်ခု ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ဖိုးခါး(ပြန်/ဆက်)**

# ဒီလိုပြိုင်ပွဲတွေ ကျင်းပပေးနေတာ ကောင်းပါတယ်။ ကျွန်တော်တို့ အလွန်ပဲဝမ်းသာတယ်။ ဓာတ်ပုံသမားတွေအတွက်လည်း အထောက်အပံ့အများကြီး ဖြစ်ပါတယ်။

ဦးကျော်ကျော်ဝင်း
မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၀ ပြည့်နှစ် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "နိုင်ငံ၏ တန်ဖိုး လူမျိုး၏ ဂုဏ်သိက္ခာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ Pan Pacific ဟိုတယ်၌ ကျင်းပခဲ့သည်။**


ဦးကျော်ကျော်ဝင်း
မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ


လှမိုးနိုင်(Ko Sat)
ဓာတ်ပုံပြိုင်ပွဲ ပထမဆုရ


မောင်ဖြိုးမောင်မောင်(ရွှေဘို)
ပို့စကတ်ပြိုင်ပွဲ ပထမဆုရ

အဆိုပါအခမ်းအနားသို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်း၊ ဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ လှမိုးနိုင်(Ko Sat)နှင့် ပို့စကတ်ပြိုင်ပွဲတွင် ပထမဆုရ မောင်ဖြိုးမောင်မောင်(ရွှေဘို)တို့၏ စကားသံများကို ဖော်ပြလိုက်ပါသည်။

**ဦးကျော်ကျော်ဝင်း**
**မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌ**

ပြန်ကြားရေးဝန်ကြီးဌာနက နှစ်စဉ်ကျင်းပနေတဲ့ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲကတော့ ပြည်တွင်းက ဓာတ်ပုံဆရာတွေအတွက် အခွင့်အလမ်းတစ်ရပ်ပါ။ ပြိုင်ပွဲမှာဆုရတာက ပြည်တွင်းက ဓာတ်ပုံဆရာတွေအတွက် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းကနေပြီး ချီးမြှင့်နေတဲ့ ဘွဲ့တံဆိပ်တွေရဖို့အတွက်လည်း အထောက်အပံ့တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းက ဓာတ်ပုံပညာနဲ့ပတ်သက်ပြီး ဘွဲ့တံဆိပ်တွေချီးမြှင့်တဲ့ အခါမှာ နိုင်ငံတော်အဆင့် ဓာတ်ပုံပြိုင်ပွဲတွေမှာရတဲ့ ဆုတွေ၊ နိုင်ငံတကာပြိုင်ပွဲတွေမှာ ရတဲ့ဆုတွေ၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းက ကျင်းပတဲ့ လပတ်ပြိုင်ပွဲ၊ သုံးလပတ်ပြိုင်ပွဲ အဲဒီလိုပြိုင်ပွဲတွေမှာ ရတဲ့ဆုတွေရဲ့ အမှတ်တွေကို အမှတ်အရေအတွက်နဲ့တွက်ပြီး ဘွဲ့တွေ ချီးမြှင့်တာဖြစ်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနက နှစ်စဉ် ကျင်းပနေတဲ့ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲမှာ ဆုရရှိခြင်းဟာ မြန်မာနိုင်ငံဓာတ်ပုံအသင်းက ချီးမြှင့်နေတဲ့


လှမိုးနိုင်(Ko Sat)၏
ပထမဆုရဓာတ်ပုံ

ဘွဲ့တံဆိပ်တွေရဖို့အတွက် အမှတ်ရဖို့အတွက်လည်း ဓာတ်ပုံဆရာတွေကို အထောက်အပံ့ဖြစ်ပါတယ်။ အခုဆိုရင် ဓာတ်ပုံပြိုင်ပွဲမှာ နှစ်စဉ်နှစ်တိုင်း ယှဉ်ပြိုင်လာကြတာ ဓာတ်ပုံပညာရှင်တွေလည်း ဆုရကြသလို၊ မျိုးဆက်သစ်တွေလည်း အများကြီးပေါ်လာပါတယ်။ ဒီနေ့ဆိုရင် လူငယ်လေးတစ်ယောက်လည်း ဆုရတယ်။ ဒါကလည်း နိုင်ငံ့အတွက်၊ မြန်မာနိုင်ငံ ဓာတ်ပုံလောကအတွက် မျိုးဆက်သစ်တစ်ယောက် ပေါ်ထွန်းလာတာပဲ ဖြစ်ပါတယ်။

ဓာတ်ပုံသမားဖြစ်တဲ့အတွက် ပြိုင်ပွဲတွေကတော့ လိုအပ်တယ်။ ဓာတ်ပုံပြိုင်ပွဲတွေ ရှိမှ၊ ဝင်ရောက်ယှဉ်ပြိုင်ကြမှ ပြိုင်ပွဲတွေမှာ ဆုရတဲ့ဓာတ်ပုံတွေကို ကြည့်ပြီးတော့ ဓာတ်ပုံပညာ တိုးတက်ဖို့အတွက် အထောက်အပံ့ ဖြစ်ပါတယ်။ ကိုယ်တိုင် ကြိုးစားအားထုတ်နေတာလည်း တစ်ပိုင်းပေါ့၊ ပြိုင်ပွဲတွေမှာ ဆုရအောင် ယှဉ်ပြိုင်နိုင်တဲ့ ကြိုးစားအားထုတ်မှုကလည်း ဓာတ်ပုံပညာတိုးတက်ဖို့ အထောက်အပံ့အများကြီး ဖြစ်စေပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနက ဒီလိုပြိုင်ပွဲတွေ ကျင်းပပေးနေတာ ကောင်းပါတယ်။ ကျွန်တော်တို့ အလွန်ပဲဝမ်းသာတယ်။ ဓာတ်ပုံသမားတွေအတွက်လည်း အထောက်အပံ့အများကြီး ဖြစ်ပါတယ်။ ပိုပြီး ဖြစ်စေချင်တာက မြန်မာနိုင်ငံအနေနဲ့ အာဆီယံအဆင့်အနေနဲ့ပဲဖြစ်ဖြစ်၊ နိုင်ငံတကာနယ်ပယ်ပဲ ဖြစ်ဖြစ်၊ ဓာတ်ပုံပြိုင်ပွဲတွေကို ကျင်းပပေးနိုင်မယ်ဆိုရင် မြန်မာနိုင်ငံ ဓာတ်ပုံလောကအတွက်ရော၊ နိုင်ငံ့အတွက်ရော ပိုပြီးကောင်းမယ်လို့ မျှော်လင့်မိပါတယ်။

ဓာတ်ပုံပြိုင်ပွဲကျင်းပတာက ဓာတ်ပုံဆရာတွေကို ချီးမြှင့်မြှောက်စားတာမျိုးဖြစ်ရင် ပိုကောင်းပါတယ်။ တစ်ခါတလေ ပြိုင်ပွဲဝင်ဓာတ်ပုံတွေ အကုန်လုံးကို အသုံးပြုမယ်ဆိုရင်၊ ဆုရတဲ့ဓာတ်ပုံတွေကိုပဲ သုံးမယ်၊ ဆုမရတဲ့ ဓာတ်ပုံတွေကိုတော့ ဓာတ်ပုံပညာနဲ့ ပတ်သက်ပြီး အသိပညာပေးမယ်ဆိုတာမျိုး လုပ်ပေးနိုင်ရင် ပိုကောင်းမယ်။ ဒီလိုမျိုးပြိုင်ပွဲတွေ ကျင်းပပေးတဲ့ ပြန်ကြားရေးဝန်ကြီးဌာနကို ကျေးဇူးတင်ပါတယ်။

> "ကျွန်တော် ဆုရတဲ့ဓာတ်ပုံလေးက မန္တလေးမှာသွားပြီး ရိုက်ခဲ့တာပါ။ မြန်မာ့ရိုးရာထီး ဖြစ်တဲ့အတွက်၊ ကျွန်တော်တို့ရဲ့ ရိုးရာဖြစ်တဲ့အတွက် ရွေးပြီးရိုက်ဖြစ်တာပါ။ ပထမဆုရတဲ့အတွက် အလွန်ပျော်ပါတယ်။ ဓာတ်ပုံဆရာအားလုံးကို လက်တွဲ ခေါ်သွားချင်ပါတယ်။ အခုလိုပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက် ကောင်းပါတယ်"
>
> လှမိုးနိုင်(Ko Sat)


**လှမိုးနိုင်(Ko Sat)**
**ဓာတ်ပုံပြိုင်ပွဲ ပထမဆုရ**

ပြန်ကြားရေးဝန်ကြီးဌာနက သတင်းစာမှာ ဖိတ်ခေါ်တဲ့ ကြော်ငြာကိုတွေ့ပြီး ဝင်ပြိုင်ဖြစ်တာပါ။ ကျွန်တော် ဆုရတဲ့ဓာတ်ပုံလေးက မန္တလေးမှာသွားပြီး ရိုက်ခဲ့တာပါ။ မြန်မာ့ရိုးရာထီး ဖြစ်တဲ့အတွက်၊ ကျွန်တော်တို့ရဲ့ရိုးရာဖြစ်တဲ့အတွက် ရွေးပြီး ရိုက်ဖြစ်တာပါ။ ပထမဆုရတဲ့အတွက် အလွန်ပျော်ပါတယ်။ ဓာတ်ပုံဆရာအားလုံးကို လက်တွဲခေါ်သွားချင်ပါတယ်။ အခုလိုပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက် ကောင်းပါတယ်။ ကျွန်တော်တို့လည်း ဓာတ်ပုံတွေ မြန်မာနိုင်ငံအနှံ့ လျှောက်ရိုက်ပြီးတော့ ကိုယ့်ရဲ့အနုပညာလေးကို ပြခွင့်ရတဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာနကို အများကြီး ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

> "နိုင်ငံတိုင်းမှာ၊ လူမျိုးတိုင်းမှာ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုတွေ၊ ကိုယ်ပိုင်စာပေတွေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်တွေရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်မြင့်မြတ်တဲ့ သမိုင်းကြောင်းတွေကို ဖော်ကျူးချင်လို့ မြန်မာနိုင်ငံမှာရှိတဲ့ အလှတရားတွေကို ကမ္ဘာကသိအောင် အတတ်နိုင်ဆုံး ကြိုးစားကြည့်တာပါ"
>
> မောင်ဖြိုးမောင်မောင်(ရွှေဘို)

**မောင်ဖြိုးမောင်မောင်(ရွှေဘို)**
**ပို့စကတ်ပြိုင်ပွဲ ပထမဆုရ**

ဆုရတဲ့ပုံလေးကို ကျွန်တော် ရွှေဘိုမြို့မှာ အောင်မြေဟိတရေကျောင်းတိုက်က ဆံရစ်ပိုင်းလေးတွေနဲ့ ရွှေဘိုနန်းတော်ထဲမှာ ရိုက်ခဲ့ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတိုင်းမှာ၊ လူမျိုးတိုင်းမှာ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုတွေ၊ ကိုယ်ပိုင်စာပေတွေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်တွေရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်မြင့်မြတ်တဲ့သမိုင်းကြောင်းတွေကို ဖော်ကျူးချင်လို့ မြန်မာနိုင်ငံမှာရှိတဲ့ အလှတရားတွေကို ကမ္ဘာကသိအောင် အတတ်နိုင်ဆုံး ကြိုးစားကြည့်တာပါ။ ဒီလိုပြိုင်ပွဲတွေ ကျင်းပပေးတာဟာ ဓာတ်ပုံဆရာတွေကို ချီးမြှောက်ပေးတာသာမက နိုင်ငံရဲ့တန်ဖိုး၊ နိုင်ငံရဲ့ပုံရိပ်ကို မြှင့်တင် ပေးတာပဲ ဖြစ်ပါတယ်။


မောင်ဖြိုးမောင်မောင်(ရွှေဘို)၏
ပထမဆုရ ပို့စကတ်

နောက်ထပ် ဓာတ်ပုံပြိုင်ပွဲတွေလည်း များများဖိတ်ခေါ်ကျင်းပပေးပြီးတော့ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ အလှတွေ၊ မြန်မာနိုင်ငံရဲ့အလှတွေကို ကမ္ဘာသိအောင် ထုတ်ဖော်ပြသခွင့် ထပ်ရချင်ပါသေးတယ်။ ကျွန်တော်တို့ မရောက်ဖူးသေးတဲ့ နေရာဒေသတွေ၊ မြန်မာနိုင်ငံမှာရှိတဲ့ ညီအစ်ကိုတိုင်းရင်းသားအလှတရားတွေကို တစ်နေရာတည်းမှာ ကြည့်ရှုခွင့်ရတဲ့အတွက်၊ ကမ္ဘာသိအောင် ချပြနိုင်ဖို့ရာ ကြိုးစားတာကို မြင့်ရတဲ့အတွက် အလွန်ပီတိဖြစ်ပါတယ်။ အလွန်ဂုဏ်ယူပါတယ်။

ဆုရတဲ့အတွက် ဒီဓာတ်ပုံပြိုင်ပွဲအတွက် အစစအရာရာ ကူညီပေးတဲ့သူတွေရော၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြိုင်ပွဲကျင်းပပေးတဲ့ တာဝန်ရှိသူများ အားလုံးကို ကျေးဇူးတင်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ အလှအပတွေ၊ ယဉ်ကျေးမှုတွေကို ကမ္ဘာသိအောင်လို့ နောက်ထပ်အထပ်ထပ် ဆတက်ထမ်းပိုး တခြားဓာတ်ပုံပညာရှင်တွေကိုလည်း ဖော်ထုတ်ပေးဖို့၊ ရိုက်ကူးယှဉ်ပြိုင်ခွင့်ပေးဖို့ အကြံပြုချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# တတိယအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာအရောင်းအဝယ်ပွဲနှင့် လက်ဝတ်ရတနာပြပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂**

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)၏ တတိယအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာအရောင်းအဝယ်ပွဲနှင့်လက်ဝတ်ရတနာပြပွဲကို ရန်ကုန်မြို့ လိုတီးဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲ ကျင်းပမည့်အကြောင်းနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ လိုတီးဟိုတယ်၌ ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ရာ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)နှင့် ပြပွဲဖြစ်မြောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်းဇော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်များနှင့်ပတ်သက်၍ အကျဉ်းချုပ်ပြောကြားသည်။ ထို့နောက် အသင်း၏ဘဏ္ဍာရေးမှူး ဦးသီဟန်သိန်းက ပြပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ ပြပွဲအကြောင်း ကမ္ဘာ့ဈေးကွက်တွင် ပိုမိုပျံ့နှံ့သိရှိလာစေရန်နှင့် နိုင်ငံတကာကျောက်မျက်ရတနာကုန်သည်များ လာရောက်ဝယ်ယူနိုင်ရေးအတွက် လုပ်ဆောင်ထားမှုများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံဆောင်ရွက်ထားရှိမှုများအကြောင်းကို အသင်းတာဝန်ရှိသူများက သတင်းမီဒီယာများကို ရှင်းလင်းပြောကြားခဲ့သည်။



တတိယအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာအရောင်းအဝယ်ပွဲနှင့် လက်ဝတ်ရတနာပြပွဲနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

"ကျွန်မတို့ တိုင်းပြည်ကထွက်တဲ့ ကျောက်မျက်ရတနာတွေနဲ့ပတ်သက်ပြီး နိုင်ငံအတွင်းမှာ ကျောက်မျက်ရတနာဈေးကွက် ရာနှုန်းပြည့်ဖြစ်ထွန်းပေါ်ပေါက်လာစေဖို့နဲ့ မြန်မာ့မြေကထွက်တဲ့ ကျောက်မျက်ရတနာတွေနဲ့ပတ်သက်ပြီး ကိုယ့်မြေမှာပဲ ဂုဏ်ယူဝင့်ကြွားစွာ ရောင်းချချင်ပါတယ်။ ပြီးတော့ ကျောက်မျက်ရတနာက ရရှိတဲ့အခွန်နဲ့ နိုင်ငံတော်တည်ဆောက်ရေးမှာ တစ်ဖက်တစ်လမ်းကနေ ပါဝင်ချင်တဲ့အတွက် အခုလိုကျင်းပဖြစ်တာပါ" ဟု ပြပွဲကျင်းပရခြင်းအကြောင်းနှင့်ပတ်သက်၍ အသင်း၏ ဒုတိယဥက္ကဋ္ဌ(၄) ဒေါ်မြင့်သက်နိုင်က ပြောကြားခဲ့သည်။

ပြပွဲကို ဇန်နဝါရီ ၁၀ ရက်မှ ၁၃ ရက်အထိ နံနက် ၁၀ နာရီမှ ည ၈ နာရီအထိ ခင်းကျင်းပြသမည်ဖြစ်ပြီး ပြည်တွင်းပြည်ပ ဝယ်ယူရောင်းချသူများမှ မျက်မြင်စနစ်ဖြင့် ဈေးနှုန်းညှိနှိုင်းပြီး တိုက်ရိုက်ရောင်းဝယ်သည့်စနစ်နှင့် အိတ်ပိတ်လေလံစနစ်များဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဝယ်ယူသော ကျောက်မျက်ရတနာများ စစ်မှန်မှု ရှိ/မရှိကို အလွယ်တကူ စစ်မေးနိုင်ရန်အတွက် ကျောက်မျက်ရတနာ စစ်ဆေးသည့်ဓာတ်ခွဲခန်းနှင့် ပညာရှင်များ ထားရှိဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

တတိယအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာအရောင်းအဝယ်ပွဲနှင့် လက်ဝတ်ရတနာပြပွဲ၌ ဆိုင်ခန်းပေါင်း ၁၂၈ ခန်း ပါဝင်ပြသရောင်းချမည်ဖြစ်ပြီး အသိပညာပေးဆွေးနွေးပွဲများ၊ စကားဝိုင်းဆွေးနွေးပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ကျောက်မျက်ရတနာအတွဲပေါင်း ၇၄ တွဲကို လေလံတင်ရောင်းချမည်ဖြစ်ပြီး ကြမ်းခင်းဈေး ဒေါ်လာ ၂၀၀၀ မှ ဒေါ်လာ ၁၂ သိန်းတန်ဖိုးရှိ ကျောက်မျက်ရတနာအတွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ – ထိန်လင်း**

## ဆူးလေစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်မြို့၏ အထင်ကရမြို့လယ်တွင် တည်ထားကိုးကွယ်သည့် ဆူးလေစေတီတော်မြတ်၏ (၁၀၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဇန်နဝါရီ ၂၂ ရက်မှ ၂၆ ရက်ထိ ကျင်းပမည်ဖြစ်သည်။ ဗုဒ္ဓပူဇာအဖြစ် ပွဲတော်ရက်အတွင်း မြတ်စွာဘုရားအား နေ့စဉ် ဆွမ်းတော်ကြီးတင်ကပ်လှူပူဇော်ခြင်းနှင့် ဝတ်တက်ခြင်းတို့ကို ပြုလုပ်မည်ဖြစ်သည်။

ဓမ္မပူဇာအဖြစ် ဇန်နဝါရီ ၁၇ ရက်မှ ၂၅ ရက်အထိ သံဃာတော် ၃၁ ပါးတို့မှ အဘိဓမ္မာ (၇)ကျမ်းတရားဒေသနာတော်များကို ကိုးရက်တိုင် အသံမစဲ ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။ သံဃပူဇာအဖြစ် ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၃ နာရီတွင် သံဃာတော်အပါး ၁၈၀၊ သီလရှင်အပါး ၅၀ တို့ကို ဆူးလေစေတီတော်ဂေါပကအဖွဲ့မှ ဦးဆောင်၍ ဆွမ်းဆန်စိမ်းလောင်းလှူကြမည်ဖြစ်သည်။

ဆွမ်းဆန်စိမ်းလောင်းလှူရန်အတွက် အလှူရှင်များသည် တစ်ဦးချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့ဖြင့်သော်လည်းကောင်း၊ ဆူးလေစေတီရင်ပြင်ပေါ်ပတ်လည်နေရာတွင် နေရာများ ခင်းကျင်းထားမည်ဖြစ်သည်။ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်မြို့နယ်များမှ လောင်းလှူရန် စေတီရင်ပြင်အောက် လူသွားစင်္ကြံနေရာများ ခင်းကျင်းပေးထားမည်ဖြစ်သည်။ သဒ္ဓါကြည်လင်ပါရမီရှင် ကုသိုလ်ရှင်များသည် ဆွမ်းဆန်စိမ်းလောင်းလှူ ကုသိုလ်ပြုကြပါရန် (၁၀၈)ကြိမ်မြောက် ဆူးလေစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူရေးအဖွဲ့မှ နှိုးဆော်ထားကြောင်း သိရသည်။

**အောင်သူရ**

## ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ခရိုင်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်မြောက်ပိုင်းခရိုင်၏ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ခရိုင်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်မှ ၁၂ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ စတင်၍ ညနေ ၄ နာရီခွဲအထိ အင်းစိန်မြို့နယ် မြို့သစ် (၈)ရပ်ကွက် ပိတောက်လမ်းရှိ ဥတ္တမဝံသဘုန်းကြီးကျောင်း ဝေဇယန္တာဓမ္မဗိမာန်တော်ကြီး ခန်းမဆောင်၌ ကျင်းပသည်။ **(ယာပုံ)**



သင်တန်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက အမှာစကားပြောကြားပြီး ခရိုင်အဆင့် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းက သန်းခေါင်စာရင်း ကောက်ယူရခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ သန်းခေါင်စာရင်းကောက်ယူရေး ကော်မတီအတွင်းရေးမှူး ရန်ကုန်မြောက်ပိုင်းခရိုင် လ.ဝ.က ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးယဉ်ထွန်းက ကြားဖြတ် သန်းခေါင်စာရင်းကောက်ယူမည့် လုပ်ငန်းစဉ်ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အဆင့် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ (မြို့နယ်အုပ်ချုပ်ရေးမှူး)၊ အတွင်းရေးမှူး (မြို့နယ် လ.ဝ.က ဦးစီးမှူး)များနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူရေးကော်မတီဥက္ကဋ္ဌ (ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး)များက မရှင်းလင်းသည်များကို ဆွေးနွေးတင်ပြကြရာ ခရိုင်အဆင့် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးကော်မတီမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဦးက နိဂုံးချုပ်စကားပြောကြားသည်။

ထို့နောက် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူရာ၌ အသုံးပြုမည့် အထောက်အကူပြု ပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဉာဏ်လင်း**



၂၀၁၉ ခုနှစ် ကြားဖြတ် လူဦးရေသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ခရိုင်အဆင့် စာရင်းစစ်ခြင်းနှင့် စာရင်းကောက်ယူခြင်း သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် ပြုလုပ်ရာ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်က အမှာစကားပြောကြားစဉ်။ (သင်တန်းကာလမှာ ဇန်နဝါရီ ၂ ရက်မှ ၁၂ ရက်အထိဖြစ်ပြီး ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ သင်တန်းသား ၅၁ ဦး တက်ရောက်ကြောင်း သိရသည်။) **ကိုကြီးတင်**

## နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေရရှိရေးလုပ်ငန်း ၄၅ ခု ဆောင်ရွက်နေ

**သရက် ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင်အတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ကျေးရွာများတွင် နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ရေရရှိရေးလုပ်ငန်း ၄၅ ခုကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မူလခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၄၂၃ ဒသမ ၃၉ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**လုပ်ငန်း ၄၅ ခု ဆောင်ရွက်ခဲ့**

အဆိုပါရေရရှိရေးလုပ်ငန်းများကို သရက်မြို့နယ်တွင် ၁၁ ခု၊ ကံမမြို့နယ်တွင် ၁၁ ခု၊ မင်းတုန်းမြို့နယ်တွင် သုံးခု၊ မင်းလှမြို့နယ်တွင် ၁၁ ခု၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ငါးခုနှင့် အောင်လံမြို့နယ်တွင် လေးခု စုစုပေါင်းလုပ်ငန်း ၄၅ ခုကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလပထမပတ်အတွင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ၂၈ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

**တင်ဒါစနစ်ဖြင့် ဆောင်ရွက်**

အဆိုပါ ရေရရှိရေးလုပ်ငန်း ၄၅ ခုအနက် မင်းလှမြို့နယ်ရှိ ကျေးရွာ ၁၀ ရွာ၏ မြေသားရေကန် တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်း ၁၀ ခုကို တင်ဒါစနစ်ဖြင့် ခင်ဇော်တိုးကုမ္ပဏီမှ လုပ်ငန်း ငါးခု၊ အောင်မြင့်မိုရ်ကုမ္ပဏီမှ လုပ်ငန်း ငါးခု ဆောင်ရွက်ခြင်းဖြစ်ပြီး ကျန်လုပ်ငန်း ၃၅ ခုကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

**ဆုဝေထွန်း(သရက်)**

## လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဇန်နဝါရီ ၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့်ရှိနိုင်ပါသည်။ **မိုး/ဇလ**

## မိုးရေချိန် စံချိန်သစ်

| စဉ် | စံချိန်သစ်တင်သည့်ရက်စွဲ | စခန်းအမည် | မိုးရေချိန် စံချိန်သစ် | | မိုးရေချိန် စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | ၂-၁-၂၀၂၀ | သီပေါ | ၅၃ | ၂.၀၉ | ၅၀ | ၁.၉၇ | ၈.၁.၂၀၁၉ | ၅၄ |

**မိုး/ဇလ**

# ဂျပန်နိုင်ငံ TBS ရုပ်သံရိုက်ကူးရေးအဖွဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေနှင့် ပုပ္ပားတောင်တစ်ဝိုက်တွင် သတင်းမှတ်တမ်းရိုက်ကူး

**ရန်ကုန် ဇန်နဝါရီ ၂**

ဂျပန်နိုင်ငံ TBS ရုပ်သံရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းယဉ်ကျေးမှုပြတိုက်၊ သရပါဂိတ်နှင့် ပုပ္ပားတောင်ရှိ Popa Resort နေရာမှ ပုပ္ပားတောင်ရှုခင်းကို ရိုက်ကူးသည်။

အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့က ပုဂံမြို့ရှိ ရွှေစည်းခုံစေတီတော်၊ ထီးလိုမင်းလိုစေတီတော်၊ စူဠာမဏိ စေတီတော်၊ အာနန္ဒာဘုရားနှင့် သဗ္ဗညုဘုရားတို့တွင် လည်းကောင်း၊ ဒီဇင်ဘာ ၃၀ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခရီးသည်များ လှုပ်ရှားသွားလာမှုအားလည်းကောင်း မှတ်တမ်းတင်ရိုက်ကူးခဲ့သည်။

ထို့အပြင် ဇန်နဝါရီ ၃ ရက်နှင့် ၄ ရက်တို့တွင် ပုပ္ပားတောင်၌ နတ်ကန္နားကျင်းပပုံနှင့် ပုဂံမြို့ရှိ ဘုရားများအား ဆက်လက်ရိုက်ကူးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ရိုက်ကူးထားမှုများကို ဂျပန်နိုင်ငံ TBS ရုပ်သံလိုင်းတွင် "လှပသော ယဉ်ကျေးမှုနယ်မြေ" ခေါင်းစဉ်ဖြင့် ယခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်လွှင့်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စွာသိန်း(FDC)**



သဗ္ဗညုဘုရားတွင် ဂျပန်နိုင်ငံ TBS ရုပ်သံရိုက်ကူးရေးအဖွဲ့ မှတ်တမ်းတင်ရိုက်ကူးနေစဉ်။

# တရုတ်နိုင်ငံ ဟိုင်နန်တီဗွီမှ ရိုက်ကူးရေးအဖွဲ့ ရန်ကုန်မြို့တွင် သတင်းမှတ်တမ်းရိုက်ကူး




မေတ္တာညွန့်ဘူတာအနီးတစ်ဝိုက်တွင် တရုတ်နိုင်ငံ ဟိုင်နန်တီဗွီမှ ရိုက်ကူးရေးအဖွဲ့ မှတ်တမ်းတင်ရိုက်ကူးနေစဉ်။

**ရန်ကုန် ဇန်နဝါရီ ၂**

တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်အခြေစိုက် Hainan TV Station မှ ရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့က ကန်တော်ကြီးပန်းခြံ နှင့် မေတ္တာညွန့်ဘူတာအနီးတစ်ဝိုက်တွင် အများပြည်သူလှုပ်ရှားသွားလာနေပုံကို သတင်းမှတ်တမ်းရိုက်ကူးသည်။ ၎င်းအဖွဲ့သည် ဒီဇင်ဘာ ၃၁ ရက် နှစ်သစ်ကူးအကြိုနေ့ကလည်း ရွှေတိဂုံစေတီတော်တွင် အများပြည်သူ ဘုရားဖူးကြပုံ၊ မြန်မာ့ရိုးရာအစားအစာများ စုပေါင်းချက်ပြုတ်စားသောက်မှုဖြင့် နှစ်သစ်ကူးကြိုဆိုကြပုံများကို ရိုက်ကူးခဲ့သည်။

**ထုတ်လွှင့်ပြသရန် စီစဉ်**

ထိုသို့ ရိုက်ကူးထားမှုများကို တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်အခြေစိုက် Hainan Broadcasting Group- Hainan TV Station ၏ ရုပ်သံလိုင်းတစ်ခုဖြစ်သည့် Sansha Statellite TV(SSTV) Channel မှ One Belt One Road အစီအစဉ်တွင် ဖေဖော်ဝါရီလဆန်းပိုင်း၌ ထုတ်လွှင့်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီနီဝင်း(FDC)**

# မတ်လအတွင်း ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးမှဖြေဆိုရန် တစ်သိန်းသုံးသောင်းကျော် လျှောက်ထား

**မန္တလေး ဇန်နဝါရီ ၂**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ယခုနှစ် မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဖြေဆိုရန်လျှောက်ထားသူဦးရေမှာ လက်ရှိစာရင်းများအရ ၁၃၃၀၀၀ ကျော်ရှိကြောင်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ပြုလုပ်သည့် ကြီးကြပ်ရေးမှူးများ သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသိန်းဇံက ပြောကြားသည်။

ယမန်နှစ်က အဆိုပါစာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ ဖြေဆိုရန်လျှောက်ထားသူ ၁၂၃၀၀၀ ကျော်ရှိခဲ့ရာ ယခုနှစ်တွင် လျှောက်ထားသူဦးရေမှာ ယမန်နှစ်ထက် တစ်သောင်းခန့် ပိုမိုများပြားလာကြောင်း သိရသည်။

"မနှစ်က ကျင်းပခဲ့တဲ့ တက္ကသိုလ်ဝင်စာမေးပွဲမှာ မန္တလေးတိုင်းဒေသကြီးအတွက် စာစစ်ဌာန ၂၀၃ ခု ဖွင့်လှစ်ပေးခဲ့ပေမယ့် ဒီနှစ်မှာ ဖြေဆိုသူ ပိုမိုများပြားလာတဲ့အတွက် စာစစ်ဌာနတွေ တိုးချဲ့ဖွင့်လှစ်ဖို့ စီစဉ်ထားပါတယ်။ လက်ရှိမှာတော့ တက္ကသိုလ်ဝင်စာမေးပွဲကို အဆင်ပြေစွာ ကျင်းပနိုင်ဖို့ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတွေအနေနဲ့ ကြီးကြပ်ရေးမှူးသင်တန်းတွေကို မန္တလေးမြို့မှာ ဖွင့်လှစ်ပို့ချပေးနေပါပြီ"ဟု ၎င်းက ပြောသည်။

ထို့ပြင် ယမန်နှစ်က တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် တစ်နိုင်ငံလုံးမှ လျှောက်ထားသူဦးရေ ၈၉၀၀၀၀ ကျော်ရှိခဲ့ပြီး ယခုနှစ်တွင် ဖြေဆိုရန် လျှောက်ထားသူဦးရေမှာ လက်ရှိစာရင်းများအရ ၉၇၀၀၀၀ ကျော် ရှိနေပြီဖြစ်ရာ ယမန်နှစ်ထက် ဖြေဆိုရန်လျှောက်ထားသူဦးရေမှာ တစ်သိန်းကျော် ပိုမိုများပြားလာကြောင်း သိရသည်။

"တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နှစ်ထက်တစ်နှစ် ဖြေဆိုသူဦးရေ ပိုမိုများပြားလာပါတယ်။ ဒါကြောင့် မနှစ်က စာမေးပွဲမှာ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ စာစစ်ဌာနပေါင်း ၁၈၈၆ ခု ဖွင့်လှစ်ပေးခဲ့ပေမယ့် ဒီနှစ်မှာ ဖြေဆိုသူဦးရေ များပြားလာတဲ့အတွက် ၁၉၀၀ ကျော်အထိ တိုးချဲ့ဖွင့်လှစ်ပေးသွားမှာဖြစ်ပါတယ်။ ဖြေဆိုဖို့ လျှောက်ထားသူအများဆုံးကတော့ ရန်ကုန်၊ မန္တလေးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့ပဲဖြစ်ပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဖြေဆိုသူဦးရေ ၁၁၉၂၁၀ ဝင်ရောက်ဖြေဆိုခဲ့ကြပြီး အောင်မြင်သူ ၄၃၀၇၅ ဦး ရှိကာ အောင်ချက်ရာခိုင်နှုန်း ၃၆ ဒသမ ၁၃ ရာခိုင်နှုန်း ရှိခဲ့သည့်အပြင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၆ ဘာသာဂုဏ်ထူးရှင်အများဆုံး ထွက်ပေါ်ခဲ့သည့် တိုင်းဒေသကြီးဖြစ်ခဲ့ကြောင်း သိရသည်။



ယမန်နှစ်က တက္ကသိုလ်ဝင်စာမေးပွဲတွင် လာရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(အင်္ဂပူမြို့)
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၃ ၊ ၄)ရက်၊( သောကြာ ၊ စနေ )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
နန်ကသူ့ခန်းမ ၊ အ.ထ.က-ကွင်းကောက် ၊ အင်္ဂပူမြို့။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် လပွတ္တာခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(လပွတ္တာမြို့)
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၇ ၊ ၈)ရက်၊( အင်္ဂါ ၊ ဗုဒ္ဓဟူး )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
ဧရာဝတီခန်းမ ၊ အ.ထ.က(၂) ၊ လပွတ္တာမြို့။

# (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို ယနေ့နံနက် ၈ နာရီခွဲမှစတင်၍ ယှဉ်ပြိုင်ကစားကြရာ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း(၁)နှင့် (၂)ကြားတွင် လွန်ဆွဲအားကစား (အမျိုးသား)ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အသင်းက ပြည်သူ့လွှတ်တော်အသင်းကို လည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အသင်းကို လည်းကောင်း အနိုင်ရရှိသည်။

လွန်ဆွဲအားကစား (အမျိုးသမီး) ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အသင်းကို လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အသင်းကို လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အသင်းက ပြည်သူ့လွှတ်တော်အသင်းကို လည်းကောင်း အနိုင်ရရှိသည်။

ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း(၁)နှင့် (၂)ကြားတွင် ထုပ်ဆီးတိုး (အမျိုးသမီး) ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ကြရာ ပြည်ထောင်စုလွှတ်တော်အသင်းက ပြည်သူ့လွှတ်တော်အသင်းကို လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို လည်းကောင်း အနိုင်ရရှိသည်။




ဖူဆယ်အားကစားရုံတွင် ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီမှစတင်၍ ယှဉ်ပြိုင်ကြရာ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းကိုလည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အသင်းက နေပြည်တော်စည်ပင်အသင်းကို လည်းကောင်း အနိုင်ရရှိသည်။

TC-1 တွင် ယှဉ်ပြိုင်ကစားသော ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းကို လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းကို လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းကို လည်းကောင်း အနိုင်ရရှိခဲ့သည်။

ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)တွင် ဘော်လီဘော(အမျိုးသား) ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အသင်းကို လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနအသင်းကို လည်းကောင်း အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သီပေါ၌ မိုးသည်းထန်စွာရွာသွန်း၊ မိုးကြိုးပစ်၊ မိုးသီးကြွေပြီး သစ်ပင်ကြီးများပြိုလဲ

**သီပေါ ဇန်နဝါရီ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ဇန်နဝါရီ ၁ ရက် ည ၉ နာရီကျော်ခန့်က အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းပြီး လျှပ်စီး မိုးကြိုးနှင့် မိုးသီးကြွေကျခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် လူနေအိမ်အချို့ ခေါင်မိုးများပျက်စီးခြင်း၊ ပြတင်းပေါက်မှန်များကွဲခြင်း၊ စိုက်ခင်းများပျက်စီးခြင်း၊ သစ်ပင်သစ်ကိုင်းများ ကျိုးကျပြိုလဲကာ လျှပ်စစ်မီးများ ပြတ်တောက်ခဲ့သည်။

အဆိုပါ လျှပ်စီးမိုးကြိုးများကြောင့် မြို့လယ်ရပ်ကွက် ရတနာလမ်းတွင် ဓာတ်တိုင်နှင့် သစ်ပင်ကြီးပြိုလဲသဖြင့် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းစံညွန့်နှင့် ရပ်ကွက်ပြည်သူများက ပူးပေါင်းဆောင်ရွက်ခဲ့သည်။

မန္တလေး-သီပေါ-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး သီပေါမြို့နယ် ကုန်းသာကျေးရွာတွင်လည်း သက်တမ်းရင့် ညောင်ပင်ကြီးနှစ်ပင်နှင့် ကုက္ကိုပင်ကြီးတစ်ပင် ပြိုလဲသဖြင့် လမ်းပိတ်ဆို့မှုဖြစ်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်းနှင့် အရန်၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်စည်းမခြား ပရဟိတလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးမျိုးလွင်နှင့်အဖွဲ့များ၊ သီပေါယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ကြပ်ကြီးဝင်းဇော်လတ်နှင့် အဖွဲ့များ၊ ကုန်းသာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံများက ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့သောကြောင့် ယနေ့နံနက် ၄ နာရီခန့်တွင် မန္တလေး-လားရှိုး-မူဆယ်ကားလမ်း ပုံမှန်အတိုင်း သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# Fipresci Prize ဆုရ Goodbye Dragon Inn ရုပ်ရှင်ဇာတ်ကားကို လေ့လာမှုအစီအစဉ်ပြုလုပ်မည်

**ရန်ကုန် ဇန်နဝါရီ ၂**

ဒါရိုက်တာ "Tsai Ming-Liang" ၏ လက်ရာကောင်း တစ်ခုဖြစ်သော "Goodbye Dargon Inn" ရုပ်ရှင်ဇာတ်ကားကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၅ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀)၊ ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း၊ ရုပ်ရှင်ပြခန်းမ၌ကြည့်ရှု၍ ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှုအစီအစဉ် ပြုလုပ်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၃၃)ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် Drama Film အမျိုးအစားဖြစ်ပြီး အကြိမ် (၆၀) မြောက် Venice International Film festival တွင် Fipresci Prize ဆုကိုရရှိခဲ့ကြောင်း၊ Sight and Sound Director's Poll မှ ၂၀၁၂ ခုနှစ်တွင် ရွေးချယ်ခဲ့သည့် အကောင်းဆုံးရုပ်ရှင်ဇာတ်ကား ၁၀ ကား စာရင်းတွင်လည်း ပါဝင်ခဲ့ကြောင်း၊ ဇာတ်လမ်းအကျဉ်းမှာ ရုပ်ရှင်ရုံတစ်ရုံတွင် ရုပ်ရှင်ပြစက်ကိုင်အလုပ်သမား လူငယ်တစ်ဦးနှင့် မိန်းကလေးတစ်ဦးတို့ရှိနေပြီး မိုးသည်းထန်စွာရွာသွန်းနေချိန် ၎င်းရုပ်ရှင်ရုံအတွင်းသို့ ဂျပန်ခရီးသွားတစ်ဦး ဝင်ရောက်လာခဲ့ကြောင်း၊ ၎င်းအချိန်တွင် ရုပ်ရှင်သရုပ်ဆောင်ဟောင်းနှစ်ယောက်လည်း ရုပ်ရှင်ရုံထဲတွင် ရှိနေကြပြီး ရုပ်ရှင်ခေတ်ဟောင်းကို တမ်းတနေကြောင်း၊ သို့ရာတွင် ရုပ်ရှင်ရုံအတွင်းရှိ ပရိသတ်များသည် မေတ္တာတရားဖြင့် ဖြေသိမ့်နိုင်ကြပုံကို အနုပညာမြောက်စွာ ရိုက်ကူးတင်ဆက်ထားသည့် ဇာတ်လမ်းကောင်းတစ်ခုဖြစ်ကြောင်း သိရသည်။ **သိန်းထိုက်သူ(FDC)**




Goodbye Dragon Inn ရုပ်ရှင်ဇာတ်ကားပိုစတာ။

# ပရီမီယာလိဂ် ပွဲစဉ်(၂၁) မန်ယူတို့ အာဆင်နယ်ကို ရှုံးနိမ့်ပြီး မန်စီးတီးတို့ အဲဗာတန်ကို အနိုင်ယူ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၂၁)မှ ဇန်နဝါရီ ၂ရက် ကြာသပတေးနေ့နံနက်ပိုင်းတွင် အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် အာဆင်နယ်နှင့် မန်ယူပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အာဆင်နယ်အသင်း အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး အိမ်ရှင်အာဆင်နယ်အသင်းသည် လာကာဇတ်တီကို အထောင်ထားကာ မန်ယူအသင်းသည် မာရှယ်ကို အထောင်ထားပြီး ပွဲထွက်ခဲ့သည်။ ပွဲချိန် ၈မိနစ်တွင် တောင်ပံကစားသမား နီကိုလက်စ်ပီပီက အာဆင်နယ်အတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၄၂ မိနစ်တွင် နောက်တန်းကစားသမား ဆိုကရာတစ်က ထောင့်ကန်ဘောမှ တစ်ဆင့် အာဆင်နယ်အတွက် အနိုင်သေချာမည့် ဒုတိယဂိုးကို ပိတ်သွင်းယူခဲ့သည်။ ယင်းပွဲသည် ပထမပိုင်းရလဒ် နှစ်ဂိုး-ဂိုးမရှိဖြင့်သာ ပြီးဆုံးခဲ့ရာ အာဆင်နယ်နည်းပြသစ် အာတီတာ၏ ပရီမီယာလိဂ် ပထမဦးဆုံးနိုင်ပွဲဖြစ်ခဲ့ပြီး ချယ်လ်ဆီးကို ရှုံးနိမ့်ခဲ့သည့် လူစာရင်းကို အကောင်းဆုံးပြုပြင်နိုင်ခဲ့သည်။ ယနေ့ပွဲတွင် နည်းပြသစ်အာတီတာ အားထားရသည့် တောင်ပံကစားသမား နီကိုလက်စ်ပီပီသည် အကောင်းဆုံးခြေစွမ်းပြသည့် ကစားသမားဖြစ်ခဲ့သည်။ ဘောလုံးပိုင်ဆိုင်မှုမှာ ညီ့သည် မန်ယူအသင်းသည် အနည်းငယ် အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့်မှာ နှစ်သင်းစလုံး ၁၀ ကြိမ်စီ ရရှိခဲ့ပြီး လေးကြိမ်စီ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ မန်ယူအသင်းသည် ရမှတ် ၃၁ မှတ်ဖြင့် အဆင့် ၅ တွင် ရပ်တည်နေပြီး အာဆင်နယ်အသင်းသည် ရမှတ် ၂၇ မှတ်ဖြင့် အဆင့် ၁၀ တွင် ဆက်လက်ရှန်းကန်ရဦးမည်ဖြစ်သည်။

ဇန်နဝါရီ ၁၁ရက်တွင် ယှဉ်ပြိုင်ရမည့် ပွဲစဉ်(၂၂)တွင် အာဆင်နယ်သည် အဝေးကွင်း၌ ပဲလေ့စ်ကို ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မန်ယူသည် အိမ်ကွင်း၌ နော့ဝှစ်ချ်ကို ဧည့်ခံယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ်(၂၁) အခြားပွဲစဉ်ရလဒ်များအဖြစ် မန်စီးတီးသည် အီတီဟတ်ကွင်း၌ အဲဗာတန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲတွင် ပွဲချိန် ၅၁ မိနစ်နှင့် ၅၈ မိနစ်တွင် ဂါဘရီရယ်ဂျီးဆပ်စ်က သွင်းယူခဲ့ခြင်းဖြစ်ပြီး အဲဗာတန်အတွက် တစ်လုံးတည်းသောချေပဂိုးကို ပွဲချိန် ၇၁ မိနစ်တွင် ရစ်ချာလီဆန်က သွင်းယူခဲ့ခြင်းဖြစ်သည်။ နော့ဝှစ်ချ်နှင့် ပဲလေ့စ်မှာ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး ဝက်စ်ဟမ်းက အိမ်ကွင်းတွင် ဘုန်းမောက်ကို လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ **သီဟ**

# ဖူဆယ်လိဂ်ပြိုင်ပွဲ ဒုတိယအကျော့ ဇန်နဝါရီ ၁၁ ရက် စတင်မည်

**ရန်ကုန် ဇန်နဝါရီ ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၉-၂၀၂၀ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ ဒုတိယအကျော့ကို ဇန်နဝါရီ ၁၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

ပထမအကျော့ပွဲစဉ်များမှာ ဒီဇင်ဘာ ၃၁ ရက်က ပြီးဆုံးသွားပြီး တစ်ပတ်ကျော်သာနားကာ ပြန်လည်စတင်ကျင်းပခြင်းဖြစ်သည်။ ဒုတိယအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၁၁ ရက်မှ ဖေဖော်ဝါရီ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အပတ်စဉ် ဗုဒ္ဓဟူးနှင့် စနေနေ့တို့တွင် ကျင်းပမည်ဖြစ်သည်။ ဒုတိယအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၁၁၊ ၁၅၊ ၁၈၊ ၂၂၊ ၂၅၊ ၂၉ ရက်၊ ဖေဖော်ဝါရီ ၁၊ ၅၊ ၈၊ ၁၁၊ ၁၅ ရက်တို့တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ-၂ လှိုင်၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ ပထမအကျော့အပြီးတွင် VUC နှင့် MIU အသင်းတို့က ၃၁ မှတ်စီရထားပြီး ဂိုးကွာခြားချက်ဖြင့် VUC အသင်းက ဆက်လက်ဦးဆောင်ကာ MIU အသင်းက ဒုတိယနေရာတွင် ရပ်တည်နေသည်။ ယင်းအသင်းများ၏ နောက်တွင် GV အသင်းက ၂၇ မှတ်၊ On Doctor အသင်းက ၂၂ မှတ်၊ Winner အသင်းက ၂၁ မှတ်၊ မြို့မ JY အသင်းက ၁၈ မှတ်၊ MFF ယူ-၁၉ အသင်းက ၁၆မှတ်၊ Do Do Ko Ko အသင်းက ၁၂ မှတ်၊ Dream Team နှင့် လက်ဝဲသုန္ဒရအသင်းတို့က ခြောက်မှတ်စီ၊ ဖူဆယ်ချစ်သူအသင်းက လေးမှတ်၊ AMM Brothers အသင်းက တစ်မှတ်ရရှိထားသည်။

ပထမအကျော့အနေအထားအရ VUC နှင့် MIU နှစ်သင်းသာ ချန်ပီယံဆုကို အပြိုင်လုရဖွယ်ရှိနေပြီး ပထမအကျော့တွင် သရေကျခဲ့သောကြောင့် နောက်ဆုံးပွဲအထိ စောင့်ကြည့်ရမည်ဖြစ်သည်။ ယင်းနှစ်သင်းမှာလည်း နောက်ဆုံးပွဲမှ ယှဉ်ပြိုင်ရမည်ဖြစ်ရာ ချန်ပီယံဆုအတွက် နောက်ဆုံးပွဲပြီးမှ အဖြေထွက်ပေါ်ဖွယ်ရှိနေသည်။ **ရဲရင့်ရှိုင်း**

● *ကျောဖုံးမှ*

အနည်းဆုံးတစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာလတွင် ကစားခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲနှစ်ပွဲအပြီးတွင် လေ့ကျင့်မှုရပ်နားထားပြီး မတ်လတွင်ကစားမည့် ခြေစစ်ပွဲနီးမှသာ လေ့ကျင့်မှုပြုလုပ်မည် ဖြစ်သည်။ သို့သော် ဖေဖော်ဝါရီလတွင် နိုင်ငံတကာခြေစမ်းပွဲတစ်ပွဲ ကစားရန် စီစဉ်ထားရာ ယင်းကာလတွင်လည်း လေ့ကျင့်မှုပြုလုပ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် တစ်ကျော့ပြန် နည်းပြ အန်တွမ်နီဟေးလက်ထက်တွင် ရလဒ်ကောင်းများရရှိနေပြီး ၎င်းလက်ထက်တွင် နိုင်ငံတကာခြေစမ်းပွဲတစ်ပွဲ၊ ကမ္ဘာ့ဖလားခြေစစ်ပွဲနှစ်ပွဲ ကစားထားရာ သုံးပွဲစလုံး အနိုင်ရထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစမ်းပွဲတွင် နီပေါအသင်းကို သုံးဂိုးပြတ်အနိုင်ရပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် တာဂျစ်ကစ္စတန်အသင်းကို လေးဂိုး- သုံးဂိုး၊ မွန်ဂိုလီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ငါးပွဲကစား ခြောက်မှတ်ရထားသည်။ မြန်မာအသင်းသည် ယခင်နည်းပြဟောင်း ရာဒူလိုဗစ်လက်ထက်တွင် သုံးပွဲစလုံး အရေးနိမ့်ခဲ့သော်လည်း နည်းပြသစ် အန်တွမ်နီဟေးလက်ထက် နှစ်ပွဲကစားရာတွင် နှစ်ပွဲစလုံး အနိုင်ရထားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့ဖလားခြေစစ်ပွဲလက်ကျန် သုံးပွဲကစားရမည်ဖြစ်ပြီး မတ်လ ၂၆ ရက်တွင် ဂျပန်အသင်းနှင့် အဝေးကွင်း၊ မတ်လ ၃၁ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် အိမ်ကွင်း၊ ဇွန်လ ၉ ရက်တွင် တာဂျစ်ကစ္စတန်အသင်းနှင့် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# တောင်ကြီးမြို့နယ်၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များအဖြစ် အယောင်ဆောင်၍ လုယက်မှုကျူးလွန်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂**

တောင်ကြီးမြို့နယ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များအဖြစ် အယောင်ဆောင်၍ လုယက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ အဝေရာမီးပုံးပျံကွင်းအတွင်း၌ စိုင်းကျော်လင်းပါ လေးဦးတို့သည် ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက ၎င်းပိုင် ဟွန်ဒါဖစ်အမျိုးအစား မော်တော်ယာဉ်ပေါ်တွင် ထိုင်နေစဉ် အရပ်ဝတ်ဖြင့် အမျိုးသား ၃ ဦးမှာ Surf အမျိုးအစားယာဉ်ဖြင့် ရောက်ရှိလာခဲ့ပြီး မူးယစ်တပ်ဖွဲ့ဝင်များ ဖြစ်ကြောင်း ပြောဆိုကာ လက်ထိပ်ခတ်၍ မူးယစ်ဆေးဝါး ရှာဖွေခဲ့ကြောင်း၊ တစ်စုံတစ်ရာ တွေ့ရှိခြင်းမရှိဘဲ ရဲစခန်းသို့ လိုက်ခဲ့ရန်ပြောဆိုခဲ့ပြီး တောင်ကြီး-ဟိုပုံးကားလမ်းအတိုင်း ခေါ်ဆောင်သွားကာ တောင်ကြီး တက္ကသိုလ် မီးပွိုင့်လမ်းဆုံအနီး ကညနရုံးရှေ့ အရောက်တွင် ကားပေါ်မှ ဆင်းခိုင်းခဲ့ပြီးနောက် လက်ကိုင်ဖုန်းနှစ်လုံးနှင့် မော်တော်ယာဉ်တို့အား မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

၎င်းတို့အား တောင်ကြီးမြို့မ ရဲစခန်းသို့ တိုင်ကြားသဖြင့် ပူးပေါင်းအဖွဲ့မှ ဝိုင်းဝန်းပိတ်ဆို့ရှာဖွေဖမ်းဆီးခဲ့ရာ ဇန်နဝါရီ ၁ ရက် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ စူဠာမုနိဘုရားအဆင်း ကားလမ်း၌ နောင်နောင်ထွန်း (၃၀နှစ်)၊ ဝေယံငြိမ်း(၃၆နှစ်)၊ အောင်နိုင်စိုး(၂၄ နှစ်) တို့ သုံးဦးအား လုယူသွားသည့် ဟွန်ဒါဖစ်အမျိုးအစား မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



နောင်နောင်ထွန်း၊ ဝေယံငြိမ်းနှင့် အောင်နိုင်စိုးတို့ သုံးဦးအား သက်သေခံယာဉ်နှင့်အတူ တွေ့ရစဉ်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီခွဲတွင် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် ဖရဲမြို့ ငွေတောင်လမ်း၊ နယ်မြေ(၁၁)ရှိ ဝေယံငြိမ်း၏ နေအိမ်မှ အခင်းဖြစ်ချိန်၌ အသုံးပြုခဲ့သည့် Surf အမျိုးအစား မော်တော်ယာဉ်အား သိမ်းဆည်းရမိခဲ့သဖြင့် ပြည်သူ့ဝန်ထမ်းအယောင်ဆောင်၍ လုယက်မှု ကျူးလွန်သူများအား တောင်ကြီးမြို့မရဲစခန်း(ပ)၁၂/၂၀၂၀၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၉၂/၁၇၀/၁၁၄ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရှမ်းပြည်နယ်၌ မြန်မာမိန်းကလေးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ် (၁၀)နှစ်ချမှတ်

**နေပြည်တော် ဇန်နဝါရီ ၂**

မြန်မာမိန်းကလေးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်သူ အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ ထောင်ဒဏ် (၁၀)နှစ်ချမှတ်ခဲ့ ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် အထူးဒေသ(၂) မိုင်းဖျန်မြို့နေ မနာဖူး (၂၆ နှစ်)က တာချီလိတ်မြို့နယ် ကျိုင်းလပ်မြို့နေ မ---- (၂၀နှစ်) နှင့် မ----(၂၀ နှစ်)တို့အား တရုတ်အမျိုးသားနှင့်လက်ထပ်ပါက ချမ်းသာစွာ နေထိုင်ရမည်၊ မိဘများကိုလည်း ထောက်ပံ့နိုင်မည်ဟု ပြောဆိုစည်းရုံးလျက် တရုတ်ဇနီးအဖြစ် ရောင်းစားရန် စီစဉ်ခဲ့မှုအား ကျိုင်းလပ်နယ်မြေရဲစခန်း (ပ) ၅/ ၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် အမှုဖွင့်ခဲ့ပြီး တာချီလိတ်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၃ ရက်တွင် တရားခံ မနာဖူးအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပတ်စ်ပို့စာအုပ်အတုများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညပိုင်းက ပတ်စ်ပို့စာအုပ်အတုများ သိမ်းဆည်းရမိကြောင်း သိရသည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒီဇင်ဘာ ၃၁ ရက် ည ၁၀ နာရီ ၅၅ မိနစ်က ဆိုက်ရောက်လာသည့် Malindo Air လေကြောင်းလိုင်းဖြင့် ပါရှိလာသော ခရီးဆောင်အိတ်တစ်လုံးအား မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်နေ မျိုးခင်(ခ) သရာဂမ် (၅၈နှစ်)က လာရောက်ထုတ်ယူစဉ် အဆိုပါအိတ်အား X-ray စက်ဖြင့် စစ်ဆေးရာ အိတ်အတွင်း ပတ်စ်ပို့စာအုပ်ဟု ယူဆရသော ပုံရိပ်များ တွေ့ရှိရကြောင်း။

အဆိုပါ အိတ်အား လေဆိပ် တာဝန်ကျရဲတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဝန်ထမ်းများက ဖွင့်ဖောက်စစ်ဆေးရာ မြန်မာနိုင်ငံကူး လက်မှတ်စာအုပ် ၁၂ အုပ်အား တွေ့ရှိရပြီး ၎င်းစာအုပ်များ၏ ကိုယ်ရေးအချက်အလက် စာမျက်နှာများအား အတုပြုလုပ်ထားသည့် စာအုပ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မျိုးမင်း(ခ)သရာဂမ်အား မင်္ဂလာဒုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

၃-၁-၂၀၂၀ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၃၅ - MRTV Travelogue
- ၈:၄၀ - "အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂျေယောဂူနှင့် တွေ့ဆုံမေးမြန်းခန်း"
- ၈:၅၀ - မျက်မှောက်ရေးရာအဖြာဖြာ
- ၁၀:၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၁:၃၅ - အလုပ်သမားရေးရာ အစီအစဉ်
- ၁၂:၃၅ - "ဘင်း(မ်)ကေဦဒ္ဒါ(ခ်)နီပေါ သံအမတ်ကြီးနှင့်တွေ့ဆုံမေးမြန်းခန်း"
- ၁၂:၅၀ - "ရင်ထဲကရိုးရာ"

**ညပိုင်း**

- ၁၆:၂၀ - "အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် တွေ့ဆုံမေးမြန်းခန်း"
- ၁၇:၁၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ကမ္မဖလ"
- ၁၇:၃၅ - Weekly Sport Info
- ၁၈:၃၅ - "လွှတ်လပ်ရေးသမိုင်းနှင့် မော်ကွန်းကျောက်တိုင်"
- ၁၉:၂၅ - "လွှတ်လပ်ရေးတေးသံ ဇာတိမာန်"(အပိုင်း-၃)
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ - မြန်မာ့ရုပ်ရှင်ရာပြည့်ဂုဏ်ပြုအစီအစဉ်များ "ဂုဏ်ယူဖွယ်ခေတ်ဟောင်းတို့၏ အနုပညာကဏ္ဍ"(မေသစ်၊ မေနု၊ မေမြင့်)(အပိုင်း-၁)
- - မြန်မာ့ရုပ်ရှင်ရာပြည့်ဂုဏ်ပြုအစီအစဉ်"လိပ်ပြာကူးထူးခြားသူများ" (အပိုင်း-၄)(အကယ်ဒမီနွဲ့နွဲ့စန်း)
- - ဆေးရောင်စုံရုပ်ရှင် "သူ့ကျွန်မခံပြီ"(ဒုတိယပိုင်း)

# ဖားကန့်မြို့နယ်၌ တရားမဝင်ကျောက်စိမ်းတူးဖော်သူများနှင့် ယာဉ်ယန္တရားများ သိမ်းဆည်းရမိ

**ဖားကန့် ဇန်နဝါရီ ၂**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်းရှိ သက်တမ်းကုန်ကျောက်မျက်လုပ်ကွက်များအတွင်း တရားမဝင်ကျောက်မျက်တူးဖော်နေကြောင်း သတင်းအရ ဖားကန့်မြို့နယ် နယ်မြေခံတပ်မှ တပ်မတော်သားများ၊ နယ်မြေလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ၊ ကျောက်မျက်တူးဖော်ရေး ဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းအဖွဲ့က ဝင်ရောက်စစ်ဆေးရာ ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီခန့်က ငိုးပင်းကျေးရွာအနီးရှိ သက်တမ်းကုန်လစ်လပ်လျက်ရှိသည့် မြဥယျာဉ်ကျောက်မျက်ကုမ္ပဏီလုပ်ကွက်ဟောင်း၊ ငိုးပင်း အကျိုးတူ(၄) အပိုင်း(A) အတွင်း တရားမဝင် ကျောက်မျက်တူးဖော်နေသူ ၁၆ ဦးနှင့်အတူ ဘက်ဟိုးယာဉ် ၁၀ စီး၊ မြေသယ်ယာဉ် ငါးစီးတို့ကို သိမ်းဆည်းရမိခဲ့သည်။ **(အပေါ်ပုံ)**



သိမ်းဆည်းရမိသည့် ယာဉ်ယန္တရားများကို သက်ဆိုင်ရာမှ ထိန်းသိမ်းထားရှိပြီး တရားမဝင် ကျောက်မျက် တူးဖော်သူများအား အရေးယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# လှိုင်သာယာမြို့နယ်အတွင်း လုယက်မှုကျူးလွန်သူနှစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ တတိယပတ်က လှိုင်သာယာမြို့နယ်အတွင်း ဇင်ကိုကိုလင်း(ခ)ဇင်ကိုနှင့် တင်မိုးဇော်တို့နှစ်ဦးအား (၁၅)ရပ်ကွက်၊ သခင်မြလမ်းပေါ်တွင် ဆိုင်ကယ်စီးနင်းလာသည်ကို တွေ့ရှိ၍ ရပ်တန့်စစ်ဆေးရာ ၎င်းတို့ကိုင်ဆောင်ထားသည့် ဖုန်းတစ်လုံးမှာ ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်းက လှိုင်သာယာမြို့နယ်၌ အမျိုးသားတစ်ဦးထံမှ လုယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖမ်းဆီးရမိသူ ဇင်ကိုကိုလင်း(ခ)ဇင်ကိုနှင့် တင်မိုးဇော်တို့ နှစ်ဦးကို အသေးစိတ်စစ်မေးရာ ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်း ဆိုင်ကယ်အသုံးပြု၍ စုစုပေါင်း ဖုန်းကိုးလုံးကို လုယူခဲ့ကြကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ လုယက်မှုကျူးလွန်သူ ဇင်ကိုကိုလင်း(ခ)ဇင်ကိုနှင့် တင်မိုးဇော်တို့ နှစ်ဦးကိုဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပိုင်ရှင်များအနေဖြင့် လှိုင်သာယာမြို့မရဲစခန်းသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဖယ်ခုံ၊ ဝိုင်းမော်နှင့် နန်းယွန်းမြို့နယ်တို့၌ ဘိန်းစိုက်ခင်း ဧက ၆၀ ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၂**

ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁ ရက်က ဖယ်ခုံမြို့နယ် လွယ်ပေါ်ကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာ၌ အမြင့် နှစ်လက်မခန့်ရှိ ဖွံ့ဖြိုးဆဲ ဘိန်းခင်း ၂၅ ဧကခန့်ကို ဖျက်ဆီးခဲ့သည်။ ထို့အပြင် ဇန်နဝါရီ ၁ ရက်က ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ကနေ့ဘွမ်ကျေးရွာအနီး၌ အမြင့် ခြောက်လက်မခန့်ရှိ ဖွံ့ဖြိုးဆဲ ဘိန်းခင်း စုစုပေါင်း ၁၅ ဧကနှင့် စစ်ကိုင်းတိုင်းဒေသကြီး နန်းယွန်းမြို့နယ် သန်းမန်းကျေးရွာ၏ တောင်ဘက် သုံးမိုင်ခန့်အကွာ၌ အမြင့် နှစ်ပေခန့်ရှိ သီးပွင့်ဆဲ ဘိန်းခင်း စုစုပေါင်း ဧက ၂၀ ခန့်တို့ကို သက်ဆိုင်ရာ ရဲတပ်ဖွဲ့များက အသီးသီးဖျက်ဆီးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# ပေါင်းတည်၌ ညီအစ်ကိုချင်း စကားများရန်ဖြစ်ကာ ဓားဖြင့်ထိုးသတ်မှုဖြစ်

**ပေါင်းတည် ဇန်နဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ချောင်းနားရွာတွင် ဇန်နဝါရီ ၁ ရက် ည ၁၁ နာရီခန့်က တီဗွီကြည့်ရင်း ညီအစ်ကိုအချင်း စကားများရန်ဖြစ်ကာ ဓားဖြင့်ထိုးသဖြင့် ညီဖြစ်သူသေဆုံးခဲ့ကြောင်း ပေါင်းတည်မြို့မရဲစခန်းမှ သိရသည်။

ယမန်နေ့ ည ၁၁ နာရီခန့်က ပေါင်းတည်မြို့နယ် ချောင်းနားကျေးရွာနေ ရာဇာထွန်း (၂၅နှစ်)နှင့် ဇေယျာထွန်း (၂၀နှစ်)တို့ တီဗီကြည့်နေကြစဉ် စကားများရာ အစ်ကိုဖြစ်သူ ရာဇာထွန်းက ဓားဖြင့် ညီဖြစ်သူ ဇေယျာထွန်းကို ထိုးရာ ဒဏ်ရာရရှိသွား၍ ပေါင်းတည်ပြည်သူ့ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် ညီဖြစ်သူအား ဓားဖြင့်ထိုးသတ်ခဲ့သူ ရာဇာထွန်းကို ပေါင်းတည်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

## ဓာတ်လိုက်ခံရသူအား ရှေးဦးသူနာပြုစုနည်း

**ပါးစပ်ခြင်းအပ်၍ ပြုစုနည်း**

(၁) သူနာကိုနောက်သို့လှဲပြီးဦးခေါင်းကို နောက်သို့လှန်၍မော့ထားပါ။



# အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၃၀ နီးပါးသေဆုံးကာ လူအချို့ပျောက်ဆုံးနေ

**ဂျကာတာ ဇန်နဝါရီ ၂**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီးနောက် ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်ကာ လူပေါင်း ၃၀ နီးပါး သေဆုံးခဲ့ကြောင်းနှင့် နေရာအတော်များများ ရေများ လွှမ်းမိုးနေကြောင်း သဘာဝဘေး ဒုက္ခဆိုင်ရာ အေဂျင်စီက ဇန်နဝါရီ ၂ ရက်က သတိပေးပြောကြားခဲ့သည်။

ရေကြီးမှုနှင့် မြေပြိုမှု ဖြစ်စဉ်များကြောင့် လူထောင်ပေါင်းများစွာ ယာယီနားခိုရာစခန်းများတွင် ခိုလှုံနေကြရကြောင်း သိရသည်။ နိုင်ငံ၏ လူဦးရေ သန်း ၃၀ ခန့် မှီတင်းနေထိုင်သည့် ဂျကာတာမြို့သည် နှစ်ပေါင်းများစွာအတွင်း မကြုံစဖူး ထူးကဲမိုးကြောင့် ရေဘေးဒုက္ခခံစားခဲ့ရကာ အိမ်များလည်း ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါဒေသအတွင်း ရရှိသမျှသော သတင်းဓာတ်ပုံများသည်လည်း အိမ်များ၊ ကားများကို ရွှံ့ရေ လွှမ်းမိုးနေသည့် ပုံများဖြစ်ကြသလို တချို့လည်း ရော်ဘာလှေများကို စီးကာ လိုရာခရီးသွားနေကြသည့် ပုံများဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗား မြို့တစ်မြို့ဖြစ်သည့် ဘီကာစီတွင်လည်း ရေလွှမ်းမိုးနေသောကြောင့် လမ်းများပေါ်တွင် အမှိုက်များ၊ ကားအပျက်အစီးများ စုပုံထားသလို ဖြစ်နေသည်မှာ မြင်မကောင်းအောင်ဖြစ်နေပြီး ရေမျက်နှာပြင်မှာလည်း ဒုတိယထပ် နီးနီးရောက်ရှိနေသည်။

ကယ်ဆယ်ရေးသမားများသည် အိမ်များတွင် ပိတ်မိနေသည့် ကလေးများနှင့် အသက်ကြီးသူများ အပါအဝင် ရေဘေးဒုက္ခသည်များကို လိုက်လံကယ်တင်လျက်ရှိသည်။

သေဆုံးသူဦးရေသည် ရပ်တန့်သွားမည်မဟုတ်ဘဲ ဆက်လက်မြင့်တက်နေဦးမည်ဟု မျှော်လင့်ကြောင်း လူမှုရေးဝန်ကြီး ဂျူလိုင်ယာရီ ပီတာ ဘူတူဘာရာက သတင်းထောက်များကို ဇန်နဝါရီ ၂ ရက်တွင် ပြောသည်။

ဘန်တန်းပြည်နယ် လီဘတ်ဒေသတွင်လည်း နှစ်ဦးသေဆုံးခဲ့ကြောင်းနှင့် နောက်ထပ်သုံးဦးလည်း ပျောက်ဆုံးနေသည်ဟု ဘေးဒုက္ခဆိုင်ရာအေဂျင်စီက ပြောသည်။ လီဘတ်ဒေသရှိ ရဲများက နောက်ထပ် ပျောက်ဆုံးသည်ဟု ယူဆရသူ ရှစ်ဦးကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း ပြောသည်။

**အေအက်ဖ်ပီ**



ဂျကာတာမြို့တွင် ရေကြီးမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများကို တွေ့ရစဉ်။

## တရုတ်(ထိုင်ပေ)စစ်ဘက် ရဟတ်ယာဉ်တစ်စင်းပျက်ကျ၊ စစ်ဦးစီးချုပ်အပါအဝင် စစ်အဆင့်မြင့်အရာရှိ ရှစ်ဦးသေဆုံး

**ထိုင်ပေ ဇန်နဝါရီ ၂**

တရုတ် (ထိုင်ပေ) စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်းသည် ဇန်နဝါရီ ၂ ရက်က မြို့တော် ထိုင်ပေအနီးတွင် ပျက်ကျမှုဖြစ်ပွားခဲ့ရာ စစ်ဦးစီးချုပ်အပါအဝင် အဆင့်မြင့်အရာ ရှိ ရှစ်ဦးသေဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက် အရ သိရသည်။

ဘလက်ဟော့ခ်ရဟတ်ယာဉ်သည် နံနက် ၈ နာရီတွင် မြို့တော်ထိုင်ပေမှ ပျံတက်ပြီးနောက် မကြာမီ ယင်းမြို့အနီးရှိတောင်များကို ဝင်တိုက်ကာ ပျက်ကျခဲ့ကြောင်း တရုတ်(ထိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ အသက် ၆၂ နှစ်ရှိ ဗိုလ်ချုပ်ကြီးနှင့် ၎င်း၏အဖွဲ့သည် လာမည့် တရုတ်နှစ်သစ်ကူးအတွက် ယီလန်စီရင်စုအရှေ့မြောက်ပိုင်းရှိ တပ်ဖွဲ့ဝင်များထံ သွားရောက်စဉ် ထိုသို့ ရဟတ်ယာဉ်ပျက်ကျခဲ့ခြင်းဖြစ်သည်။

စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများနှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့သည် ပျက်ကျသွားသည့် ရဟတ်ယာဉ်ကို ရှာဖွေခဲ့ရာ နောက်ဆုံးတွင် ဆိုးရွားစွာ ပျက်စီးနေသည့်ယင်းရဟတ်ယာဉ်ကို တွေ့ရှိခဲ့သည်။ ရဟတ်ယာဉ်ပျက်ကျမှုတွင် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရှန်ရီမင်အပါအဝင် အဆင့်မြင့် အရာရှိ ရှစ်ဦးသေဆုံးခဲ့သည်။ ရဟတ်ယာဉ်ပျက်ကျရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ရဟတ်ယာဉ်ပျက်ကျမှုသည် ဇန်နဝါရီ ၁၁ ရက်သမ္မတရွေးကောက်ပွဲအတွက် ပြင်ဆင်နေချိန်နှင့် တိုက်ဆိုင်လျက်ရှိကြောင်းသိရသည်။ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ပြန်လည်ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်နေသော သမ္မတ ဆိုင်အင်ဝမ်သည် ၎င်း၏ ရွေးကောက်ပွဲလှုပ်ရှားမှုများကို ဖျက်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**အေအက်ဖ်ပီ၊ အင်န်အိတ်ချ်ကေ**

## အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ စက်ရုံတစ်ရုံ မီးလောင်ပေါက်ကွဲပြီး ပြိုကျကာ လူအချို့ပိတ်မိနေ

**နယူးဒေလီ ဇန်နဝါရီ ၂**

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီ၌ ဇန်နဝါရီ ၂ ရက်က စက်ရုံတစ်ရုံ မီးလောင်ကာ ပြိုကျမှု ဖြစ်ပွားခဲ့ရာ ပြိုကျ အဆောက်အအုံအတွင်း မီးသတ်ကယ်ဆယ်ရေးအဖွဲ့ဝင်များ အပါအဝင် လူတချို့ပိတ်မိနေကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

မီးလောင်မှုသည် နယူးဒေလီမြို့ အနောက်ပိုင်း ပီရာဂါနီ ဧရိယာရှိ စက်ရုံတစ်ရုံ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးလောင်နေချိန်အတွင်း ပေါက်ကွဲမှု တစ်ခု ဖြစ်ပွားရာမှ အဆောက်အအုံ ပြိုကျသွားခဲ့ပြီး အပျက်အစီးပုံများ အောက်တွင် လူအချို့ ပိတ်မိနေကြောင်း အာဏာပိုင်များ၏ ပြောကြားချက်အရ သိရသည်။

မီးလောင်မှုဖြစ်ဖြစ်ချင်း အာဏာပိုင်များက မီးသတ်ကယ်ဆယ်ရေး အဖွဲ့ဝင် ၃၅ ဦးကို မီးငြိမ်းသတ်ရန် အခင်းဖြစ်ပွားရာသို့ အလျင်အမြန် စေလွှတ်ခဲ့သည်။ မီးငြိမ်းသတ်ရေး လုပ်ငန်း ဆောင်ရွက်နေဆဲဖြစ်ပြီး မီးလောင်အဆောက်အအုံအတွင်း ပိတ်မိနေကြသူများကို ကယ်ဆယ်နိုင်ရန် ကြိုးပမ်းနေကြောင်း ရဲတပ်ဖွဲ့ အာဏာပိုင်တစ်ဦးက ပြောသည်။



စက်ရုံမီးလောင်မှုဖြစ်ပွားခဲ့သည့်နေရာမှ မီးခိုးများ ထွက်ပေါ်နေစဉ်။

မီးသတ်ဌာနသည် ဒေသစံတော်ချိန် နံနက် ၄ နာရီခွဲ၌ မီးလောင်မှု ဖြစ်ပွားနေကြောင်း အရေးပေါ် ဆက်သွယ်အကြောင်းကြားမှု ရရှိခဲ့ပြီးနောက် မီးငြိမ်းသတ်နိုင်ရေး အမြန်ဆုံး ဆောင်ရွက်ခဲ့သည်ဟု ဆိုသည်။

နယူးဒေလီမြို့တော်ဝန် အာဗင် ကက်ဂျရီဝယ်လ်က အခြေအနေများကို အနီးကပ် စစ်ဆေးဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။ မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို မသိရှိရသေးပေ။

ပြီးခဲ့သည့် လအတွင်းကလည်း မြို့တော်နယူးဒေလီရှိအဆောက်အအုံဟောင်းတစ်ခု မီးလောင်မှုဖြစ်ပွားခဲ့ပြီး လူ ၄၃ ဦး သေဆုံးခဲ့သည်။

**ဆင်ဟွာ**

## ဩစတြေးလျ၌ အပူလှိုင်းမကျရောက်မီ မီးဘေးသင့်ဧရိယာများရှိ ဒေသခံပြည်သူများကို ကယ်ဆယ်ရွှေ့ပြောင်းမှုပြုလုပ်ရန် အစိုးရအမိန့်ထုတ်

**ဆစ်ဒနီ ဇန်နဝါရီ ၂**

ဩစတြေးလျနိုင်ငံ၌ တောမီးလောင်မှုကို အပြင်းအထန် ရင်ဆိုင်နေရသည့် ကမ်းခြေဒေသများမှ ကမ္ဘာလှည့်ခရီးသွားများ အလုံးအရင်း ထွက်ခွာလာလျက်ရှိချိန်တွင် အစိုးရက မီးဘေးသင့်ဧရိယာများရှိ ဒေသခံပြည်သူများကို အမြန်ဆုံးကယ်ဆယ်ရွှေ့ပြောင်းမှုများ ဆောင်ရွက်ရန် အမိန့်ထုတ်ခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း၌ မကြာမီ အပူလှိုင်းကျရောက်မှုကို ရင်ဆိုင်ရဖွယ်ရှိကြောင်း ခန့်မှန်းထားသည်ဖြစ်ရာ အပူလှိုင်းကျရောက်မှုက လောင်နေသည့် တောမီးကို ပိုမို အရှိန်အဟုန်ကောင်းလာစေနိုင်သည့်အတွက် အပူလှိုင်းမကျရောက်မီ အမြန်ဆုံးကယ်ဆယ်ရွှေ့ပြောင်းမှုများ ပြုလုပ်ရန် အစိုးရက ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တောမီးသည် နှစ်သစ်ကူးနေ့တွင် ဩစတြေးလျအရှေ့တောင်ပိုင်းတစ်လျှောက် အရှိန်အဟုန်ပြင်းစွာ တောက်လောင်ခဲ့ရာ လူ ရှစ်ဦးထက်မနည်း သေဆုံးခဲ့ရပြီး အားလပ်ရက် အပန်းဖြေသူများကို သောင်တင်နေစေခဲ့သည်။ အန္တရာယ်ကြီးမားသည့် တောမီးလောင်မှု အခြေအနေကြောင့် နယူးဆောက်ဝေးလ်အကြီးအကဲ ဂလက်ဒီစ်ဘီရီဂျီကီလီယန်က ခုနစ်ရက်ကြာ နိုင်ငံတော်အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာခဲ့ပြီး သောကြာနေ့မှ စတင်ကာ အရေးပေါ် ကယ်ဆယ်ရွှေ့ပြောင်းမှုများ မဖြစ်မနေ လုပ်ဆောင်ရန် ထုတ်ပြန်ခဲ့သည်။

မီးလောင်မှုများဖြစ်ပေါ်သည့် ယခုရာသီချိန်၌ ဩစတြေးလျ၏ လူဦးရေ အထူထပ်ဆုံးဖြစ်သည့် အဆိုပါဒေသတွင် တောမီးလောင်မှုသည် ယခုအကြိမ်နှင့်ဆိုလျှင် သုံးကြိမ်မြောက် တောမီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဩစတြေးလျ၏အန္တရာယ်အကြီးဆုံးတောမီးလောင်မှုအတွင်း သေဆုံးသူ ၁၈ ဦးထက်မနည်းရှိခဲ့ပြီဖြစ်ပြီး နောက်ထပ်သေဆုံးသူ အရေအတွက်မြင့်တက်လာနိုင်သည့် အခြေအနေကို စိုးရိမ်လျက်ရှိသည်။ ဗစ်တိုးရီးယား ပြည်နယ်တွင် လက်ရှိ ပျောက်ဆုံးနေသူ ၁၇ ဦး ရှိကြောင်း ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့က ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## ဂျာမနီနိုင်ငံ အနောက်မြောက်ပိုင်းရှိ ခဲရာလ်ဖဲလ်တိရစ္ဆာန်ရုံ မီးလောင်မှုကြောင့် မျောက်အကောင် ၃၀ သေဆုံး

**ဘာလင် ဇန်နဝါရီ ၂**

ဂျာမနီနိုင်ငံအနောက်မြောက်ပိုင်း ခဲရာလ်ဖဲလ်မြို့ရှိ တိရစ္ဆာန်ရုံတစ်ရုံ၌ နှစ်သစ်ကူး မီးအိမ်ထွန်းညှိရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ မျောက်အကောင် ၃၀ ထက်မနည်း သေဆုံးခဲ့ကြောင်း ယင်းတိရစ္ဆာန်ရုံ၏ စီမံခန့်ခွဲရေးနှင့် လုံခြုံရေးဌာနက ပြောကြားသည်။

မီးလောင်မှုသည် ယမန်နေ့ည သန်းခေါင်ယံအချိန်တွင် စတင်ခဲ့ပြီး အလုံပိတ်ထားသည့် မျောက်လှောင်ရုံကို လောင်ကျွမ်းခဲ့ကာ အထဲတွင်ရှိသည့် မျောက်အကောင် ၃၀ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ရဲများက ပြောသည်။

အလုံပိတ်ထားသည့် လှောင်အိမ်အတွင်း လူဝံ၊ အော်ရန်အူတန်လူဝံ၊ ချင်ပန်ဇီနှင့် လည်ဆံမွေးဖွားမျောက်များကို ထည့်ထားသည်။ မီးလောင်မှုကြောင့် ယင်းလှောင်အိမ်အတွင်းရှိ ချင်ပန်ဇီနှစ်ကောင်သာ အသက်ရှင်ကျန်ခဲ့ကြောင်း သိရသည်။

မိမိတို့ စိုးရိမ်သည့် ကိစ္စသည် တကယ်ဖြစ်လာပြီဖြစ်ကြောင်း အမြင့်ဆုံးပရိုင်းမိတ်နို့တိုက်သတ္တဝါများကို အထူးမွေးမြူပြသထားသည့် ခဲရာလ်ဖဲလ်တိရစ္ဆာန်ရုံက ၎င်း၏ ဖေ့ဘွတ်ခ်စာမျက်နှာတွင် ဖော်ပြထားသည်။

မီးသတ်သမားများသည် အခြားတိရစ္ဆာန်ထားရှိသည့် နေရာများသို့ မီးများကူးစက်လောင်ကျွမ်းခြင်းမရှိမီ ငြိမ်းသတ်နိုင်ခဲ့သည်။ အဆိုပါ တိရစ္ဆာန်ရုံတွင် တိရစ္ဆာန်ပေါင်း အကောင် ၁၀၀၀ ခန့်ရှိပြီး တစ်နှစ်လျှင် ခရီးသွား ၄၀၀၀၀၀ ခန့် လာရောက်လည်ပတ်လေ့ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**




မီးလောင်ကျွမ်းခဲ့သော မျောက်လှောင်အိမ်ကို တွေ့ရစဉ်။

# နာမည်ကျော် နစ်ဆန်းသူဌေးဟောင်းရဲ့ ဂျပန်နိုင်ငံအတွင်းက ထွက်ပြေးမှုဂယက်

ဖြိုးစန္ဒီမွေး


နစ်ဆန်းမော်တာကုမ္ပဏီ၏ အမှုဆောင်ချုပ်ဟောင်း မစ္စတာ ကားလို့စ်ဂွင်း။

မစ္စတာကားလို့စ်ဂွင်းကို တစ်ခါတုန်းကတော့ ဂျပန်နိုင်ငံရဲ့ ကားလောကမှာ သူ့ရဲကောင်းကြီးသဖွယ် သတ်မှတ်ခဲ့ကြပါတယ်။ ဩဇာတိက္ကမနဲ့ ပြည့်စုံတဲ့ သူဌေးကြီးဟာ နစ်ဆန်းနဲ့ မစ်ဆူဘစ်ရှီ ကုမ္ပဏီတို့ကို လွှမ်းမိုးနိုင်ခဲ့ပါတယ်။

### ဂျပန်နိုင်ငံပြင်ပကိုမထွက်ရ

၂၀၁၈ ခုနှစ် နိုဝင်ဘာလမှာတော့ ဘဏ္ဍာရေးဆိုင်ရာ အလွဲသုံးမှု စွပ်စွဲချက်တွေနဲ့အတူ မစ္စတာကားလို့စ်ဂွင်းကို ရာထူးကနေ ဖြုတ်ခဲ့ပြီးတဲ့နောက်မှာတော့ ဂျပန်နိုင်ငံအတွင်းမှာ သူ့ကိုမသိတဲ့ လူမရှိလောက်အောင် ဖြစ်သွားခဲ့ပါတယ်။ ယန်းငွေ ၁ ဒသမ ၅ ဘီလီယံတန် အာမခံနဲ့အတူ သူဟာဂျပန်နိုင်ငံကနေ ဘယ်ကိုမှ ထွက်သွားလို့ မရပါဘူး။ ၂၀၂၀ ပြည့်နှစ်မှာ တရားဆက်လက်ရင်ဆိုင်ရမှာဖြစ်တဲ့အတွက် အာမခံနဲ့ လွတ်နေတဲ့အချိန်အတွင်းမှာ သူဟာဂျပန်နိုင်ငံပြင်ပကိုထွက်သွားလို့ မရပါဘူး။

### ပတ်စ်ပို့တွေ သိမ်းဆည်းထား

ကားလို့စ်ပိုင်ဆိုင်တဲ့ ပတ်စ်ပို့သုံးခုကိုလည်း သူ့အတွက် ခုခံချေပပေးမယ့် ရှေ့နေအဖွဲ့ကနေ သိမ်းဆည်းထားခဲ့ပါတယ်။ ဒါကြောင့် သူဟာ တိုင်းပြည်အတွင်းကနေ ထွက်သွားဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ သူ့ကို ကင်မရာတွေနဲ့ အနီးကပ်စောင့်ကြည့်နေပြီး ကွန်ပျူတာနဲ့ ဖုန်းအသုံးပြုမှုတွေမှာလည်း အများကြီး ကန့်သတ်ထားပါတယ်။ ဒါကြောင့်မို့ သူဟာ နွားနို့ဝယ်သွားမယ်ဆိုရင်တောင် သူ့ကိုစောင့်ကြည့်နေတဲ့ လူတွေမသိဘဲနဲ့ တိုက်ခန်းကနေ ထွက်သွားလို့မရပါဘူး။ ဒီလိုမျိုး လုံခြုံရေးတင်းကျပ်ထားတာတောင် သူဟာ ဘယ်လိုမျိုး ထွက်ပြေးသွားခဲ့တာပါလဲ။ သူထွက်ပြေးသွားတာနဲ့ ပတ်သက်ပြီး အချက်အလက် တိတိကျကျ မသိရသေးပေမယ့် ခန့်မှန်းချက်တွေကတော့ အများကြီး ထွက်ပေါ်လာပါတယ်။

### အနီးစပ်ဆုံးခန့်မှန်းချက်

လက်ဘနွန်မီဒီယာတွေမှာ ဖော်ပြထားတဲ့အချက်ကတော့ နီးစပ်မှုအရှိဆုံးခန့်မှန်းချက်ပါပဲ။ သူဟာ အိမ်ကိုလာပြီး ဖျော်ဖြေတဲ့ဂီတပွဲအပြီးမှာတော့ ဂီတတူရိယာတွေထည့်ဖို့ သယ်ဆောင်လာတဲ့ သေတ္တာအတွင်းဝင်နေခဲ့ပြီး ထွက်ပြေးလွတ်မြောက်သွားတာလို့ လက်ဘနွန်မီဒီယာတွေမှာ ဖော်ပြခဲ့ကြပါတယ်။ နောက်ထပ်ကောလာဟလတစ်ခုကတော့ သူဟာပတ်စ်ပို့အတုနဲ့ ထွက်ပြေးလွတ်မြောက်သွားတာလို့ ပြင်သစ်ဂျာနယ်မှာ ဖော်ပြပြန်ပါတယ်။ ဘာလို့လဲဆိုတော့ ကားလို့စ် အသိမ်းခံထားရတဲ့ ပတ်စ်ပို့သုံးခုထဲမှာ ပြင်သစ်ပတ်စ်ပို့လည်း အပါအဝင်ပါပဲ။ အမှန်တရားက ဘယ်လိုပဲဖြစ်ဖြစ် ကားလို့စ်ကတော့ ဂျပန်ရဲ့ တရားစီရင်မှုစနစ်ကို ရှောင်လွှဲသွားဖို့ ကြိုးပမ်းခဲ့တာကတော့ အမှန်ပါပဲ။ ကားလို့စ်ဘက်က ရပ်တည်ပေးတဲ့ ရှေ့နေဖြစ်သူ ဂျူနီချီရိုဟီရို နာကာကတော့ ကားလို့စ် ထွက်ပြေးလွတ်မြောက်သွားဖို့ဆိုရင် အဖွဲ့အစည်းကြီးကြီးတစ်ခုရဲ့ အကူအညီ ပါကိုပါရမယ်လို့ ပြောဆိုခဲ့ပါတယ်။

### ရုပ်ဖျက်ဖူးတဲ့ အစဉ်အလာရှိ

ဘယ်လိုပြောပြော သူကတော့ တိုကျိုမှာ စောင့်ကြည့်မှုတွေအောက်က ရုန်းထွက်သွားနိုင်တာကလည်း အမှန်ပါပဲ။ နောက်ပြီးတော့ ကားလို့စ်ဟာ အရင်တုန်းကလည်း ရုပ်ဖျက်တဲ့ အစဉ်အလာ ရှိခဲ့ဖူးပါတယ်။ သူပထမဆုံးအကြိမ် အဖမ်းခံရပြီး အာမခံနဲ့ လွတ်မြောက်လာတဲ့အခါမှာ ဆောက်လုပ်ရေးလုပ်သားတစ်ဦးအဖြစ် ဟန်ဆောင်ပြီး တရားရုံးကနေ ထွက်ခွာခဲ့ပါတယ်။ မီဒီယာတွေကို ရှောင်ရှားဖို့ ဒီနည်းလမ်းကို အသုံးပြုခဲ့တာပါ။ ဒါပေမယ့်လည်း သူ မအောင်မြင်ခဲ့ပါဘူး။ မီဒီယာတွေက ချက်ချင်းဆိုသလို သူ့ကိုမှတ်မိသွားပါတယ်။ နစ်ဆန်းကုမ္ပဏီဥက္ကဋ္ဌဟောင်း ကားလို့စ်ဟာ အာမခံနဲ့ လွတ်မြောက်လာတုန်းက ဦးထုပ်အပြာရောင်နဲ့ မျက်နှာဖုံးတပ်ပြီး ထွက်လာခဲ့တာပါ။ အခုအချိန်မှာ အားလုံးသိချင်နေကြတဲ့ မေးခွန်းကတော့ သူဂျပန်ကနေ ဘယ်လိုထွက်ခွာလာခဲ့ သလဲဆိုတာပါပဲ။

### တူရကီမှ လက်ဘနွန်သို့

ဝေါလစထရိဂျာနယ်ကတော့ သူဟာတူရကီကနေတစ်ဆင့် လက်ဘနွန်နိုင်ငံကို သွားရောက်ခဲ့တာပဲ ဖြစ်တယ်လို့ ဖော်ပြပါတယ်။ လေယာဉ်တွေကို ခြေရာခံနိုင်တဲ့ Flightradar 24 ဝက်ဘ်ဆိုက်က ရေးသားရာမှာတော့ ပျံသန်းမှုလမ်းကြောင်းကို အခြေခံကြည့်တဲ့အခါမှာ ပုဂ္ဂလိက ဂျက်လေယာဉ်ဟာ ဂျပန်နိုင်ငံ အိုဆာကာကနေ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ကို ဦးတည် ပျံသန်းခဲ့တာကို တွေ့ရပါတယ်။ အဲဒီနောက်မှာတော့ လက်ဘနွန်နိုင်ငံကို ဦးတည်သွားခဲ့ပါတယ်။ ကားလို့စ်ရဲ့ မိသားစုဟာ ဘရာဇီးနိုင်ငံကနေ လက်ဘနွန်နိုင်ငံအတွင်းကို ရွှေ့ပြောင်းနေထိုင်ခဲ့ကြပါတယ်။ ဒါကြောင့် အခုသူထွက်ပြေးတဲ့အခါမှာလည်း လက်ဘနွန်နိုင်ငံကို ပြန်သွားခဲ့တာပါ။ ဒီဇင်ဘာ ၃၀ ရက်မှာတော့ ကာလို့စ်ဟာ လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ကို ရောက်ရှိလာခဲ့ပါတယ်။

### ဒေါသထွက်စရာဖြစ်

ကားလို့စ်ဟာ လက်ဘနွန်နိုင်ငံအတွင်းကို တရားဝင် ဝင်ရောက်ခဲ့ပါတယ်လို့ လက်ဘနွန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပါတယ်။ အဲဒီသတင်းကို နိုင်ငံရဲ့ သတင်းအေဂျင်စီကတစ်ဆင့် ဖော်ပြခဲ့ပါတယ်။ ဒါပေမယ့် သူဂျပန်နိုင်ငံကနေ ဘယ်လိုထွက်ခွာလာခဲ့ပြီး ဘေရွတ်မြို့ကို ဘယ်လိုဝင်ရောက်လာခဲ့သလဲဆိုတာကိုတော့ မသိရပါဘူး။ ဒီအချက်အလက်တွေအားလုံးကတော့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေသာ ဖြစ်တယ်လို့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြခဲ့ပါတယ်။

ကားလို့စ်ရဲ့ ဘေရွတ်မြို့ နေအိမ်အရှေ့မှာတော့ သတင်းထောက်တွေ အများကြီး စောင့်နေခဲ့ကြပါတယ်။ ဒီဖြစ်ရပ်ဟာ ဂျပန်နိုင်ငံအတွက်တော့ အံ့ဩဒေါသထွက်စရာ ဖြစ်ရပ်တစ်ခုပါပဲ။ ဟီရိုနာကာကတော့ သူ့ရဲ့အမှုသည်ဟာ ဂျပန်နိုင်ငံကနေ ထွက်ခွာသွားမှုဟာ လုံးဝအံ့အားသင့်စရာပဲလို့ ဒီဇင်ဘာ ၃၁ ရက်မှာ ပြောခဲ့ပါတယ်။ နောက်ပြီး ကားလို့စ်ရဲ့ပတ်စ်ပို့စ်တွေအားလုံးကို သိမ်းထားတာဖြစ်တဲ့အတွက် သူ့ရဲ့ ပတ်စ်ပို့စ်တွေကို အသုံးပြုနိုင်မှာ မဟုတ်ဘူးလို့လည်း ဆက်ပြောပါတယ်။

### တခြားအကူအညီတွေ ရခဲ့သလား

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးရဲ့ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီက ဥပဒေပြုအမတ်တစ်ဦးဖြစ်သူ မာဆာဟီဆာဆာတိုကတော့ ဒီဖြစ်ရပ်သာအမှန်ဆိုရင် ကားလို့စ်ဟာ ဂျပန်နိုင်ငံအတွင်းကနေ တရားမဝင်ထွက်သွားတာသာ ဖြစ်တယ်။ သူလွတ်မြောက်ဖို့အတွက် ရာဇဝတ်မှု ကျူးလွန်လိုက်တာပဲလို့ ပြောပါတယ်။ နောက်ထပ် မေးခွန်းတစ်ခုကတော့ ကားလို့စ် လွတ်မြောက်ဖို့အတွက် အခြားနိုင်ငံတစ်ခုကနေ အကူအညီပေးခဲ့သလားဆိုတာပါပဲ။ ဂျပန်နိုင်ငံရဲ့စနစ်ဟာ တရားမဝင်နိုင်ငံအတွင်းက ထွက်ခွာမှုအတွက် လွယ်ကူလွန်းတယ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဟောင်းတစ်ဦးဖြစ်သူ ဆာတိုက ပြောပါတယ်။ ကားလို့စ်ထွက်ပြေးသွားတဲ့ သတင်းဟာ ဂျပန်နိုင်ငံကို ဒေါသထွက်စေသလို ပြင်သစ်နိုင်ငံအတွက်လည်း မကျေချမ်းစရာပါပဲ။ ဘာလို့လဲဆိုတော့ ကားလို့စ်ဟာ နစ်ဆန်းနဲ့ မစ်ဆူဘစ်ရှီတင် မကပါဘူး။ ပြင်သစ်နိုင်ငံက ရေးနော့ကားကုမ္ပဏီမှာလည်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ဖူးပါတယ်။ လက်ဘနွန်နိုင်ငံကို ရောက်ရှိတဲ့အခါမှာတော့ ကားလို့စ်ဟာ ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီကြေညာချက်မှာတော့ သူဟာ တရားစီရင်မှုကနေ ထွက်ပြေးတာမဟုတ်ဘဲ တရားမျှတမှု မရှိခြင်းနဲ့ နိုင်ငံရေးအရ ဖိနှိပ်မှုကသာ ထွက်ပြေးခဲ့တာလို့ ပြောခဲ့ပါတယ်။ သူ့ကို အတင်းဖိအားသုံးပြီး ပြန်ပို့တာကိုလည်း လိုလားမှာ မဟုတ်ပါဘူး။

### တရားခံလွှဲပြောင်းပေးရေး စာချုပ်မရှိ

လက်ဘနွန်နိုင်ငံကတော့ တရားခံလွှဲပြောင်းပေးရေးအတွက် ဂျပန်နဲ့ စာချုပ်ချုပ်ထားတာမျိုး မရှိပါဘူး။ လက်ရှိ လက်ဘနွန်နိုင်ငံရဲ့ အခြေအနေဟာလည်း ပြဿနာတွေနဲ့လုံးချာလည်လိုက်နေပါတယ်။ နိုင်ငံရေးဆိုင်ရာမတည်ငြိမ်မှုတွေ၊ စီးပွားရေးဆိုင်ရာ ပဋိပက္ခတွေနဲ့ ရှုပ်ထွေးနေပါတယ်။ ဒါကြောင့်မို့ တရားခံပြန်ပြီး လွှဲပြောင်းပေးမယ်ဆိုရင်တော့ ဦးစားပေးစာရင်းထဲမှာ ရှိမနေလောက်ပါဘူး။ ဒါပေမယ့် ဂျပန်နိုင်ငံဘက်ကတော့ လက်ဘနွန်နိုင်ငံကို အကူအညီတွေ သန်းနဲ့ချီပြီး ပေးခဲ့တာရှိပါတယ်။ ဒါကြောင့်မို့ ကားလို့စ်ကို ပြန်ပို့ပေးဖို့ လိုလားမှာ အမှန်ပါပဲ။ ။

ကိုးကား – စီအင်န်အင်န်

---

နိုင်ငံတကာသတင်းတိုထွာ

## ဂျပန်-အမေရိကန် ကုန်သွယ်ရေး သဘောတူညီချက် စတင်အသက်ဝင်

**တိုကျို ဇန်နဝါရီ ၂**

ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ကုန်သွယ်ရေးသဘောတူညီမှုအသစ်တစ်ခု ဇန်နဝါရီ ၁ ရက်က စတင်အသက်ဝင်လာခဲ့ကြောင်း သိရသည်။ အမေရိကန်၏ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များအပေါ် ပစိဖိတ်ဒေသဆိုင်ရာ ကုန်သွယ်ရေးသဘောတူစာချုပ် TPP ၏ အတိုင်းအတာကို မကျော်လွန်စေဘဲ ဂျပန်နိုင်ငံက ဈေးကွက်ဖွင့်ပေးသွားမည်ဖြစ်သည်ဟု အဆိုပါသဘောတူညီချက်တွင် ပါရှိသည်။ အမေရိကန်၏ အမဲသားများအပေါ် ဂျပန်က ကောက်ခံနေသည့် ကုန်သွယ်ခွန် ၃၈ ဒသမ ၅ ရာခိုင်နှုန်းမှ ၂၆ ဒသမ ၆ ရာခိုင်နှုန်းသို့ လျှော့ချပေးမည်ဖြစ်ပြီး နောက်ဆုံးအဆင့်အနေဖြင့် ၉ ရာခိုင်နှုန်းအထိ လျှော့ချပေးရန်ရှိကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တို့သည် ဂျပန်၏မော်တော်ယာဉ်များအပေါ် အမေရိကန်က ကုန်သွယ်ခွန်တိုးမြှင့်ကောက်ခံမှု မပြုလုပ်ရန် သဘောတူခဲ့ကြသည်။ ထို့ပြင် မော်တော်ယာဉ် အစိတ်အပိုင်းများအပေါ် အခွန်ကောက်ခံမှုနှင့် ပတ်သက်၍ ဆက်လက်ညှိနှိုင်းသွားရန် သဘောတူခဲ့ကြသည်။ အဆိုပါ အစိတ်အပိုင်းများအပေါ် အခွန်ကောက်ခံမှုကို အမေရိကန်ဘက်က အပြီးဖျက်သိမ်းပေးရန် ဂျပန်က လိုလားနေကြောင်း သိရသည်။

ဆင်ဟွာ

## နစ်ဆန်းမော်တာ ကုမ္ပဏီအမှုဆောင်ချုပ်ဟောင်းကို အာမခံပေးထားမှု ပြန်ရုပ်သိမ်း

**တိုကျို ဇန်နဝါရီ ၂**

နစ်ဆန်းမော်တာကုမ္ပဏီ၏ အမှုဆောင်ချုပ်ဟောင်း ကားလို့စ်ဂွင်းကိုပေးထားသည့် အာမခံကို ပြန်ရုပ်သိမ်းရန် တိုကျိုခရိုင် တရားရုံးက ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

လစ်ဘနွန်နိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ကြေညာချက်တစ်စောင်ကို မစ္စတာဂွန်းက ထုတ်ပြန်လိုက်ပြီးနောက်တွင် ၎င်းကိုပေးထားသည့် အာမခံကို ရုပ်သိမ်းရန် စုံစမ်းစစ်ဆေးရေးအရာရှိများက တောင်းဆိုခဲ့ကြသည်။

မစ္စတာ ကားလို့စ် ထုတ်ပြန်ခဲ့သည့် ကြေညာချက်၌ ၎င်းအပေါ် အပြစ်ရှိကြောင်း ကြိုတင်ယူဆထားမှုနှင့် ခွဲခြားဆက်ဆံမှု၊ အခြေခံလူ့အခွင့်အရေးများကို ငြင်းဆန်ကာ မှန်ကန်မျှတမှု မရှိသည့် ဂျပန်တရားစီရင်ရေးစနစ်၏ ပြန်ပေးဆွဲခံထားရမှုမှ လွတ်မြောက်တော့မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

မစ္စတာ ကားလို့စ် အာမခံရရှိရေးအတွက် တင်ထားသည့် ငွေသားအမေရိကန်ဒေါ်လာ ၁၃၈ သန်းကို သိမ်းဆည်းခံရမည်ဖြစ်ပြီး ဂျပန်နိုင်ငံသို့ ပြန်လာခဲ့လျှင် ၎င်းကို ထိန်းသိမ်းရေးစခန်း၌ ထားရှိမည်ဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# လင်းခေးခရိုင် မောက်မယ်မြို့နယ် ကဒူးကြီးကျေးရွာအုပ်စု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေး

**တောင်ကြီး ဇန်နဝါရီ ၂**

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် ကဒူးကြီးကျေးရွာအုပ်စု ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ငြိမ်းချမ်းရေးကော်မရှင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ PPDC၊ PNLO နှင့် Nippon Foundation တို့ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အတူပူးပေါင်း ဆောင်ရွက်ပေးသွားမည်**

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်သို့ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်၊ ပအိုဝ်းဒေသငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ(ဗဟို)မှ လင်းခေးခရိုင် မောက်မယ်မြို့နယ် ကဒူးကြီးကျေးရွာအုပ်စုတွင် ဒေသဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းဆွေးနွေးပေးရန် တင်ပြသည့် တန်ဖိုးနည်းအိမ်ရာများ၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ၊ ပညာရေးလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးပွဲကျင်းပရခြင်းဖြစ်သည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝမ်းမြောက်ကြိုဆိုကြောင်း၊ ရှမ်းပြည်နယ်အတွင်း NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ သုံးဖွဲ့ရှိပြီး ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) အဖွဲ့အနေဖြင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် NCA ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်က လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် တွေ့ဆုံညှိနှိုင်းပြီး ငြိမ်းချမ်းရေးကော်မရှင်၊ Nippon Foundation မှ ကူညီထောက်ပံ့ပေးမှုများအား ဒေသတွင်း ငြိမ်းချမ်းရေး လုပ်ငန်းများကို အထောက်အပံ့ဖြစ်စေသလို ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖော်ဆောင်ပေးရာရောက်သည့်အတွက် ပြည်နယ်အစိုးရအဖွဲ့က ဝမ်းမြောက်စွာ အတူပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား)က အမှာစကားပြောကြားပြီး ပအိုဝ်းဒေသငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ(ဗဟို) ဥက္ကဋ္ဌ ဦးခွန်ထွန်းမြင့်၊ ပအိုဝ်းဒေသငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ (ဗဟို) (PPDC)၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)တို့မှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။

ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးက ဆွေးနွေးချက်များအပေါ် ပြန်လည် ရှင်းလင်းခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



လင်းခေးခရိုင် မောက်မယ်မြို့နယ် ကဒူးကြီးကျေးရွာအုပ်စု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆွေးနွေးပွဲ ကျင်းပစဉ်။

# လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်း မော်လမြိုင်၌ ဖွင့်လှစ်

**မော်လမြိုင် ဇန်နဝါရီ ၂**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြခန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ်ဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းအတွင်းသို့ လှည့်လည်ကြည့်ရှုကြသည်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် တာဝန်ရှိသူများ လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

အဆိုပါ ပြခန်းတွင် လွတ်လပ်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှု သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတော်အကြီးအကဲများ မွန်ပြည်နယ်အတွင်း ရောက်ရှိမှု မှတ်တမ်းဓာတ်ပုံများ၊ မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများနှင့် ဌာနဆိုင်ရာများမှ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ဇန်နဝါရီ ၂ ရက်မှ ၇ ရက်အထိ ပြသ သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေလင်း(ပြန်/ဆက်)**

# မင်းလှ၌ ပန်းတော(၂)ကျေးရွာနှင့် ဒီလှိုင်းကျေးရွာတွင် လူထုတွေ့ဆုံပွဲ ပြုလုပ်

**မင်းလှ ဇန်နဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ရွှေလောင်းကျေးရွာအုပ်စု ပန်းတော (၂) ကျေးရွာ အပွမာဒဘုန်းတော်ကြီးကျောင်း၌ တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် ဒေသခံပြည်သူများသည် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လူထုတွေ့ဆုံပွဲကို ယမန်နေ့က ကျင်းပသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီး ဦးအောင်ဇော်နိုင်က ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် ဒေသခံများက မိမိတို့ကျေးရွာရှိ ဖွံ့ဖြိုးရေးဆိုင်ရာများကို တင်ပြပေးရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီလမ်းကြောင်း ပြောင်းလဲလာမှု၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး ဖွဲ့စည်းထားရှိမှုများကို ရှင်းလင်းစွာသိရှိရန် လိုအပ်ကြောင်း၊ ယခုလာရောက် တွေ့ဆုံမှုသည် ဝန်ကြီးအနေဖြင့်သာမက ကိုယ်စားလှယ်အနေဖြင့်ပါလာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ အများဆန္ဒအားဦးစားပေး၍ တင်ပြမှုများဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။





မင်းလှ၌ ပန်းတော(၂)ကျေးရွာနှင့် ဒီလှိုင်းကျေးရွာတွင် လူထုတွေ့ဆုံပွဲ ပြုလုပ်စဉ်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးညွန့်က ကြိုဆိုနှုတ်ဆက် စကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်ထွန်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကိုတင်ပြရာ တိုင်းဒေသကြီးဝန်ကြီး ဦးအောင်ဇော်နိုင်က ဖြည့်စွက်ရှင်းလင်းပြောကြားကာ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပေးခဲ့သည်။ ဆက်လက်၍ ရွှေလောင်းအုပ်စု ဒီလှိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လူထုတွေ့ဆုံပွဲကျင်းပခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

**ပေါက်စ(မင်းလှ)**

# နှစ်သစ်ကူးစုပေါင်းသွေးလှူဒါန်းပွဲ ထားဝယ်၌ ကျင်းပ

**ထားဝယ် ဇန်နဝါရီ ၂**

၂၀၂၀ ပြည့် နှစ်သစ်ဦးတွင် ထားဝယ်မြို့ ကုသိုလ်ပြုသန့်ရှင်းရေးအဖွဲ့က ဦးဆောင်၍ ပထမအကြိမ် စုပေါင်း ကုသိုလ်ယူ သွေးလှူဒါန်းပွဲကို ယမန်နေ့က တနင်္သာရီတိုင်းဒေသ ကြီး ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး ၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီး ဝန်ကြီး များ၊ ထားဝယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးမြင့်၊ သွေးလှူဘဏ် တာဝန်ခံ ဒေါက်တာစန်းစန်းဝင်းနှင့် တာဝန်ရှိသူတို့က စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှု၍ အားပေးစကားပြောကြားပြီး သွေးလှူဒါန်းမှု အကြိမ်ရေအများဆုံးလှူဒါန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။ ဆက်လက်၍ တာဝန်ရှိသူများက ကုသိုလ်ပြုသန့်ရှင်းရေးအဖွဲ့မှ သွေးလှူဒါန်းသူ ၁၁၈ ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပန်းတောင်းမြို့နယ် စာရေးဆရာအသင်း သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကျင်းပ

**ပန်းတောင်း ဇန်နဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် စာရေးဆရာအသင်းမှ အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာလ နောက်ဆုံးပတ်က ဥသျှစ်ပင်မြို့ မြို့နယ်စာရေးဆရာအသင်းရုံး အလင်္ကာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးစာပေပညာရှင်များဖြစ်ကြသော သံလယ်ကြီးဆရာတော် (မင်းယုခိုင်-မင်းတုန်း)၊ ဗိုလ်မှူးကြီးတင်လှိုင်- ငြိမ်း(ဗိုလ်တင်လှိုင်-ပန်းတောင်း)၊ ဦးမြဝင်း-ပါမောက္ခငြိမ်း (မြဝင်း-ဒဿန)၊ ဦးသိန်းဟန်(ရဲဟန်-ဥသျှစ်ပင်)၊ ဦးကြည်လှိုင်(လှိုင်ကြည်ဦး-ထုံးဘို)၊ ဦးမျိုးညွန့်(ဆရာမျိုး-ထုံးဘို)တို့အား လှူဖွယ်ပစ္စည်းများနှင့်အတူ ကန်တော့ချီးဖြင့် ကန်တော့ကြရာ ကန်တော့ခံဆရာကြီးများက ဆုံးမဩဝါဒများ ပြောကြားသည်။

ဆက်လက်၍ ပန်းတောင်းအသင်း(ရန်ကုန်)၏ စီစဉ်မှုဖြင့် မြို့နယ်စာရေးဆရာအသင်းမှ ကြီးမှူးကျင်းပသော ဝတ္ထုတို၊ ကဗျာပြိုင်ပွဲမှ ဆုရဆရာ ၁၃ ဦးအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေး၊ ပန်းတောင်းအသင်းနာယက ဦးတင်လှိုင်၊ မြဝင်း(ဒဿန)တို့က ဆုများ ချီးမြှင့်ပေးခဲ့သည်။

**အောင်မြင့် (ပန်းတောင်း)**



ပန်းတောင်းမြို့နယ် စာရေးဆရာအသင်း သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ကြစဉ်။

# ပျဉ်းမနားမြို့နယ်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ငွေပဒေသာပင်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လူမှုဝန်ထမ်းရုံးက ဦးဆောင်ကာ ပျဉ်းမနားမြို့နယ် ဘိုးဘွားရိပ်သာ နှစ်ပတ်လည် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ငွေပဒေသာပင် လှူဒါန်းပွဲကို ယမန်နေ့က ဗုဒ္ဓဘာသာ ပျဉ်းမနားဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

ရှေးဦးစွာ ဗုဒ္ဓဘာသာပျဉ်းမနား ဘိုးဘွားရိပ်သာတွင် မှီခိုနေထိုင်၍ တရားဘာဝနာပွားများ အားထုတ်လျက်ရှိကြသော ဘိုးဘွားများအား စားဝတ်နေရေး၊ ကျန်းမာရေးမှအစ ပြည့်စုံစေရန် နေပြည်တော်ကောင်စီမှ လှူဒါန်းငွေကျပ် ဆယ်သိန်း၊ နေပြည်တော်ကောင်စီ သီးခြားလှူဒါန်းငွေကျပ် ငါးသိန်း၊ နေပြည်တော် ဌာနဆိုင်ရာများမှ လှူဒါန်းငွေကျပ် နှစ်ဆယ့်ငါးသိန်း ရှစ်ထောင့်သုံးရာ နှင့် Cypress ကုမ္ပဏီ ဦးရဲရင့်ထွန်းက လှူဒါန်းငွေကျပ်ငါးသိန်းတို့အား နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းနှင့် တာဝန်ရှိသူများက ငွေပဒေသာပင် များအား ပေးအပ်လှူဒါန်းရာ ဗုဒ္ဓဘာသာ ပျဉ်းမနားဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးလှမြင့်က လက်ခံရယူသည်။



ထို့နောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပရာ နေပြည်တော် ကောင်စီဝင်၊ နေပြည်တော် လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ လှူမှုရေးအသင်းအဖွဲ့များ၊ ဘိုးဘွားရိပ်သာရှိ အဘိုး အဘွားများနှင့် အလှူရှင်များက စုပေါင်း၍ ပျဉ်းမနားမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော် ၁၀၈ ပါး၊ သီလရှင် ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းမျိုးစုံတို့ကို လောင်းလှူကြကြောင်း သိရသည်။ (အပေါ်ပုံ)

**စိုးမိုး(ပြန်/ဆက်)**

# တောင်ကုတ်မြို့နယ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ မိတ်ဆက်ရှင်းလင်း

**တောင်ကုတ် ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ မိတ်ဆက်ရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက တောင်ကုတ်မြို့နယ် ဂျီပြင်ကျေးရွာနှင့် နတ်ကန်ကျေးရွာများ၌ ပြုလုပ်သည်။

တောင်ကုတ်မြို့နယ် ကျေးလက်ဦးစီးမှူး ဦးညီညီနှင့် တာဝန်ရှိသူတို့က ကွင်းဆင်းပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီ ဖွဲ့စည်းခြင်းလုပ်ငန်း ရွေးချယ်အတည်ပြုခြင်းကိစ္စများ ဆောင်ရွက်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ၃၁ ဒသမ ၆၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဟုန်းပေါက်တောင်ကျေးရွာ အိမ်တိုင်ရာရောက် ရေမီတာတပ်စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ကျေးလက်ဦးစီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် တောင်ကုတ်မြို့နယ် ကျေးရွာ ၁၅ ရွာတွင် လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးရွာတစ်ရွာတွင် စီမံကိန်းထောက်ပံ့ငွေကျပ် ၁၀ သန်းနှင့် ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**၁၅၇**

# ဆရာတော်ကိုပညာ(အမရပူရ) သက်တော်(၈၈)နှစ်ပြည့် ဝိဇာတမွေးနေ့ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၂**

အမျိုးသားစာပေဆုရှင်ဆရာကိုပညာ (အမရပူရ) သက်တော်(၈၈)နှစ်ပြည့် ဝိဇာတမွေးနေ့အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက်တွင် အမရပူရမြို့ တောင်သမန်အင်းစောင်း တောင်လေးလုံးကျောင်းတိုက်ရှိ သူဌေးဘုရားရင်ပြင်တော်၌ ကျင်းပမည်ဖြစ်သည်။

ဆရာတော်ကိုပညာ၏ ငယ်မည်မှာ မောင်မြသောင်းဖြစ်ပြီး ၁၉၄၀ ပြည့်နှစ်တွင် တောင်လေးလုံးကျောင်းသို့ ရောက်ရှိတော်မူပြီး စာပေသင်ယူခဲ့သည်။ ၁၆နှစ်အရွယ်တွင် အမရပူရမဟာဂန္ဓာရုံဆရာတော် အရှင်နေကာဘိဝံသထံတွင် ပရိယတ္တိစာပေသင်ယူခဲ့ပြီး ဓမ္မာစရိယအောင်မြင်တော်မူခဲ့သည်။ ၁၉၅၅ ခုနှစ်တွင်စုံထောက်မဂ္ဂဇင်း၌ ဆောင်းပါးနှင့် ဝတ္ထုရေးသားခဲ့ပြီး စာပေလောကသို့ ရောက်ရှိခဲ့သည်။

၁၉၆၇ခုနှစ်တွင်ကိုပညာ(အမရပူရ )ကလောင်အမည်ခံယူ၍ ငွေတာရီမဂ္ဂဇင်းတွင် စာပေရေးသားခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် တောင်သမန်ဝန်းကျင်သမိုင်းဝင်နေရာများ စာအုပ်ဖြင့် အမျိုးသားစာပေဆု (သုတပဒေသာ ဝိဇ္ဇာ) ကို ရရှိခဲ့ပြီး ၂၀၁၆ ခုနှစ် မေ ၂၆ ရက်က ဆုန်လပြည့်နေ့ နံနက် ၁၀နာရီခန့်တွင် ပျံလွန်တော်မူခဲ့သည်။ ပျံလွန်တော်မူချိန်တွင် သက်တော် ၈၄ နှစ်ဝါတော် ၆၄ ဝါရှိပြီဖြစ်သည်။

**တင်မောင်(မန်းကိုယ်ပွား)**


# ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုရ စာအုပ်ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာနပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၇ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ ဝတ္ထုတိုပေါင်းချုပ်၊ ပထမဆုရရှိသည့်စာရေးဆရာ ယိမ်းနွဲ့လျှံ၏ "ရွှေစင်တစ်ရစ် မြတစ်ရစ်ဝတ္ထုတိုများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် "တူတော့မတူ...သို့သော်၊ ဆေးရုံပေါ်မှာ တွေ့ခဲ့ပါသည်၊ ကိုဘုန်းခိုင်နှင့် ဖုန်းဒိုင်ကာ၊ ကံမိကံဖ၊ တိမ်ရောင်ကို စိန်တောင်ထင်မိမှား၊ ရွှေမြင့်မိုရ် မေတ္တာပိုသည်ကြောင့်" အပါအဝင်ဝတ္ထုတို ၁၁ ပုဒ်ပါဝင်သည်။ ဆရာယိမ်းနွဲ့လျှံသည် စာဆိုစစ်သည်တစ်ဦးပီပီ ၎င်းဝတ္ထုတိုများတွင် တပ်မတော်သားတို့၏ အတွေ့အကြုံ၊ လူမှုလောက နယ်အဖုံဖုံမှ ကြုံရဆုံရ ဘဝစာမျက်နှာများကို သုတ၊ ရသများ မွှမ်းထုံကာ ရေးသားတင်ပြထားသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ၇၅၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

# အသံမဲ့ကမ္ဘာမှ ကယ်တင်ခြင်း စာအုပ်ထွက်ရှိ




ပါမောက္ခ ဒေါက်တာစိုးတင် ရေးသားထားသော မိဘတိုင်း သိထားသင့်သည့် အသံမဲ့ကမ္ဘာမှ ကယ်တင်ခြင်း စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

စာအုပ်တွင် မိမိတို့ရင်သွေးများကို ဆွံ့အနားမကြားသည့် အသံတိတ်ကမ္ဘာဆိုးထဲ ရောက်မသွားစေရန် ရည်ရွယ်၍ ရေးသားထားသည်။

ဆွံ့အနားမကြား ဖြစ်သွားစေတတ်တာဟာ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်တတ်ပြီး အတော်များများကို ကြိုတင်ကာကွယ်လို့ရသည့်အကြောင်း၊ ဖြစ်လာရင်လည်း စောစောစီးစီး သိလာလျှင်၊ အလျင်အမြန်ကုသခြင်းဖြင့် ဆွံ့အနားမကြားဘဝမရောက်ခင် ကာကွယ်လို့ရကြောင်း။ ဖြစ်လာလျှင် ကုသပြီး ပြန်လည်ပျိုးထောင်လို့ရကြောင်း။ ထိုဖြစ်ရပ်များကို မိခင်များ၊ ဖခင်များအနေနှင့် အစဉ်စောင့်ကြည့်ပြီး ကာကွယ်ပြုစုကုသခြင်းဖြင့် မိမိတို့ရင်သွေး၏ ဘဝဆိုးကို ကာကွယ်နိုင်ကြောင်း စသည်တို့ကို စိတ်ဝင်စားဖွယ်ရေးသားထားသည်။

အဆိုပါစာအုပ်အား မြန်မာတစ်ပြည်လုံးရှိ မိခင်လောင်းနှင့် မိခင် ဖခင်များကို သိရှိပညာပေးနိုင်ရန် စာအုပ်ပုံနှိပ်ထုတ်ဝေခအားလုံးကို အမြတ်အစွန်းလုံးဝမယူဘဲ ဖြန့်ဝေရောင်းချသွားမည်ဖြစ်ပြီး ရရှိငွေအားလုံးကို ကံဆိုးသူကလေးငယ်များအား အသံမဲ့ကမ္ဘာမှ ကယ်တင်နိုင်ရန် သောတပြည့်စုံစီမံချက်သို့ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၁-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၂၁၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၂၁၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၀/၉၇၅ | ကျပ် | ၉၈၅/၉၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၀/၉၉၀ | ကျပ် | ၉၉၅/၁၀၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၃၀/၈၉၅ | ကျပ် | ၉၃၀/၉၄၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၄၀/၉၉၀ | ကျပ် | ၁၀၃၅/၁၀၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၇၁ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၄၉ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၂ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၄၅ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၅၂ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ . ၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၁ . ၃၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၆၃၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၇ . ၂၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၉ . ၉၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ . ၈၀၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၀၀၀ | ၁၄၅ | ၁၅၉၅၀၀၀ |
| MTSH | ၃၈၅၀ | ၃၉၅၀ | ၆၁၀၁ | ၂၃၅၀၇၇၅၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၂၃ | ၁၈၈၆၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၁၀၄၇ | ၂၄၀၈၁၀၀၀ |
| TMH | ၂၉၅၀ | ၂၉၅၀ | ၁ | ၂၉၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊တင်လင်းအောင်
အငယ်တန်း သတင်းထောက်များ - တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## 2019-20 Carabao Cup

# ပရီမီယာလိဂ်မှာလို အနိုင်ရဖို့မလွယ်တဲ့ မန်ယူ

ဝေမိုးဆက်

ကာရာဘောင်ဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်ပထမအကျော့ပွဲတွေကို လာမယ့် ဇန်နဝါရီ ၈ ရက်နဲ့ ၉ ရက်နေ့တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါပွဲတွေမှာတော့ မန်ယူနဲ့ မန်စီးတီးတို့ဆုံတွေ့မယ့် မန်ချက်စတာဒါဘီပွဲပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေကာ လက်စတာကတော့ ဗီလာကိုအိမ်ကွင်းမှာ အနိုင်ကစားသွားဖို့ရှိနေပါတယ်။

## Old Trafford

**မန်ယူ - မန်စီးတီး**

နောက်ဆုံးတွေ့ဆုံမှု - မန်စီးတီး ၁-၂ မန်ယူ (၂၀၁၉)

| မန်ယူ၏ ကာရာဘောင်ဖလားခြေစွမ်း | | |
|---|---|---|
| မန်ယူ | ၃-၀ | ကိုချက်စတာ |
| ချယ်လ်ဆီး | ၁-၂ | မန်ယူ |
| မန်ယူ | ၁-၁ | ရိုချာဒဲလ် |

| မန်စီးတီး၏ ကာရာဘောင်ဖလားခြေစွမ်း | | |
|---|---|---|
| အောက်စဖို့ဒ် | ၁-၃ | မန်စီးတီး |
| မန်စီးတီး | ၃-၁ | ဆောက်သမ်တန် |
| ပရက်စတန် | ၀-၃ | မန်စီးတီး |

မန်ယူအနေနဲ့ ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ် မန်စီးတီးရဲ့အိမ်ကွင်းမှာသွားရောက်ကစားခဲ့တုန်းက ၁-၂ ဂိုးနဲ့အနိုင်ရယူ နိုင်ခဲ့ပါတယ်။ မန်ယူဟာ အဆိုပါပွဲမှာ ခြေစွမ်းပိုင်းကောင်းမွန်ခဲ့သလို လက်ရှိအချိန်မှာလည်း မာတီရယ်၊ ရက်ရှ်ဖို့ဒ်တို့ ဂိုးသွင်းခြေပြန်လည်ရရှိနေတာကြောင့် တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းအား တည်ငြိမ်နေပါတယ်။ အထူးသဖြင့် မန်ယူဟာ ဆုဖလားမျှော်လင့်နိုင်တာဆိုလို့ ဒီကာရာဘောင်ဖလားပွဲနဲ့ အက်ဖ်အေဖလားတို့သာရှိတာကြောင့် ဆီမီးဖိုင်နယ် အဆင့်ရောက်နေတဲ့ ဒီပြိုင်ပွဲမှာ ဗိုလ်လုပွဲတက်နိုင်ဖို့ ပိုမိုအားစိုက်မှာဖြစ်သလို အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ ဒါပေမယ့် မန်စီးတီးကလည်း ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေပါတယ်။ အထူးသဖြင့် မန်စီးတီးအနေနဲ့လည်း ဒီရာသီမှာ ပရီမီယာလိဂ်ချန်ပီယံဖြစ်နိုင်ဖို့ခက်ခဲနေတာကြောင့် ဒီပြိုင်ပွဲမှာ ဗိုလ်လုပွဲတက်နိုင်ဖို့အတွက် အားစိုက်လာမှာသေချာတယ်။ ဒါကြောင့်လည်း မန်ယူတို့ ပရီမီယာလိဂ်မှာတုန်းကလို မန်စီးတီးကိုအနိုင်ရယူနိုင်ဖို့မလွယ်ဘဲ သရေလောက်ပဲ ကစားနိုင်ဖို့ရှိတယ်။

## King Power

**လက်စတာ - ဗီလာ**

နောက်ဆုံးတွေ့ဆုံမှု - ဗီလာ ၁-၄ လက်စတာ (၂၀၁၉)

| လက်စတာ၏ ကာရာဘောင်ဖလားခြေစွမ်း | | |
|---|---|---|
| အဲဗာတန် | ၂-၂ | လက်စတာ |
| ဘာတန် | ၁-၃ | လက်စတာ |
| လူတန်တောင်း | ၀-၄ | လက်စတာ |
| ကာဆယ် | ၁-၁ | လက်စတာ |

| ဗီလာ၏ ကာရာဘောင်ဖလားခြေစွမ်း | | |
|---|---|---|
| ဗီလာ | ၅-၀ | လီဗာပူး |
| ဗီလာ | ၂-၁ | ဝုဖ် |
| ဘရိုက်တန် | ၁-၃ | ဗီလာ |
| ခရူဝီလ် | ၁-၆ | ဗီလာ |

ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာ ဗီလာတို့အိမ်ကွင်းပွဲအဖြစ် လက်စတာကိုလက်ခံကစားခဲ့တုန်းက ၁-၄ ဂိုးနဲ့ ဂိုးပြတ်အရေးနိမ့်ခဲ့ရပါတယ်။ ဗီလာဟာ လက်ရှိအချိန်မှာ ခြေစွမ်းတည်ငြိမ်မှုမရှိပါဘူး။ အထူးသဖြင့် ခံစစ်ပိုင်းကအားနည်းမှုတွေ များပါတယ်။ ဗီလာဟာ အခုလို ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်လာနိုင်ခြင်းကလည်း လီဗာပူးနဲ့ ရင်ဆိုင်ခဲ့ရတဲ့ပွဲမှာ လီဗာပူးက ကမ္ဘာ့ကလပ်ချန်ပီယံများဖလားပွဲကြောင့် အရန်အသင်းနဲ့သာယှဉ်ပြိုင်ခဲ့တဲ့အတွက် ဗီလာတို့ ဂိုးပြတ်အနိုင်ရပြီး ဒီလိုအဆင့်ကို တက်ရောက်လာနိုင်တာ ဖြစ်ပါတယ်။ လက်စတာကတော့ ပရီမီယာလိဂ်မှာရော ဒီပြိုင်ပွဲမှာပါ ခြေစွမ်းကောင်းတွေပြသထားနိုင်ပါတယ်။ ဗာဒီခြေစွမ်းပြနေတာကြောင့်လည်း တိုက်စစ်ပိုင်းထက်မြက်နေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေလို့ လက်စတာတို့ ဗိုလ်လုပွဲတက်နိုင်ဖို့ ဂရုတစိုက်ကစားလာမှာ သေချာတယ်။ လက်စတာ နိုင်ပွဲရယူသွားနိုင်မှာပါ။

# ဇန်နဝါရီလအတွင်းတွင် ဗီဒဲလ်အား ဘာစီလိုနာအသင်း လက်လွှတ်ဖွယ်မရှိ

စပိန်ကလပ် ဘာစီလိုနာအသင်း တာဝန်ရှိသူများသည် ဇန်နဝါရီဈေးကွက်ကာလအတွင်းတွင် ကွင်းလယ်ကစားသမား ဗီဒဲလ်အား ရောင်းချခြင်းမပြုရန် ဆုံးဖြတ်ထားကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ချီလီကစားသမား ဗီဒဲလ် (၃၂ နှစ်)အား အင်တာမီလန်အသင်းက ဇန်နဝါရီဈေးကွက်ကာလအတွင်း ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ဘာစီလိုနာအသင်းက ဗီဒဲလ်အား ဇန်နဝါရီလအတွင်း ရောင်းချခြင်းမပြုရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် အသင်းမှ ဗဟိုကွင်းလယ်ကစားသမားတစ်ဦးဖြစ်သူ ကာလက်စ်အလီနာအား ဇန်နဝါရီဈေးကွက်အတွင်းတွင် ရီးရဲဘက်တစ်အသင်းသို့ ယခုနှစ်ဘောလုံးရာသီကုန်ဆုံးချိန်အထိ အငှားချထားခဲ့ပြီး ကွင်းလယ်ကစားသမား အာသာမယ်လိုသည်လည်း ဒဏ်ရာပြဿနာကြောင့် သီတင်းပတ် သုံးပတ်ကြာ အနားယူရမည်ဖြစ်သောကြောင့် ကွင်းလယ်ကစားသမား ဗီဒဲလ်အား ယခုလအတွင်း ရောင်းချခြင်းမပြုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ကွင်းလယ်ကစားသမား ဗီဒဲလ်နှင့်ဘာစီလိုနာအသင်းတို့သည် ဆုကြေးငွေကိစ္စနှင့်ပတ်သက်၍ အငြင်းပွားမှုဖြစ်ပွားလျက်ရှိသည်။

ကွင်းလယ်ကစားသမား ဗီဒဲလ်သည် ၂၀၁၈ ခုနှစ် ဩဂုတ်လအစောပိုင်းတွင် ဘိုင်ယန်မြူးနစ်အသင်းမှ ဘာစီလိုနာအသင်းသို့ သုံးနှစ်သက်တမ်းရှိစာချုပ်ဖြင့် ပြောင်းရွှေ့လာသူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းအတွက် စုစုပေါင်း ၁၉ ပွဲ ပါဝင်ကစားထားကာ ငါးဂိုးသွင်းယူထားသူဖြစ်သည်။

အင်တာမီလန်အသင်းသည် ကွင်းလယ်ကစားသမား ဗီဒဲလ်အား ခေါ်ယူရန် စိတ်ဝင်စားနေကာ အင်တာမီလန်အသင်းဒုတိယဥက္ကဋ္ဌ ဂျာဗီးယားဇနက်တီက ဗီဒဲလ်သည် အတွေ့အကြုံကောင်းများ ပိုင်ဆိုင်ထားသည့် ကစားသမားကောင်း တစ်ဦးဖြစ်ပြီး ၎င်းအား ခေါ်ယူရေးနှင့်ပတ်သက်၍ စောင့်ကြည့်နေကြောင်း ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ပြောဆိုခဲ့သည်။

ကွင်းလယ်ကစားသမား ဗီဒဲလ်သည် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အီတလီကလပ် ဂျူဗင်တပ်စ်အသင်းတွင် ပါဝင်ကစားခဲ့ဖူးသူဖြစ်ကာ ဂျူဗင်တပ်စ်အသင်းတွင် လက်တွဲခဲ့ဖူးသူ နည်းပြကွန်တီသည် လက်ရှိအချိန်တွင် အင်တာမီလန်အသင်းနည်းပြအဖြစ် တာဝန်ယူနေသူဖြစ်သည်။

**ထက်အောင်**



## အက်ဖ်အေဖလား

### စနေနေ့ (၄-၁-၂၀၂၀)

| | | | |
|---|---|---|---|
| ည ၇း၀၀ | ရိုချာဒဲလ် | - | နယူးကာဆယ် |
| ည ၇း၀၀ | ဘရစ္စတိုးလ် | - | ရှုရှူဘရီ |
| ည ၇း၀၀ | မီလ်ဝေါလ် | - | နယူးပေါ့ကောင်တီ |
| ည ၇း၀၀ | ရိုသာဟမ် | - | ဟားလ် |
| ည ၇း၀၀ | ဘန်လေ | - | ပီတာဘရော့ |
| ည ၇း၀၀ | ဘာမင်ဂမ် | - | ဘလက်ဘန်း |
| ည ၉း၃၀ | ဖူလ်ဟမ် | - | ဗီလာ |
| ည ၉း၃၀ | ကာဒစ်ဖ် | - | ကာလစ်လီ |
| ည ၉း၃၀ | ဆောက်သမ်တန် | - | ဟက်ဒါဖီးလ် |
| ည ၉း၃၀ | အောက်စ်ဖို့ဒ် | - | ဟာတယ်ပူးလ် |
| ည ၉း၃၀ | ဘရိုက်တန် | - | ရှက်ဖီးလ်ဝင့်စဒေး |
| ည ၉း၃၀ | ရက်ဒင်း | - | ဘလက်ပူးလ် |
| ည ၉း၃၀ | ဝက်ဖို့ဒ် | - | ထရန်မီရီ |
| ည ၉း၃၀ | ပရက်စ်တန် | - | နော့ဝှစ်ချ် |
| ည ၉း၃၀ | ဘရန်ဖို့ဒ် | - | စတုတ် |
| နံနက် ၀၀း၀၀ | လက်စတာ | - | ဝီဂန် |
| နံနက် ၀၀း၀၀ | ဝုဖ် | - | မန်ယူ |

### တနင်္ဂနွေနေ့ (၄-၁-၂၀၂၀)

| | | | |
|---|---|---|---|
| ည ၈း၃၀ | ကျူပီအာ | - | ဆွမ်ဆီး |
| ည ၈း၃၀ | ချယ်လ်ဆီး | - | နော်တင်ဟမ် |
| ည ၈း၃၀ | ချာလ်တန် | - | ဝက်စ်ဘရွမ်း |
| ည ၈း၃၀ | ဘရစ္စတိုးလ်ရိုဗာ | - | ကိုဗင်ထရီ |
| ည ၈း၃၀ | ခရူဝီ | - | ဘန်စလေ |
| ည ၈း၃၀ | မစ်ဒယ်ဘရော့ | - | စပါး |
| ည ၈း၃၀ | ပဲလေ့စ် | - | ဒါဘီ |
| ည ၈း၃၀ | ဘာတန် | - | နော့သမ်တန် |
| ည ၈း၃၀ | ရှက်ဖီးလ်ယူ | - | ဖိုင်ဒီ |
| ည ၁၀း၃၀ | လီဗာပူး | - | အဲဗာတန် |
| နံနက် ၀၀း၄၀ | ဂီလ်လင်ဟမ်း | - | ဝက်စ်ဟမ်း |

### တနင်္လာနေ့ (၅-၁-၂၀၂၀)

| | | | |
|---|---|---|---|
| နံနက် ၂း၂၀ | အာဆင်နယ် | - | လိဒ်စ် |

## လာလီဂါပွဲစဉ် (၁၉)

### သောကြာနေ့ (၃-၁-၂၀၂၀)

| | | | |
|---|---|---|---|
| နံနက် ၀၀း၃၀ | ဗယ်လာဒိုးလစ် | - | လီဂါနက်စ် |
| နံနက် ၂း၃၀ | ဆီဗီလာ | - | ဘီဘာအို |

### စနေနေ့ (၄-၁-၂၀၂၀)

| | | | |
|---|---|---|---|
| ည ၆း၃၀ | ဗလင်စီယာ | - | အီဘာ |
| ည ၉း၃၀ | ဂီတာဖေး | - | ရီးရဲ |
| နံနက် ၀၀း၀၀ | အက်သလက် | - | လီဗန်တေး |
| နံနက် ၂း၃၀ | အက်စ်ပန်ညို | - | ဘာစီလိုနာ |

### တနင်္ဂနွေနေ့ (၄-၁-၂၀၂၀)

| | | | |
|---|---|---|---|
| ည ၅း၃၀ | ဂရန်နာဒါ | - | မာယော့ကာ |
| ည ၇း၃၀ | ဆိုစီဒက်စ် | - | ဗီလာရီးရဲ |
| ည ၉း၃၀ | အလာဗက်စ် | - | ဘက်တစ် |
| နံနက် ၂း၃၀ | ဆယ်တာဗီဂို | - | အိုဆာဆူနာ |

## စီးရီးအေပွဲစဉ် (၁၈)

### တနင်္ဂနွေနေ့ (၄-၁-၂၀၂၀)

| | | | |
|---|---|---|---|
| ည ၆း၀၀ | ဘရက်ရှား | - | လာဇီယို |
| ည ၈း၃၀ | SPAL | - | ဗီရိုနာ |
| ည ၁၁း၃၀ | ဂျီနိုအာ | - | ဆာစူအိုလို |
| နံနက် ၂း၁၅ | ရိုးမား | - | တိုရီနို |

### တနင်္လာနေ့ (၅-၁-၂၀၂၀)

| | | | |
|---|---|---|---|
| ည ၆း၀၀ | ဘိုလော့ဂ်နာ | - | ဖီအိုရင်တီးနား |
| ည ၈း၃၀ | အတ္တလန်တာ | - | ပါးမား |
| ည ၈း၃၀ | ဂျူဗင်တပ်စ် | - | ကယ်ဂလီယာရီ |
| ည ၈း၃၀ | မီလန် | - | ဆမ့်ဒိုးရီးယား |
| ည ၁၁း၃၀ | လေချီ | - | အူဒီးနိစ် |
| နံနက် ၂း၁၅ | နာပိုလီ | - | အင်တာ |

## ကာရာဘောင်ဖလားဆီမီးဖိုင်နယ်ပထမအကျော့

### အင်္ဂါနေ့ (၇-၁-၂၀၂၀)

| | | | |
|---|---|---|---|
| နံနက် ၂း၃၀ | မန်ယူ | - | မန်စီးတီး |

### ဗုဒ္ဓဟူးနေ့ (၈-၁-၂၀၂၀)

| | | | |
|---|---|---|---|
| နံနက် ၂း၃၀ | လက်စတာ | - | ဗီလာ |

# ပရီမီယာလိဂ်ရာသီဝက်ရဲ့ သူရဲကောင်းအသင်းများ

အောင်က




အခုဆိုရင် ပရီမီယာလိဂ်ရာသီဝက်ကို ဖြတ်ကျော်သွားခဲ့ကြပြီ ဖြစ်ပါတယ်။ ပရီမီယာလိဂ်အသင်းတွေအတွက်တော့ ခရစ္စမတ်ကာလဟာ အခက်ခဲဆုံးနဲ့ အကျပ်တည်းဆုံးပွဲကျပ်ကာလတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။ ရာသီဝက်ဖြတ်ကျော်ခဲ့ပြီဖြစ်ပေမယ့် မထင်မှတ်ဘဲ ရလဒ်ကောင်းတွေရယူထားနိုင်တဲ့အသင်းတွေလည်း ရှိပါတယ်။ အဲဒီအသင်းက ဘယ်အသင်းတွေဖြစ်မလဲ။

### လက်စတာ

လက်စတာအသင်းဟာ ပြီးခဲ့တဲ့ရာသီက အဆင့် ၉ နေရာမှာရပ်တည်ခဲ့ပြီး ထိပ်ဆုံး ၄ နေရာမှာရှိတဲ့အသင်းနဲ့ ၁၉ မှတ်ကွာခြားခဲ့ပါတယ်။ ဒါပေမယ့် ဒီနှစ်ရာသီမှာတော့ လက်စတာအသင်းဟာ မန်စီးတီး၊ လီဗာပူးအသင်းတို့ကို ရှုံးနိမ့်ထားတာတောင် အဆင့် ၂ နေရာမှာအေးဆေးသက်သာစွာရပ်တည်နေပြီ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အပြောင်းအရွှေ့ရာသီနှစ်ခုအတွင်း လက်စတာအသင်းအသုံးပြုခဲ့တဲ့ ပြောင်းရွှေ့ကြေးစုစုပေါင်းဟာ ၃၆ သန်းသာ ရှိပါတယ်။ ပေါင်သန်း ၂၃၀ ကျော် သုံးထားတဲ့ မန်စီးတီးအသင်းက အဆင့် ၃ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ အသင်းရဲ့ လက်ရှိရပ်တည်မှုနဲ့ ရလဒ်ကောင်းနေမှုတွေက မန်နေဂျာ ရော်ဂျာရဲ့ စွမ်းဆောင်မှုတွေကြောင့်လို့ ပြောရမှာပါ။ ကစားသမားတွေအပေါ် လုပ်ခပေးချေရမှုကိုကြည့်မယ်ဆိုရင်လည်း လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယား ထိပ်ဆုံးငါးသင်းဝင်နေတဲ့ အသင်းတွေထဲမှာဆိုရင် ကစားသမား လုပ်ခအနည်းဆုံးပေးချေရတဲ့အသင်း ဖြစ်ပါတယ်။ လက်ရှိအခြေအနေတွေအပေါ် သုံးသပ်ကြည့်မယ်ဆိုရင်တော့ လက်စတာအသင်းဟာ ဒီနှစ်ရာသီကုန်မှာ ထိပ်ဆုံးလေးသင်း သို့မဟုတ် အနည်းဆုံး ခြောက်သင်းထဲတော့ ဝင်ရောက်ဖို့ရှိနိုင်ပါတယ်။

### ဝုဖ်

ပြီးခဲ့တဲ့ရာသီက ပရီမီယာလိဂ် အဆင့် ၇ နေရာမှာရပ်တည်နိုင်ခဲ့တဲ့ ဝုဖ်အသင်းရဲ့ လက်ရှိခြေစွမ်းကလည်း ပရီမီယာလိဂ်ထိပ်တန်းအသင်းတိုင်းက သတိထားရတယ်လို့ပြောရမှာပါ။ ကမ္ဘာ့ကျော်မန်နေဂျာဂွါဒီယိုလာ ကိုင်တွယ်တဲ့ မန်စီးတီးအသင်းဆိုရင် ဝုဖ်အသင်းကို နှစ်ကျော့စလုံးရှုံးနိမ့်ထားတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်ကစားခဲ့တဲ့ လီဗာပူးအသင်းနဲ့ပွဲတုန်းကဆိုရင်လည်း လီဗာပူးအသင်းဟာ တစ်ဂိုးတည်းနဲ့ ကံကောင်းပြီးအနိုင်ရယူထားနိုင်ခဲ့ တာဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာဆိုရင် ဝုဖ်အသင်းဟာ ရှုံးပွဲအနေနဲ့ လေးပွဲသာ ရှိထားတာလည်းဖြစ်ပါတယ်။ မန်စီးတီး အသင်းဆိုရင် ငါးပွဲရှုံးနိမ့်ထားပြီး ချယ်လ်ဆီးအသင်းဆိုရင် ခုနစ်ပွဲတောင် ရှုံးနိမ့်ထားတာ ဖြစ်ပါတယ်။ ဝုဖ်အသင်းဟာ လက်ရှိအချိန်မှာတော့ ပရီမီယာလိဂ် အဆင့် ၇ နေရာမှာရပ်တည်နေပြီး ရာသီကုန်မှာ ထိပ်တန်းခြောက်သင်းထဲမှာ ရပ်တည်နိုင်ဖို့တောင် ရှိနေတယ်လို့ ခန့်မှန်းခြင်းခံထားရတဲ့အသင်း ဖြစ်ပါတယ်။

### ရှက်ဖီးလ်

ပရီမီယာလိဂ်တန်းတက်အသင်းဖြစ်တဲ့ ရှက်ဖီးလ်အသင်းရဲ့ ဒီနှစ်ရာသီခြေစွမ်းကတော့ အသင်းတိုင်းက အသိအမှတ်ပြုထားရတယ်လို့ပြောရမှာပါ။ ရာသီအစတုန်းကဆိုရင် တန်းပြန်ဆင်းရဖို့ ရေပန်းစားခဲ့တဲ့ ရှက်ဖီးလ်အသင်းဟာ အခုအချိန်မှာတော့ အဆင့် ၈ နေရာမှာရပ်တည်နေတာဖြစ်ပြီး ရမှတ်အနေနဲ့ ၂၉ မှတ်ရရှိထားပြီ ဖြစ်ပါတယ်။ ပုံမှန်အားဖြင့် ပရီမီယာလိဂ်အသင်း တစ်သင်းအနေနဲ့ တန်းတင်ကျန်ရစ်ဖို့က ၃၉ မှတ်လောက်လိုတာဖြစ်တာကြောင့် ရှက်ဖီးလ်အသင်းအနေနဲ့ တန်းတင်ဖို့ဆိုရင် ၁၀ မှတ်သာလိုတော့တယ်လို့ ပြောရမှာပါ။ ရှက်ဖီးလ်အသင်းရဲ့ လက်ရှိခြေစွမ်းနဲ့ဆိုရင်တော့ ပရီမီယာလိဂ်မှာ ဆက်လက်ရပ်တည်နိုင်ရေးက စိတ်အေးရဖို့များနေတဲ့အသင်းလို့ ပြောရမှာပါ။ ရှက်ဖီးလ်အသင်းဟာ လက်ရှိအချိန်မှာအဆင့် ၈ နေရာမှာရပ်တည်နေတာဖြစ်ပေမယ့် အဆင့် ၅ နေရာမှာ ရပ်တည်နေတဲ့ မန်ယူအသင်းနဲ့ နှစ်မှတ်သာကွာခြားတာလည်းဖြစ်ပါတယ်။ အသင်းအနေနဲ့ အခုလိုရလဒ်တွေ ကောင်းနေရတာဟာ မန်နေဂျာ ခရစ္စဝိုက်ဒါရဲ့ စွမ်းဆောင်မှုတွေကြောင့်လို့ဆိုရမှာပါ။ သူဟာ ရှက်ဖီးလ်အသင်းကို ကိုင်တွယ်စဉ်က ရှက်ဖီးလ်အသင်းဟာ လိဂ်ဝမ်းမှာ ကစားနေရတာဖြစ်ပြီး ပရီမီယာလိဂ်မှာ မကစားရတာဟာ ဆယ်စုနှစ်တစ်ခုကြာခဲ့ပြီ ဖြစ်ပါတယ်။ ဒါပေမယ့်နည်းပြ ခရစ္စဝိုက်ဒါရဲ့ စွမ်းဆောင်မှုနဲ့အတူ ပရီမီယာလိဂ် တန်းတက်ခွင့်ရလာခဲ့တာ ဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာဆိုရင် ရှက်ဖီးလ်အသင်းရဲ့ ၃-၅-၂ ကစားကွက်က ထိရောက်မှုရှိတယ်လို့ ပြောရမှာပါ။ ရှက်ဖီးလ်အသင်းဟာ ကံကြမ္မာရဲ့ဖေးမှုသာရခဲ့မယ်ဆိုရင် ရာသီကုန်မှာ ယူရိုပါလိဂ်ဝင်ခွင့်ရရှိနိုင်တဲ့ အသင်းအဖြစ် တွေ့မြင်ရနိုင်ပါတယ်။

ဒါကြောင့် လက်ရှိ ပရီမီယာလိဂ်ရာသီဝက်ကျော်မှာတော့ အထက်ဖော်ပြခဲ့တဲ့ အသင်းသုံးသင်းဟာ ဘယ်သူမှ မထင်မှတ်တဲ့ရလဒ်မျိုးတွေကို ရယူထားနိုင်တာကြောင့် ပရီမီယာလိဂ်ရာသီဝက်သူရဲကောင်းအသင်းတွေလို့ ဆိုလိုက်ချင်ပါတယ်။ ။

**ရှက်ဖီးလ်အသင်းဟာ လက်ရှိအချိန်မှာအဆင့် ၈ နေရာမှာရပ်တည်နေတာဖြစ်ပေမယ့် အဆင့် ၅ နေရာမှာ ရပ်တည်နေတဲ့ မန်ယူအသင်းနဲ့ နှစ်မှတ်သာကွာခြားတာလည်းဖြစ်ပါတယ်။ အသင်းအနေနဲ့ အခုလိုရလဒ်တွေ ကောင်းနေရတာဟာ မန်နေဂျာ ခရစ္စဝိုက်ဒါရဲ့ စွမ်းဆောင်မှုတွေကြောင့်လို့ဆိုရမှာပါ**

# တိုက်စစ်မှူး ကာလ်ဗက်လီဝင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် အဲဗာတန်အသင်း ဆွေးနွေးနေ



ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းသည် တိုက်စစ်မှူး ကာလ်ဗက်လီဝင်းနှင့် စာချုပ်သစ်ချုပ်ဆိုရေးအတွက် ဆွေးနွေးမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း သတင်းများတွင် ရေး သားဖော်ပြထားသည်။

အသက် ၂၂ နှစ်အရွယ်ရှိ အင်္ဂလန်တိုက်စစ်မှူး ကာလ်ဗက်လီဝင်းအား မန်ယူအသင်းက ခေါ်ယူရန် စိတ်ဝင်စားမှုရှိနေကြောင်း သတင်းများ ထွက်ပေါ်လာပြီးနောက် အဲဗာတန်အသင်းသည် တိုက်စစ်မှူး ကာလ်ဗက်လီဝင်းအား လက်မလွှတ်ရစေရေးအတွက် ယခုကဲ့သို့ စာချုပ်သစ်ချုပ်ဆိုသွားရန် ဆွေးနွေးမှုများ ပြုလုပ်လာခြင်းဖြစ်သည်။ အဲဗာတန်အသင်းနှင့် တိုက်စစ်မှူး ကာလ်ဗက်လီဝင်းတို့သည် ၂၀၂၂ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားသည်။

အဲဗာတန်အသင်းအား မန်နေဂျာသစ် အန်ဆယ်လော့တီ တာဝန်ယူခဲ့သည့် ပထမဆုံး နှစ်ပွဲတွင် တိုက်စစ်မှူး ကာလ်ဗက်လီဝင်းသည် အဲဗာတန်အသင်းအတွက် သုံးဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

မန်ယူအသင်းသည် အစောပိုင်းတွင် နော်ဝေလူငယ်တိုက်စစ်မှူး ဟာလန်းအား ခေါ်ယူရန် စိတ်ဝင်စားခဲ့သော်လည်း ရက်ဘူးဆောဘတ်အသင်း တိုက်စစ်မှူး ဟာလန်းသည် ဒေါ့မွန်အသင်းထံ ပြောင်းရွှေ့သွားပြီဖြစ်သောကြောင့် မန်ယူအသင်းသည် တိုက်စစ်မှူး ကာလ်ဗက်လီဝင်းအား ခေါ်ယူရန် ပြောင်းလဲပစ်မှတ်ထားလာခြင်းဖြစ်သည်။ မန်ယူအသင်းသည် တိုက်စစ်မှူးကာလ်ဗက်လီဝင်းအား ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ ဖြင့် ကမ်းလှမ်းရန် စီစဉ်နေသည်ဟု ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက သတင်းများ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ကာလ်ဗက်လီဝင်းသည် ရှက်ဖီးလ်ယူနိုက်တက်လူငယ်အသင်းမှ ထွက်ပေါ်လာခဲ့သူဖြစ်ပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ရှက်ဖီးလ်ယူနိုက်တက်အသင်းတွင် ပါဝင်ကစားခဲ့ပြီးနောက် အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ ၎င်းသည် အဲဗာတန်အသင်းအတွက် စုစုပေါင်း ၁၁၅ ပွဲ ပါဝင်ကစားထားကာ ၂၇ ဂိုး သွင်းယူပေးထားသူ ဖြစ်သည်။

ထက်အောင်

# ချယ်လ်ဆီးခံစစ်မှူး အီမာဆန်အား ကမ်းလှမ်းမှုပြုလုပ်ရန် အင်တာမီလန်အသင်း အသင့်ရှိနေ



အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းသည် ချယ်လ်ဆီးအသင်း ဘယ်တောင်ပံခံစစ်မှူး အီမာဆန်ပါလ်မီရီအား ပြောင်းရွှေ့ကြေး ပေါင် ၂၅ သန်းဖြင့် ခေါ်ယူရေးအတွက် ကမ်းလှမ်းမှုပြုလုပ်သွားရန် အဆင်သင့်ရှိနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ချယ်လ်ဆီးအသင်း မန်နေဂျာ ဖရန့်လမ်းပတ်သည် ဘရာဇီးနိုင်ငံဖွားအီတလီကစားသမား အီမာဆန်အား ရောင်းချမည်ဆိုပါက ၎င်း၏နေရာတွင် အစားထိုးရမည့် ကစားသမားအား ဦးစွာဝယ်ယူပြီးမှသာ အီမာဆန်အား ရောင်းချသွားရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ ချယ်လ်ဆီးအသင်းသည် ခံစစ်မှူး အီမာဆန်အား ၂၀၁၈ ခုနှစ် ဇန်နဝါရီဈေးကွက်ကာလအတွင်းတွင် ရိုးမားအသင်းထံမှ ပြောင်းရွှေ့ကြေး ယူရိုသန်း ၂၀ ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး လေးနှစ်ခွဲ သက်တမ်းရှိ စာချုပ်ချုပ်ဆိုထားခြင်းဖြစ်သည်။ ခံစစ်မှူး အီမာဆန်သည် ယခုနှစ် ဘောလုံးရာသီတွင် ချယ်လ်ဆီး အသင်းအတွက် ပရီမီယာလိဂ်ပွဲပေါင်း ၁၂ ပွဲ အပါအဝင် စုစုပေါင်း ၁၅ ပွဲ ပါ ဝင်ကစားထားသူဖြစ်သည်။

ချယ်လ်ဆီးအသင်း၏ အခြားဘယ် တောင်ပံခံစစ်မှူးတစ်ဦးဖြစ်သူ မားကို့စ်အလွန်ဆိုသည် ယခုနှစ်ရာသီတွင် ပုံမှန်ခြေစွမ်းရရှိရန် ရုန်းကန်နေရခြင်းကြောင့် မန်နေဂျာလမ်းပတ်အနေဖြင့် အီမာဆန်အား မရောင်းချမီတွင် အစားထိုးရန် ကစားသမားတစ်ဦး ဦးစွာခေါ်ယူနိုင်ရေး ရည်ရွယ်နေခြင်းဖြစ်ပြီး ဘယ်တောင်ပံခံစစ်မှူး သစ်တစ်ဦး ခေါ်ယူနိုင်ပါက အီမာဆန်အား အင်တာမီလန်အသင်းထံ ချက်ချင်း ရောင်းချသွားလိမ့်မည်ဖြစ်သည်ဟု ဆိုသည်။

ဘယ်တောင်ပံခံစစ်မှူး အီမာဆန်အား ဂျူဗင်တပ်စ်အသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အင်တာမီလန်အသင်းအနေဖြင့် အီမာဆန်အား ခေါ်ယူရေးတွင် ဂျူဗင်တပ်စ်အသင်းနှင့် ယှဉ်ပြိုင်ရဖွယ်ရှိနေသည်။

ချယ်လ်ဆီးအသင်းသည် ပြင်သစ်ကလပ် နိုက်အသင်းမှ အယ်လ်ဂျီးရီးယား ခံစစ်မှူး ယူဆီဖ်အာတာလ် (၂၃ နှစ်) အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ သို့သော်လည်း ခံစစ်မှူး အာတာလ်သည် ပြီးခဲ့သည့်လအတွင်းတွင် ပြင်းထန်သည့် ဒူးဒဏ်ရာ ရရှိခဲ့ပြီး ခွဲစိတ်ကုသမှုခံယူခဲ့ရသူဖြစ်သည်။

ထက်အောင်

# ကလေးအလုပ်သမား ဟူသည်အဘယ်နည်း။



ဘေးအန္တရာယ်ကျရောက်နေသော ကလေးအလုပ်သမားသည် ဘေးအန္တရာယ်ရှိသော(သို့) ကျန်းမာရေးနှင့် မညီညွတ်သော လုပ်ငန်းခွင်တွင် လုပ်ကိုင်နေရ၍ အသက်အန္တရာယ်ထိခိုက်စေနိုင်ခြင်း (သို့မဟုတ်) အနာတရဖြစ်စေနိုင်သည်။ လုံခြုံမှု အားနည်းခြင်း၊ ကျန်းမာရေးအဆင့် နိမ့်ကျခြင်းနှင့် လုပ်ငန်းအစီအမံများ၏ အကျိုးဆက်ကြောင့်ဖျားနာခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် ကျန်းမာရေး ချို့တဲ့မှုကြောင့် အမြဲတမ်းမသန်စွမ်းအဖြစ်သို့ ရောက်ရှိနိုင်သည်။ ကလေးအလုပ်သမားဘဝတွင် ရံဖန်ရံခါရရှိခံစားခဲ့ရသော ကျန်းမာရေးပြဿနာများကြောင့်၎င်းကလေးအရွယ်ရောက်သည့်တိုင်အောင် ဖွံ့ဖြိုးတိုးတက်မှု မရှိနိုင်ပါ။



ILO ပြဋ္ဌာန်းချက် အမှတ် ၁၈၂ သည် နိုင်ငံတော်အစိုးရအနေဖြင့် အခြားပါဝင်ပတ်သက်သူများ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ပြီး အသက် (၁၈)နှစ်အောက်ကလေးသူငယ်အားလုံးအတွက် တားမြစ်ထားသည့် ဘေးအန္တရာယ်ရှိသော လုပ်ငန်းခွင်စာရင်းကို ပြုစုထုတ်ဝေပေးရန် လိုပြီး အိုင်အယ်(လ်)အို အကြံပြုတိုက်တွန်းချက်အမှတ် (၁၉၀)တွင် အောက်ပါလုပ်ငန်းများကို ထည့်သွင်းရန် အကြံပြုထားပါသည်။

(၁) ကလေးသူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ(သို့) လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားမှုအတွက် အကာအကွယ်မဲ့စေမည့် အလုပ်အကိုင်

(၂) မြေအောက်၊ ရေအောက်နှင့် အန္တရာယ်ရှိသော မြင့်မားသည့်နေရာများ (သို့)ပိတ်လှောင်ထားသောနေရာများ

(၃) အန္တရာယ်ရှိသော စက်ယန္တရား၊ ကိရိယာတန်ဆာပလာများနှင့်(သို့) လူအားဖြင့် တင်ချသယ်ယူပို့ဆောင်ရသော လေးလံသည့်ဝန်စည်များ ပါဝင်သည့်လုပ်ငန်း

(၄) ကျန်းမာရေးနှင့် မညီညွတ်သည့်နေရာများတွင် လုပ်ကိုင်ရသည့် အလုပ်အကိုင်များ ဥပမာ - ကလေးသူငယ်များ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော တုန်ခါမှုများ၊ မြင့်မားသော အပူချိန်နှင့် ဆူညံသံများ(သို့) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် အရာဝတ္ထုပစ္စည်းများ၊ ကြားခံအရာဝတ္ထုပစ္စည်းများ (သို့) လုပ်ငန်းအဆင့်ဆင့်

(၅) အချိန်ကြာမြင့်စွာလုပ်ကိုင်ရခြင်း (သို့) ညဥ့်ကာလအတွင်း လုပ်ကိုင်ရခြင်း (သို့) အလုပ်ရှင်၏ အဆောက်အအုံဥပစာအတွင်း ကလေးသူငယ်များအား ကြောင်းကျိုးမဆီလျော်သော ချုပ်နှောင်ခိုင်းစေခြင်း စသည့်အထူးခက်ခဲသည့် အခြေအနေများတွင် လုပ်ကိုင်ရသည့်အလုပ်များ

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

ကလေးသူငယ်များ လုပ်ကိုင်သမျှ အလုပ်အားလုံးကို ကလေးအလုပ်သမားဟု အတန်းစား မသတ်မှတ်သင့်ပါ။ ILO ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ကလေးအလုပ်သမားဟူသည် ၎င်း၏ ကလေးဘဝ၊ ရှေ့အလားအလာနှင့် ဂုဏ်သိက္ခာတို့ကို ကင်းမဲ့စေပြီး ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာစေသည့် အလုပ်မျိုးကို လုပ်ကိုင်နေရသူများကိုဆိုသည်။ ထိုအလုပ်မျိုးသည် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် စာရိတ္တပိုင်းဆိုင်ရာကို ထိခိုက်နစ်နာစေသည့်အလုပ်မျိုး သို့မဟုတ် ၎င်းတို့၏ ပညာသင်ကြားရေးကို ထိခိုက်စေမည့် -



- ကျောင်းတက်ရန် အခွင့်အလမ်း ရွေးချယ်နိုင်မှု မရှိခြင်း
- အချိန်မတန်မီ ကျောင်းမှ မဖြစ်မနေ ထွက်ရခြင်း
- ကျောင်းတက်ခြင်းနှင့်အတူ ပြင်းထန်လေးလံသော အလုပ်ကို အကြောင်းကြောင်းကြောင့် အချိန်ကြာမြင့်စွာ လုပ်ကိုင်ရခြင်းတို့ ဖြစ်ပါသည်။

# နှစ်သစ်ကူးပိတ်ရက်များတွင် ဂျပန်ကမ်းခြေ၌ ခရီးသွားများ စည်ကားလျက်ရှိ

**ခမောက်ကြီး ဇန်နဝါရီ ၂**

ကော့သောင်းခရိုင် ခမောက်ကြီးမြို့နှင့် ၂၅ မိုင်ခန့် ကွာဝေးသည့် ဂျပန်ကမ်းခြေတွင် နိုင်ငံတကာနှစ်သစ်ကူး ပိတ်ရက်များအတွင်း ခရီးသွားများ၊ လာရောက်အပန်းဖြေသူများ၊ လေ့လာရေးခရီးသွားများနှင့် စည်ကားလျက်ရှိသည်။



ခမောက်ကြီးမြို့အနီးရှိ ဂျပန်ကမ်းခြေတွင် ခရီးသွားများလာရောက်လည်ပတ်စဉ်။

**ကံစမ်းမဲများ ဖောက်ယူပေး**

ဒီဇင်ဘာ ၂၅ ရက်မှ ဇန်နဝါရီ ၁ ရက်အထိလာရောက်သောဧည့်သည်များအား ငွေကျပ်တစ်သောင်းဖိုးနှင့်အထက် ဝယ်ယူအားပေးသူများ၊ စူငယ်လာလိုင်း ဂျပန်ကမ်းခြေ ဖေ့စ်ဘုတ်ပေ့ချ်ကို Like & Share ပြုလုပ်ပါက ဗလာမပါကံစမ်းမဲများ ဖောက်ယူပေးခဲ့ကြောင်းနှင့် ထိုကံစမ်းမဲတွင် စားသောက်ဖွယ်မျိုးစုံ၊ လူသုံးကုန်မျိုးစုံနှင့် ရေပေါ်တွင်စီးရသည့် ဖော့မျိုးစုံအပြင် ရေဆိုင်ကယ် စီးနင်းခွင့်များလည်းပါရှိကြောင်း ဂျပန်ကမ်းခြေမှ စူပါဗိုက်ဇာ ဦးဇော်လင်းထိုက်ထံမှ သိရသည်။

**ခရီးသွားပြည်သူများ လေ့လာနိုင်**

အဆိုပါကမ်းခြေသည် ဧက ၁၀၀ ကျော်ခန့်ရှိပြီး ညီညာပြန့်ပြူးသည့် မြေပြင်နှင့် သဲသောင်များ၊ သဘာဝအလှတရားများ၊ ပင်လယ်ပြင်နှင့် ကျွန်းအလှများရှိရာ ဂျပန်ခေတ်မှ ဖောက်လုပ်ခဲ့သော လေယာဉ်ကွင်းနှင့် ရေတွင်းတို့ကိုလည်း နောင်အခါတွင် ခရီးသွားပြည်သူများ လေ့လာနိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# နှစ်သစ်ကူးရုံးပိတ်ရက်တွင် မိုးမောက်ရေပူစမ်း၌ လာရောက်လည်ပတ်သူများဖြင့် စည်ကား

**မိုးမောက် ဇန်နဝါရီ ၂**

ကချင်ပြည်နယ် မိုးမောက်မြို့ ရေပူစမ်း၌ ရုံးပိတ်ရက်များအတွင်း အပန်းဖြေ အနားယူသူများဖြင့် စည်ကားလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

"ဒီဇင်ဘာလ ရောက်ပြီဆိုတာနဲ့ ကျွန်မတို့ဈေးသည်တွေ ရေပူစမ်းမှာ ဈေးလာရောင်းကြတယ်။ ဈေးဆိုင်ကြီးတွေကတော့ကြိုတင်ဆောက်ထားကြတယ်။ နယ်မြေကလည်း အေးချမ်းသာယာလာပြီဆိုတော့ ခရစ္စမတ်နေ့နဲ့ နှစ်သစ်ကူးနေ့မှာ လူပိုစည်ကားတယ်။ ဈေးလည်းပိုပြီးရောင်းကောင်းတယ်။ ညပိုင်းအထိ ရောင်းရတယ်" ဟု မိုးမောက်မြို့မှဈေးသည်တစ်ဦးက ပြောသည်။

"ချောင်းရေထဲက သဲကိုလက်တစ်ထွာကျော်ယက်ရင် ရေပူစတွေ့ရတယ်။ ရေပူလွန်းလို့ ကြာကြာ မစိမ်နိုင်ဘူး။ ရေစိမ်လိုက်တော့ ခန္ဓာကိုယ်ပေ့ါပါးလာပြီး အညောင်းအညာပြေတဲ့အတွက် အလွန်ကောင်းပါတယ်" ဟုရေပူစမ်းတွင် ရေချိုးလာသူတစ်ဦးက ပြောသည်။

**ရေပူစိမ်ကြ**

အဆိုပါ ရေပူစမ်းနေရာသည် မိုးမောက်မြို့၏ တောင်ဘက်ကပ်လျက်ရှိသည်။ နန့်စရီချောင်းလက်တက်ဖြစ်သည့် ချောင်းရေအနက်သည် ဒူးမြုပ်သည့်နေရာရှိသလို အချို့နေရာများ၌ ခြေမျက်စိမြုပ်ရုံသာရှိသည်။ ရေချိုးရန်အတွက် ဂေါ်ပေါက်ပြား၊ ရေပုံးများဖြင့် သဲများကိုယက်ထုတ်ပေးပြီး ရေပူစိမ်ကြသည်။

**ပိုမိုစည်ကား**

အဆိုပါရေပူစမ်းသို့ ဗန်းမော်နှင့် မိုးမောက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများက ကား၊ ဆိုင်ကယ်များဖြင့် လာရောက်ကြသဖြင့် ယမန်နှစ်ထက် ပိုမိုစည်ကားလျက်ရှိကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

# နမ့်ဆန်၌ ကာကွယ်ဆေးထိုးဆေးတိုက် အသိပညာပေး

**နမ့်ဆန် ဇန်နဝါရီ ၂**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကာကွယ်ဆေးထိုးဆေးတိုက် အသိပညာပေးခြင်း အခမ်းအနားကို ဒီဇင်ဘာလနောက်ဆုံးပတ်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဌာနမှ ဒေါက်တာ ထက်ဖြိုးဝေက ကာကွယ်ဆေးထိုးခြင်း၊ တိုက်ခြင်းလုပ်ငန်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အလုပ်အမှုဆောင် ဦးသိန်းဇော်က ကာကွယ်ဆေးထိုးခြင်းတိုက်ခြင်းနှင့်ပတ်သက်၍ ဖြည့်စွက်မှာကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ နယ်လှည့်သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | လယ်ဝေး |
| ၂။ | ကချင်ပြည်နယ် | မိုးကောင်း |
| ၃။ | ကရင်ပြည်နယ် | ဖာပွန်၊ ကမမောင်းမြို့နယ်ခွဲ၊ ကျိုက်ဒုံ |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ဘုတလင်၊ မြောင်၊ ခမ်းပတ်၊ ဝက်လက် |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | ကံပေါက်တိုက်နယ်၊ တနင်္သာရီ |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ရွှေကျင်၊ ပေါက်ခေါင်း၊ မိုးညို |
| ၇။ | မကွေးတိုင်းဒေသကြီး | ရေနံချောင်း၊ ရေစကြို၊ ပွင့်ဖြူ၊ အောင်လံ |
| ၈။ | မန္တလေးတိုင်းဒေသကြီး | စဥ့်ကိုင်၊ မိုးကုတ် |
| ၉။ | မွန်ပြည်နယ် | မုဒုံ |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီး | မှော်ဘီ၊ ဒလ |
| ၁၁။ | ရှမ်းပြည်နယ် | ညောင်ရွှေပင်လောင်း၊ကွန်ဟိန်း၊နောင်ချိုမိုင်းပျင်း |
| ၁၂။ | ဧရာဝတီတိုင်းဒေသကြီး | မြောင်းမြ၊ ဓနုဖြူ၊ အင်္ဂပူ၊ ကျိုက်လတ် |

# သန်းခေါင်စာရင်းသည် အိမ်ထောင်စုစာရင်းမဟုတ်ပါ ...

အငြိမ်းစားဝန်ထမ်းတစ်ဦး

**"လူဦးရေသန်းခေါင်စာရင်း၊ အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ စိုက်ပျိုးရေး သန်းခေါင်စာရင်း၊ ကျွဲနွားသန်းခေါင်စာရင်းနှင့် စီးပွားကုန်သွယ်ရေး သန်းခေါင်စာရင်း စသည်ဖြင့် သန်းခေါင်စာရင်းအမျိုးမျိုး ရှိပါသည်။"**

သန်းခေါင်စာရင်းနှင့် အိမ်ထောင်စုစာရင်းဆိုတာ အတူတူပဲလို့ လူအတော်များများက ထင်မှတ်မှားနေကြပါသည်။ အရပ်ထဲမှာတော့ လူတွေက သန်းခေါင်စာရင်းခေါ်လိုက်၊ အိမ်ထောင်စုစာရင်းလို့ ခေါ်လိုက်နှင့် ရောထွေးနေကြပါသည်။ အိမ်ထောင်စုစာရင်းလို့ခေါ်တဲ့သူ အတော်နည်းပါသည်။

ကျွန်တော်ဝန်ထမ်းဘဝတွင်ရှိစဉ်က ဌာနဆိုင်ရာ အချင်းချင်း ပုဂ္ဂိုလ်ရေးခင်မင်မှုအရ အကူအညီတောင်းကြသူတွေ အားလုံးနီးပါးက သန်းခေါင်စာရင်းလို့ပဲ လွယ်လင့်တကူခေါ်ကြတာ တွေ့ရပါသည်။ အကြောင်းတိုက်ဆိုင်သည့်အခါ ဌာနဆိုင်ရာအစည်းအဝေးတွေမှာ ဒီဝေါဟာရနှစ်ခု မတူကွဲပြားပုံနှင့် လုပ်ထုံးလုပ်နည်းများကို အလျဉ်းသင့်သလို ရှင်းလင်းတင်ပြခဲ့ဖူးပါသည်။ ဟိုတစ်လောကတောင် သတင်းစာတစ်စောင်မှာပါသည့် အလုပ်ကြော်ငြာစာထဲမှာ သန်းခေါင်စာရင်းဆိုပြီး တွေ့လိုက်ရသေးသည်။ ဒီအကြောင်းကို အသေးစိတ်ရှင်းမပြမီ ဝန်ဆောင်မှုပေးနေသည့် ဝန်ကြီးဌာနဖြစ်ပေါ်လာပုံကို တင်ပြမှသာ ပိုမိုပြည့်စုံမှာမို့ အကျဉ်းမျှ တင်ပြပါရစေ။

## မြန်မာ့နယ်နိမိတ်

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ၁၃၉၅ မိုင်၊ လာအိုနှင့် ၁၅၅ မိုင်၊ ထိုင်းနှင့် ၁၁၁၈ မိုင်၊ ဘင်္ဂလားဒေ့ရှ်နှင့် (ရေ ၃၉.၅ + ကုန်း ၁၂၉.၂ = ၁၆၈.၇) မိုင်၊ အိန္ဒိယနှင့် ၉၀၉ မိုင် ထိစပ်နေပြီး ကမ်းရိုးတန်းအရှည် ၁၃၈၅ မိုင်ရှိကြောင်း၊ လူဦးရေ တစ်ဘီလီယံကျော်ရှိသည့် ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံကြီးနှစ်ခုကြားတွင် တည်ရှိကြောင်း အများစုသိရှိပြီး ဖြစ်ပါမည်။

## ရှေးခေတ်မြန်မာ့နယ်နိမိတ်

၁၈၂၄ ခုနှစ် မတိုင်ကာလများတွင် မြန်မာဘုရင့်နိုင်ငံတော်နယ်နိမိတ်သည် ဇင်းမယ်၊ စစ်တကောင်း၊ အာသံ၊ မဏိပူရအထိ ကျယ်ဝန်းခဲ့ဖူးကြောင်း သမိုင်းမှတ်တမ်းများ၌ အထင်အရှားရှိခဲ့သည်။ ထိုစဉ်က မြန်မာ့မြေ၌ တိုင်းရင်းသားများသာ နေထိုင်ကျက်စားခဲ့ကြသည်။ မြန်မာ့ပိုင်နက်မြေသည် ၁၈၂၄ ခုနှစ်မှစ၍ နယ်ချဲ့လက်အောက်သို့ တစ်စတစ်စကျရောက်ခဲ့ပြီး ၁၈၈၅ ခုနှစ်တွင် မြန်မာ့ထီးနန်းကျိုးပေါက်ကာ ၁၈၈၆ခုနှစ် ဇန်နဝါရီလတွင် မြန်မာ့နယ်နိမိတ် လုံးဝကွယ်ပျောက်ခဲ့ရပါသည်။ နယ်စည်းမခြားဖြစ်သွားပြီးနောက် တိုင်းတစ်ပါးသားများအား အကန့်အသတ်မရှိ ခေါ်သွင်း၍ ဈေးပေါသည့်လုပ်သားများအဖြစ် အခြေချ နေထိုင်စေခဲ့ကြပါသည်။ သို့ရာတွင် ၎င်း၏ ကိုလိုနီနယ်မြေအတွင်း အခြားသော ဥရောပသားများ ဝင်ရောက်ခြေမရှုပ်စေရန် ရည်ရွယ်၍ ၁၈၆၄ ခုနှစ်တွင် The Foreigners Act 1864 (Indian Act) ပြဋ္ဌာန်းခဲ့သည်ကိုလည်း တွေ့ရပါသည်။

## လူဝင်မှုကြီးကြပ်ရေးဌာနခွဲ

အတားအဆီးမရှိဝင်ရောက်ကြသော နိုင်ငံခြားသားများအား ပြည်ဝင်ခွင့် (Visa) ဖြင့်သာ ခွင့်ပြုရန် ၁၉၃၇ ခုနှစ် မတ်လတွင် The Government of Burma (Immigration) Order ကို ထုတ်ပြန်ခဲ့သည်။ ၁၈၆၄ ခုနှစ် အက်ဥပဒေကို အခြေခံ၍ ၁၉၄၀ ပြည့်နှစ် မတ်လတွင် နိုင်ငံခြားသားများမှတ်ပုံတင်ရေး အက်ဥပဒေကို ပြဋ္ဌာန်းပြီး ၁၉၄၁ ခုနှစ် ဩဂုတ်လတွင် လူဝင်မှုကြီးကြပ်ရေးဗျူရို (Immigration Bureau) ဘုတ်အဖွဲ့ကို စတင်ဖွဲ့စည်းသည်။ ၁၉၄၅ခုနှစ် ဩဂုတ်လတွင် ဝန်ထမ်း ၂၂ ဦးပါဝင်သော "လူဝင်မှုကြီးကြပ်ရေးဌာနခွဲ" အဖြစ် တိုးမြှင့်ဖွဲ့စည်းပြီး၊ အက်ဥပဒေနှင့်အညီ နိုင်ငံခြားသားထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

## မှတ်ပုံတင်အရာရှိချုပ်ရုံးနှင့် သန်းခေါင်စာရင်းမင်းကြီးရုံး

လွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်လုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နိုင်ငံအတွင်း နေထိုင်သူများအား မှတ်ပုံတင်ရန်နှင့် ဒေသအလိုက် လူနေစာရင်းများ လိုအပ်သဖြင့် ၁၉၄၉ ခုနှစ် မြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေး အက်ဥပဒေနှင့် ၁၉၅၁ ခုနှစ် ဇန်နဝါရီလတွင် နည်းဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၅၁ ခုနှစ် ဩဂုတ်လတွင် မှတ်ပုံတင်အရာရှိချုပ်ရုံးကို ဝန်ထမ်း ၉၁ ဦးဖြင့် စတင်ဖွဲ့စည်းပြီး ၁၉၅၂ခုနှစ် တွင် မှတ်ပုံတင်လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။ လူမှုဖွံ့ဖြိုးရေးနှင့် စီးပွားရေးစီမံကိန်းများ ဖော်ဆောင်ရာတွင် တိကျမှန်ကန်သော လူဦးရေ (ပြည်သူ့အင်အား) စာရင်းဇယားသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်နှင့်အညီ ၁၉၅၀ပြည့်နှစ် ဖေဖော်ဝါရီလတွင် သန်းခေါင်စာရင်းမင်းကြီးရုံးကို ဖွဲ့စည်းခဲ့ပါသည်။

## ဝန်ကြီးဌာနဖွဲ့စည်းခြင်း

လူဝင်မှုကြီးကြပ်ရေးဌာနခွဲနှင့် သန်းခေါင်စာရင်းမင်းကြီးရုံးတို့ စုပေါင်း၍ ၁၉၅၇ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် "လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဝန်ကြီးဌာန"အဖြစ် ဖွဲ့စည်းခဲ့ပါသည်။ ၁၉၅၈ခုနှစ် ဒီဇင်ဘာလတွင် သန်းခေါင်စာရင်းမင်းကြီးရုံးကို ထပ်မံထည့်သွင်းခဲ့ပါသည်။ ၁၉၇၂ ခုနှစ်တွင် ဝန်ကြီးဌာနအား ဖျက်သိမ်း၍ "လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန"အမည်ဖြင့် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနအောက်တွင် ထားရှိခဲ့ပါသည်။ ၁၉၉၅ ခုနှစ် ဇွန်လ ၁၅ ရက်နေ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ လက်ရှိတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအဖြစ် ရပ်တည်လျက်ရှိပါသည်။ လက်အောက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ရှိပြီး အဓိက တာဝန်ကြီးသုံးရပ်မှာ –

- (က) လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း
- (ခ) အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်း
- (ဂ) ပြည်သူ့အင်အားစာရင်း ကောက်ယူထိန်းသိမ်းရေးလုပ်ငန်း ... တို့ဖြစ်ပါသည်။

ဝန်ကြီးဌာနတစ်လှည့်၊ ဦးစီးဌာနတစ်လှည့်စီဖြင့် တည်ရှိလာခဲ့ပြီး၊ စီးပွားရေးနှင့် သက်ဆိုင်သည့် ဌာနမဟုတ်သော်လည်း လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများဖြစ်သည့် Stay ၊ visa နှင့် အမြဲတမ်းနေထိုင်ခွင့် (PR) လက်မှတ်အခွန်အခများမှ နိုင်ငံခြားဝင်ငွေရရှိသည့် ဌာနဖြစ်ပါသည်။ နှစ်စဉ်ဘတ်ဂျက်(အရ–အသုံး) စာရင်းတွင် အမြဲတမ်းပိုငွေ (+ ive) ပြသည့် ဌာနဖြစ်ပါသည်။

## သန်းခေါင်စာရင်း

လက်အောက်ခံဌာနတစ်ခုဖြစ်သည့် "ပြည်သူ့အင်အားဦးစီးဌာန"သည် ဝန်ကြီးဌာန၏ အဓိက တာဝန်ကြီး (၃) ရပ်အနက် ပြည်သူ့အင်အားစာရင်းကောက်ယူထိန်းသိမ်းရေး (သန်းခေါင်စာရင်း) လုပ်ငန်းတာဝန်ကို အကောင်အထည်ဖော်ဆောင်ရသော ဌာနဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ BC 500 ခန့် တကောင်းမင်းဆက်မှစ၍ လူဦးရေစာရင်းကောက်ယူသည့် ဓလေ့ရှိနေပြီး ဖြစ်ပါသည်။ စစ်သည်ရဲမက်စုဆောင်းခြင်းနှင့် အခွန်ဘဏ္ဍာကောက်ခံရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ သာလွန်မင်းကြီးလက်ထက်၌ လူစာရင်းမကျန်ရှိစေရန်အတွက် လူများသွားလာလှုပ်ရှားမှုမရှိသည့် အိပ်စက်နားနေချိန်၊ ညသန်းခေါင်ယံအချိန်တွင် မြို့၊ ရွာ၊ ဇနပုဒ်အားလုံးတို့၌ တစ်ပြိုင်တည်း လူစာရင်းကောက်ယူခဲ့သည်ကို အစွဲပြု၍ " သန်းခေါင်စာရင်း" အသုံးအနှုန်းစတင်ခဲ့ကြောင်း မှတ်သားသိရှိရပါသည်။

## သန်းခေါင်စာရင်းအမျိုးအစားနှင့် မြန်မာနိုင်ငံ၌ သန်းခေါင်စာရင်းကောက်ယူခြင်း

သန်းခေါင်စာရင်းဆိုသည်မှာ လူဦးရေ ရေတွက်ခြင်းသာမက လူတို့၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေးအကြောင်းအရာတို့ကိုပါ နေ့တစ်နေ့၏ အချိန်တစ်ချိန်တွင် တစ်ပြိုင်တည်းကောက်ယူသည့် စာရင်းအင်း ဖြစ်သည်ဟု ခေတ်နှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ လူဦးရေသန်းခေါင်စာရင်း၊ အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ စိုက်ပျိုးရေး သန်းခေါင်စာရင်း၊ ကျွဲနွားသန်းခေါင်စာရင်းနှင့် စီးပွားကုန်သွယ်ရေး သန်းခေါင်စာရင်း စသည်ဖြင့် သန်းခေါင်စာရင်းအမျိုးမျိုးရှိပါသည်။ သန်းခေါင်စာရင်းကို ၁၀နှစ် တစ်ကြိမ်ကောက်ယူပြီး ချမ်းသာသည့် နိုင်ငံများတွင် ငါးနှစ်တစ်ကြိမ် ကောက်ယူကြပါသည်။

(၁၀) နှစ်မပြည့်မီကြားကာလ၌ တိုးပွားလာသော လူဦးရေကို အနီးစပ်ဆုံးခန့်မှန်းနိုင်ရန် ဒေသအလိုက် နေထိုင်သည့် လူဦးရေအနည်းအများအပေါ် မူတည်၍ အချိုးကျရွေးချယ်သည့်စနစ် (Probability Proportionate to size; PPS) ဖြင့် နမူနာကောက်ကွက်များရွေးချယ်ပြီး ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူကြရပါသည်။

၁၈၇၂ ခုနှစ်တွင် အင်္ဂလိပ်ပိုင်နက် အောက်မြန်မာနိုင်ငံ၌ သန်းခေါင်စာရင်း စတင်ကောက်ယူခဲ့ပါသည်။ ထို့နောက် ၁၈၉၁ ခုနှစ်တွင် တစ်ပြည်လုံး၌ကောက်ယူခဲ့ပြီး ၁၉၄၁ ခုနှစ်အထိ ၁၀ နှစ်တစ်ကြိမ် မှန်မှန် ကောက်ယူခဲ့ပါသည်။ ကြားကာလများတွင် ၁၉၅၃ ခုနှစ်နှင့် ၁၉၅၇ ခုနှစ်တို့၌ မြို့ရွာအနည်းငယ်သာ ကောက်ယူနိုင်ခဲ့ပါသည်။ လမ်းစဉ်ပါတီခေတ် ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် တစ်ပြည်လုံး၌ ကောက်ယူခဲ့ပါသည်။ မှတ်တမ်းများအရ လူဦးရေမှာ ၁၈၇၂ ခုနှစ်တွင် ၂ ဒသမ ၇ သန်း၊ ၁၈၉၁ ခုနှစ်တွင် ၇ ဒသမ ၇ သန်း၊ ၁၉၀၁ ခုနှစ်တွင် ၁၀ ဒသမ ၅ သန်း၊ ၁၉၁၁ ခုနှစ်တွင် ၁၂ ဒသမ ၁ သန်း၊ ၁၉၂၁ ခုနှစ်တွင် ၁၃ ဒသမ ၂ သန်း၊ ၁၉၃၁ ခုနှစ်တွင် ၁၄ ဒသမ ၇ သန်း၊ ၁၉၄၁ ခုနှစ်တွင် ၁၆ ဒသမ ၈ သန်း၊ ၁၉၇၃ ခုနှစ်တွင် ၂၈ ဒသမ ၉ သန်း၊ ၁၉၈၃ ခုနှစ်တွင် ၃၅ ဒသမ ၃ သန်းရှိခဲ့ကြပါသည်။ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းပြီးနောက် နှစ်ပေါင်း ၃၀ ခန့် ကောက်ယူနိုင်ခြင်းမရှိခဲ့ဘဲ ၂၀၁၄ ခုနှစ်တွင် ကုလသမဂ္ဂ၏ အကူအညီဖြင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို မေးခွန်းပေါင်း ၄၀ ဖြင့် မေးမြန်း၍ ကောက်ယူနိုင်ခဲ့ပါသည်။ လူဦးရေမှာ ကျား ၂၅ ဒသမ ၃၄ သန်း၊ မ ၂၆ ဒသမ ၁၅ သန်း၊ စုစုပေါင်း ၅၁ ဒသမ ၄၉ သန်းရှိပြီး မ လူဦးရေမှာ ကျား လူဦးရေထက် တစ်သန်းခန့်ပိုမိုနေသည်ကို တွေ့ရပါသည်။

## သန်းခေါင်စာရင်းနှင့်လူဦးရေမူဝါဒ

သန်းခေါင်စာရင်းမှ ရရှိသည့် အချက်အလက်များအပေါ် မူတည်၍ ကမ္ဘာ့နိုင်ငံများသည် မိမိနိုင်ငံ၏ ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေးတို့နှင့် ကိုက်ညီသည့် လူဦးရေမူဝါဒချမှတ် ဆောင်ရွက်လေ့ရှိပါသည်။ ဥပမာ–တရုတ်နိုင်ငံသည်တစ်အိမ်ထောင်ကလေး တစ်ဦးသာယူရန်၊ ပထမဆုံးကလေးသည် မိန်းကလေးဖြစ်ပါက နောက်ထပ်တစ်ဦး ထပ်မံခွင့်ပြုပြီး နှစ်ဦးယူရန်၊ မူဝါဒချမှတ်ကျင့်သုံးလျက်ရှိပါသည်။ ၁၉၇၄ခုနှစ် ဘူခါရက်ကမ္ဘာ့လူဦးရေညီလာခံမှ သတ်မှတ်ခဲ့သည့် လူဦးရေမူဝါဒဆိုသည်မှာ လူဦးရေကို အကျိုးသက်ရောက်စေသည့် မွေးဖွားမှု၊ သေဆုံးမှု၊ ပြည်တွင်း/ပြည်ပ ပြောင်းရွှေ့နေထိုင်မှု၊ ပထဝီဒေသအလိုက် လူဦးရေပြန့်ပွားနေထိုင်မှုတို့နှင့် ဆက်နွှယ်နေသည့် မူဝါဒများနှင့် လူမှုရေး၊ စီးပွားရေးဆိုင်ရာမူဝါဒ၊ အစီအစဉ်များအားလုံးကို ဆိုလိုခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၌လည်း ၂၀၁၄ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းမှ ရရှိသည့် အချက်အလက်များကို အခြေခံ၍ လူဦးရေဆိုင်ရာ အစီအစဉ်များ၊ စီမံချက်များကို ကမ္ဘာ့လူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) နှင့် (MoU) ရေးထိုး၍ ဆောင်ရွက်လျက်ရှိပါသည်။ ပြီးခဲ့သည့် အစိုးရလွှတ်တော်သက်တမ်းအတွင်း လွှတ်တော်ဆိုင်ရာလူဦးရေကော်မရှင်ကို ဖွဲ့စည်းပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အခြားနိုင်ငံတကာ လွှတ်တော်ဆိုင်ရာ လူဦးရေကော်မရှင်များနှင့် ချိတ်ဆက်၍ အပြန်အလှန် လည်ပတ်လေ့လာမှုများ ပြုလုပ်ခဲ့ကြပါသည်။ ယခုအခါ ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း အကြို ကြားဖြတ် ကာလ ၂၀၁၉ ခုနှစ် ကြားဖြတ် လူဦးရေ သန်းခေါင်စာရင်းများကို တိုင်းဒေသ ကြီး/ပြည်နယ်တို့တွင် ကွင်းဆင်းကောက်ယူလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

## အိမ်ထောင်စုစာရင်း (အိမ်ထောင်စုလူဦးရေစာရင်း)

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနသည် ဝန်ကြီးဌာန၏ အဓိကတာဝန်ကြီး နှစ်ရပ်ဖြစ်သည့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းတာဝန်နှင့် အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရသော ဌာနဖြစ်ပါသည်။ တစ်နိုင်ငံလုံးတွင် အခြေခံမြို့နယ်ရုံး ၃၃၀ နှင့် မြို့ (မြို့နယ်ခွဲ) ရုံး ၈၀ကျော်တို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများဖြစ်သည့် ဗီဇာ(Visa)၊ နေထိုင်ခွင့် (Stay) ထုတ်ပေးခြင်း၊ နိုင်ငံခြားသား၊ နိုင်ငံသားများ တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်/ထွက်ခြင်းနှင့် နိုင်ငံအတွင်း တရားမဝင်နေထိုင်ခြင်းများကို စိစစ်ဖော်ထုတ်အရေးယူခြင်း၊ ပြည်နှင်ခြင်းလုပ်ငန်းများနှင့် နိုင်ငံသားများအား အိမ်ထောင်စုစာရင်း (ခေါ်) အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်း/ ပယ်ဖျက်ခြင်းနှင့် နိုင်ငံသားအရည်အချင်းစိစစ်၍ မှတ်ပုံတင် (နိုင်/ဧည့်/ပြု) ကတ်ပြားထုတ်ပေးခြင်းများကို ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

၁၉၄၉ခုနှစ် မြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေးအက်ဥပဒေနှင့် ၁၉၅၁ခုနှစ် နည်းဥပဒေများအရ ဒေသအလိုက်မြေပုံများရေး**ဆွဲ**ခြင်း၊ မြေပုံပေါ်တွင် အဆောက်အအုံများကို မှတ်တမ်း**တင်**ခြင်းနှင့် အဆောက်အအုံအတွင်း နေထိုင်သူများအား အိမ်ထောင်စုအလိုက် လူဦးရေ**စစ်**ဆေးခြင်း (ဆွဲ၊ တင်၊ စစ်) လုပ်ငန်းကို ဦးစွာဆောင်ရွက်ကြရပါသည်။ ပြီးနောက် အိမ်ထောင်စုအလိုက် တစ်ဦးချင်းစီ၏ အမည်၊ မွေးသက္ကရာဇ်၊ ကျား/မ၊ အဖအမည်၊ အိမ်ထောင်ဦးစီးနှင့် တော်စပ်ပုံ၊ အလုပ်အကိုင်၊ မှတ်ပုံတင်အမှတ်... စသည် ဖြင့် ပါရှိသည့်ဇယားတိုင်များတွင် အမှတ်စဉ်(၁)၌ အိမ်ထောင်ဦးစီးကို ဦးစွာရေးသွင်း၍ ကြီးစဉ်ငယ်လိုက် အိမ်ရှိလူကုန်၏ အချက်အလက်များကို ရေးသွင်းရပါသည်။ ထိုသို့ရေးသွင်းထားသည့် "အိမ်ထောင်စု လူဦးရေစာရင်း"ကို ရုံးလက်ခံတစ်စောင်ထား၍ ကာယကံရှင်အိမ်ထောင်ဦးစီးအား တစ်စောင် ထုတ်ပေးရပါသည်။ ထိုလုပ်ငန်းသည် မှတ်ပုံတင်လုပ်ငန်းတွင် အဓိကဖြစ်ပြီး အခြေခံအကျဆုံးလုပ်ငန်းဖြစ်ပါသည်။ ထိုအိမ်ထောင်စုလူဦးရေစာရင်း မှတ်တမ်းစာရွက်ကို အခြေပြု၍ အခြားဒေသမှ လိပ်စာပြောင်း အရပ်အခေါ် ပုံစံ–(၁၀)ပုံစံဖြင့် ပြောင်းဝင်လာသူအား နောက်တိုးစာရင်းသွင်းခြင်း၊ လက်ရှိလိပ်စာမှ ပြောင်းထွက်သွားပါက လိပ်စာပြောင်း အရပ်အခေါ် ပုံစံ–(၁၀) ပုံစံထုတ်ပေး၍ စာရင်းမှ ပယ်ဖျက်ခြင်း၊ ကလေးမွေးဖွားပါက မွေးတိုးစာရင်းရေးသွင်းခြင်း၊ သေဆုံးပါက ပယ်ဖျက်ခြင်း စသည်ဖြင့် (လာ၊ သွား၊ မွေး၊ သေ) လူဦးရေစာရင်းပြောင်းလဲခြင်း လေးမျိုးကို အချိန်နှင့်တစ်ပြေးညီ ရုံးလက်ခံမှတ်တမ်းစာအုပ် (Register) လေးခုတွင် နေ့စဉ်စနစ်တကျရေးသွင်းရပါသည်။

အိမ်ထောင်စုလူဦးရေစာရင်းတွင် အမည်ပါရှိသူများကို သက်ဆိုင်ရာမြို့နယ်ရုံးမှ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားအရည်အချင်း စိစစ်၍ မှတ်ပုံတင်(နိုင်/ဧည့်/ပြု) ကတ်ပြား (၁၀)နှစ်ပြည့်၊ (၁၈) နှစ်ပြည့်၊ (၁၀) နှစ်ပြည့်မှ (၁၈) နှစ်ပြည့်လဲလှယ်ခြင်းနှင့် ပျောက်ဆုံး/ပျက်စီး မိတ္တူထုတ်ပေးခြင်း စသည့် ဝန်ဆောင်မှုလေးမျိုးကိုလည်း နိစ္စဓူဝဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့သော်လည်း တိုးပွားလာသည့် လူဦးရေနှင့် ပြည်တွင်းရွှေ့ပြောင်းသွားလာမှု များပြားသောယနေ့ခေတ်တွင် ဝန်ဆောင်မှု ရယူလိုသူ များပြားလာသည့်အတွက် ရုံးသို့လာရောက်သည့် အလွှာရှင်ပြည်သူလူထုအား ဝန်ထမ်းများက အထက်ပါဝန်ဆောင်မှု ရှစ်မျိုးကို နေ့စဉ်နှင့်အမျှ လက်မလည်အောင် ဆောင်ရွက်ပေးသော်ငြား ဝန်နှင့်အား မမျှသည့်ကြားသို့ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ထိုးဖောက်လာသည့် အဂတိမက်လုံးများကြောင့် အမည်မည်း စာရင်းဝင်ဌာနများစာရင်း၌ အမှတ်စဉ်(၃)မှ လိုက်ပါနေရခြင်းဖြစ်ပါသည်။

၁၉၅၁ခုနှစ် မှတ်ပုံတင်ရေးနည်းဥပဒေအရ လူတစ်ဦးသည် လိပ်စာတစ်နေရာတည်း၌သာလျှင် အမည်စာရင်းပါဝင်ရမည် ဖြစ်ပါသည်။ တစ်နေရာထက်ပိုမို၍ အမည်စာရင်းပါဝင်နေပါက ၁၉၄၉ ခုနှစ် မှတ်ပုံတင်အက်ဥပဒေ ပုဒ်မ ၆(၂)၊ ၆(၃) တို့အရ အရေးယူခံရနိုင်ပါသည်။ ထို့အတူ လူတစ်ဦးတည်းမှ နံပါတ်မတူသည့် မှတ်ပုံတင် (နိုင်/ဧည့်/ပြု)ကတ်ပြား နှစ်ခု ကိုင်ဆောင်ထားပါက ပြစ်မှုဆိုင်ရာ ဥပဒေဖြင့် အရေးယူခံရမည် ဖြစ်ပါသည်။ လူဦးရေစာရင်းဇယား တိကျမှန်ကန်ရေးသာမက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ **(နာမည်အမျိုးမျိုးဖြင့် ခြေရာဖျောက်၍ ရှောင်တိမ်းနေထိုင်သည့် ရာဇဝတ်သားများ မရှိစေရေး)** အတွက် "အိမ်ထောင်စုလူဦးရေစာရင်း" သည်များစွာ အထောက်အကူဖြစ်စေပြီး နိုင်ငံသားတိုင်း၊ အိမ်ထောင်စုတိုင်းအတွက် မရှိမဖြစ်လိုအပ်သည့် မပျောက်မပျက်ထိန်းသိမ်းရမည့် အရေးကြီးသက်သေခံစာရွက်စာတမ်းတစ်ခု ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သန်းခေါင်စာရင်းသည် အိမ်ထောင်စုစာရင်းမဟုတ်ပါကြောင်း ဗဟုသုတမျှဝေသည့် အနေဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

# ကျောက်ပန်းတောင်းမြို့နယ်၌ ဆောင်းကြက်သွန်နီ စိုက်ပျိုးချိန် စိုက်ပျိုးစရိတ် ကြီးမြင့်နေ

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာ များသည် ဆောင်းသီးနှံဖြစ်သည့် ကြက်သွန်နီအမြောက်အမြားစိုက်ပျိုးကြပြီး ယခုနှစ်ဆောင်းကြက်သွန်နီစိုက်ပျိုးချိန် ကြက်သွန်စိုက်သမခဈေးနှုန်းကြီးမြင့်နေကြောင်း သိရသည်။

ကြက်မောက်တောင်ဆည်အတွင်း စီးဝင်သည့် ဆည်ပေါက်ချောင်းခေါ် ကြက်မောက်တောင်ချောင်းသည် ပုပ္ပားတောင်မကြီးဘက် သံဘိုရွာ ဘက်မှစတင်ကာ မိုးရာသီမှသာ ချောင်းရေစီးဆင်းပြီး ဆောင်းသီးနှံကြက်သွန်စိုက်ချိန်တွင် ကြက်မောက်တောင် ချောင်းတစ်လျှောက်နှင့် ဆည်ပတ်ဝန်းကျင်ကျေးရွာ ၂၀ ကျော်ကြက်သွန်နီအမြောက်အမြားစိုက်ပျိုးကြသည်။ ယခုအချိန်တွင် ကြက်သွန်စိုက်သမတစ်ဦး ငွေကျပ် ၅၀၀၀ ပေးရကြောင်း၊ ကြက်သွန်စိုက်ပျိုးရာတွင် မကြုံဖူးသည့် ကြက်သွန်စိုက်သမစရိတ် ကြီးမြင့်လာကြောင်း လဲဂွကျေးရွာ ကြက်သွန်စိုက်တောင်သူ ဒေါ်စိုးစိုးက ပြောသည်။

အချိန်နှင့်ငွေရမ်း စိုက်ပျိုးမှုများလာကာ ကိုယ်လုပ်နိုင်သည့် နာရီများလျှင်များသလောက် ရရှိခြင်းကြောင့် နံနက်၅ နာရီမှ ညနေ ၆ နာရီအထိ စိုက်ပျိုး ကြခြင်းကြောင့် တစ်ရက်လျှင် ဆယ့်သုံးနာရီ အထိအလုပ် လုပ်ခြင်းကြောင့် ကြက်သွန်စိုက်သမတစ်ဦးလျှင် ငွေကျပ် ၁၃၀၀၀ အထိ ရရှိသောကြောင့် ကြက်သွန်စိုက်သမများ တွက်ခြေကိုက်နေကြောင်း လက်ပံအိုင့်ကျေးရွာမှ ဒေါ်အုန်းပွင့်က ပြောသည်။

ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများသည် ကြက်သွန်စိုက်ပျိုးမှုများခြင်းကြောင့် စိုက်ပျိုးချိန်တစ်ချိန်တည်းတွင် စုပြုံစိုက်ပျိုးကြခြင်းနှင့် ကြက်သွန်ကေဝက်ခန့်စိုက်လျှင် ကြက်သွန်စိုက်သမ လေးဆယ်ကျော်စိုက်ပျိုးရကြောင်း၊ ပျိုးထောင်ချိန် ၄၅ ရက်၊ စိုက်ခင်းထဲ ရက်ပေါင်း ၉၀ ခန့်ကြာပြီး ဆောင်းကြက်သွန် လုပ်ငန်းသည် အရင်းအနှီးကြီးကြောင်း မြေဆီဖိုး၊ ရွက်ဖျန်းဈေး၊ ထွန်ရှည်းခ၊ ထွန်စက်ခ၊ ကြက်သွန်စိုက်သမခ၊ ကြက်သွန်မျိုးစေ့ဖိုး၊ ရေဖျန်းချိန် စက်ဆီဖိုး ကြက်သွန်နုတ်သိမ်းချိန် နုတ်ခများ ဆောင်းကြက်သွန်တစ်သီးစိုက် ပျိုးချိန် တစ်ကေလျှင် ငွေကျပ်သိန်း၂၀ ခန့် ကုန်ကျကြောင်း ကြက်သွန်စိုက်တောင်သူ ဒေါ်စိုးစိုးက ပြောသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**



ကျောက်ပန်းတောင်းမြို့နယ်၌ ကြက်သွန်စိုက်ပျိုးနေမှုကို တွေ့ရစဉ်။

## ပွင့်ဖြူမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်

**ပွင့်ဖြူ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်နည်းသင်တန်းကို ယမန်နေ့က ပွင့်ဖြူမြို့နယ် ဥယျာဉ်ကျစ်ကျေးရွာအုပ်စု ရွှေဘိုရွာမကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးကျော်က အိမ်တွင်းမှုလုပ်ငန်းဖြစ်သည့် စက်ချုပ်နည်းပညာများကို ဂရုတစိုက်လေ့လာ သင်ယူကာ မိမိရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းနှင့် သင်ယူလေ့လာရသည့်ပညာရပ်အား လက်တွေ့အသုံးချဆောင်ရွက်လုပ်ကိုင်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများအဖွဲ့က တက်ရောက်လာသည့် သင်တန်းသား သင်တန်းသူများကို အိမ်တွင်းမှုလုပ်ငန်းဖြင့် မိသားစုဝင်ငွေတိုးပွားရေး အမျိုးသားဝတ်တီရှပ် လက်တိုလက်ရှည်ချုပ်နည်းများ၊ အမျိုးသမီးဝတ်ရင်ဖုံး အင်္ကျီ၊ ရင်စိအင်္ကျီချုပ်နည်းများနှင့် ဘောင်းဘီတို၊ ဘောင်းဘီရှည် ချုပ်နည်းများကို စာတွေ့လက်တွေ့ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

အဆိုပါ သင်တန်းသို့ ရွှေဘိုရွာမကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ စက်ချုပ်ပညာရပ် စိတ်ဝင်စားသည့် သင်တန်းသားများ တက်ရောက်သင်ကြားသွားမည်ဖြစ်ကြောင်း၊ သင်တန်းအား ဒီဇင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် ( ညောင်ဦး )**



အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်သင်ကြားနေစဉ်။

## (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများ ပြုလုပ်

**လွိုင်လင်**

မြန်မာနိုင်ငံ၏ သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်သည့် လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံ သမိုင်းအကြောင်းအရာများကို ကျောင်းနေအရွယ်ကလေးများ သိရှိလာစေရန် ရည်ရွယ်ချက်ဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂ ရက်က စတင်ကာ လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ကျင်းပပေးလျက်ရှိရာ စာစီ စာကုံးပြိုင်ပွဲတွင် လွိုင်လင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ ၁၉ ဦး၊ ကဗျာပြိုင်ပွဲ တွင် ကျောင်းသားကျောင်းသူ ၁၉ ဦး လာရောက်ဖြေဆိုယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် ဆုရရှိသောကျောင်းသားကျောင်းသူလေးများအား ဇန်နဝါရီ ၄ ရက် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် ဆုများ ပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ကလိန်အောင်**

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထားဝယ်ခရိုင် ကလိန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက်က ပြုလုပ်သည်။

ထို့နောက် ကလိန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးထွန်းထွန်းနိုင်က ကျောင်းသား ကျောင်းသူများအား လွတ်လပ်ရေးနေ့နှင့်ပတ်သက်သည့် ဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ယခုလိုပြိုင်ပွဲများ ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့်အနေဖြင့် လွတ်လပ်ရေးအမွေထိန်းသိမ်းစို့လေ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့်အနေဖြင့် လွတ်လပ်ရေးအောင်ပွဲတို့ဆင်နွှဲ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အ ထ က ကလိန်အောင်ကျောင်းမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**အောင်လံ**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများကိုကျင်းပလျက်ရှိရာ အလွတ်တန်းဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ဇန်နဝါရီ ၁ ရက်မှစတင်၍ ယှဉ်ပြိုင်ကစားလျက်ရှိကြပြီး ဇန်နဝါရီ ၄ ရက်အထိ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲများတွင် ဘော်လီဘောပြိုင်ပွဲကို အသင်းငါးသင်းတို့မှ အ ထ က(၁)ကျောင်း အားကစားကွင်းတွင်လည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲကို အသင်း ၁၄ သင်းတို့မှ အောင်မြေရွှေဝါအားကစားကွင်းတွင်လည်းကောင်း ယှဉ်ပြိုင်ကစားလျက်ရှိကြပြီး ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းလား၊ မိုင်းယောင်း၊ မိုင်းဖြတ်မြို့နယ်များနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း ပန်ဆန်းမြို့နယ်များတွင် ကူးစက်ဖြစ်ပွားခဲ့သဖြင့် အခြားဒေသများသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရေးအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အာဖရိကဝက်အပြင်းဖျားရောဂါ ကင်းရှင်းမှုအခြေအနေကို သိရှိနိုင်ရန်အတွက် ရောဂါစောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ မိမိမွေးမြူထားသော ဝက်များကိုလည်း အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ အာဖရိက ဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

(က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊

( ခ ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေး ဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

( ဂ ) အိမ်မွေးဝက်များကို အပူပြင်းပြင်းဖြင့် ချက်ပြုတ်ထားခြင်း မရှိသော စားသောက်ဆိုင်များမှ စားကြွင်း/ကျန် ကျွေးခြင်း မပြုလုပ်ရန်၊

(ဃ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်/အထွက် ထိန်းချုပ်ရန်၊

( င ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူမွေးမြူရန်၊

( စ ) ဝက်ခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဆ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသော ခြံမှဝက်များကို ဝယ်ယူမွေးမြူရန်၊

( ဇ ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ဈ) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲ ဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြား ဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(ည) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

( ဋ ) ဝက်များတစ်နေရာမှ အခြားတစ်နေရာသို့ ရွှေ့ပြောင်းသယ်ဆောင်ခြင်းနှင့် အများပြည်သူစားသုံးရန် သားသတ်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကျန်းမာရေးစစ်ဆေးမှုကို ခံယူရန်၊

( ဌ ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

( ဍ ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# အမှောင်ခွင်း၍ အလင်းဆောင်နိုင်တော့မည်

ကျေးလက်မောင်(DRD)

မြန်မာနိုင်ငံ၏ ပစ္စက္ခအခြေအနေတွင် စွမ်းအင်ကဏ္ဍသည် ဖွံ့ဖြိုးဆဲဖြစ်သည့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်လျက်ရှိရာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မှုမှာ တိုးတက်လာသော်လည်း စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာခြင်း၊ ခေတ်မီ အဆောက်အအုံများ ယခင်ကထက် တိုးချဲ့ဆောက်လုပ်လာခြင်း၊ လူထုအတွင်း လျှပ်စစ်ပစ္စည်းများ အသုံးပြုမှုများလာခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်မှာ နှစ်ဆမြင့်တက်လာပြီး မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ လူဦးရေ၏ လေးပုံတစ်ပုံသာ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်သေးသည်ဟု သိရှိရသည်။ သို့ဆိုလျှင် ကျန်ရှိသည့် လူဦးရေ၏ သုံးပုံမှာ မီးလင်းရေးနှင့် အလှမ်းဝေးကွာနေဆဲဟု ဆိုရပေလိမ့်မည်။

### အမျိုးသားလျှပ်စစ်ဓာတ်အား စီမံကိန်း

မြန်မာနိုင်ငံတွင် အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၇ သန်းရှိပြီး ၂၀၁၅-၂၀၁၆ခုနှစ်တွင် အိမ်ထောင်စုပေါင်း ၃ ဒသမ ၇ သန်း လျှပ်စစ်ဓာတ်အားရရှိပြီး ၂၀၁၇ ခုနှစ် ဇွန်လတွင် အိမ်ထောင်စု ပေါင်း ၄ ဒသမ ၁၉ သန်းအထိ ရရှိခဲ့သည်ဟု သိရှိရသည်။ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားမှာ ထုတ်လုပ်နိုင်မှုအားနှင့်သုံးစွဲမှုတို့အကြား ညီမျှခြင်းချမရသေးသည့်အခြေအနေတွင် နိုင်ငံတော် အစိုးရကလည်း ကျေးလက်မီးလင်းရေးကို အထောက်အပံ့ပေးမည့် အစီအစဉ်များရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

### လိုအပ်ချက်ပေါ်မူတည်၍ ပူးပေါင်းဆောင်ရွက်

အဆိုပါစီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်၏ (Energy Sector Management Assistance Program-ESMAP)အဖွဲ့တို့ ပူးပေါင်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ နိုင်ငံတော် ဘတ်ဂျက်၊ ကမ္ဘာ့ဘဏ် ချေးငွေနှင့် ပြည်သူ့အချိုးကျထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာနှစ်အတွက် တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ပြည်သူများ၏ လိုအပ်ချက်ပေါ်မူတည်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အရွယ်အစားသတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင်အထက် ကွာဝေးသည့် ကျေးရွာများတွင် ဆိုလာစနစ်အပါအဝင် အခြားနည်းလမ်းများဖြစ်သည့် အသေးစားဓာတ်အားလိုင်းစနစ်၊ ရေအားနှင့် ဇီဝတို့ဖြင့်လည်း မီးလင်းစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။ အမျိုးသားလျှပ်စစ် ဓာတ်အားရရှိရေးစီမံကိန်းသည် ၂၀၃၀ ပြည့်နှစ်အရောက်တွင် တစ်နိုင်ငံလုံးရာခိုင်နှုန်းပြည့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်မည့် စီမံကိန်းဖြစ်ရာ ယခု အချိန်တွင် ဦးစားပေးဒေသအလိုက် တစ်ဆင့်ချင်း ဆောင်ရွက်နေပြီဖြစ်သည်။ ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ အိမ်ခြေ ကိုးသောင်းကျော်ကို အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းဖြင့် မီးလင်းရေးရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရှိရသည်။

### အားတတ်ဖွယ်ရာအဖြစ်

လျှပ်စစ်ဓာတ်အား ပိုမိုရရှိစေရေးနှင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းကို အထောက်အပံ့ရစေရန် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဂျာမနီနိုင်ငံ၏ (KfW) မှ Rural Electrification Programme II on Grid Electrification စီမံချက်အတွက် ချေးငွေ ယူရို ၂၃ ဒသမ ၈၈၃ သန်းနှင့် အထောက်ပံ့ယူရို ၆ ဒသမ ၅၃၅ သန်း စုစုပေါင်း ယူရို ၃၀ ဒသမ ၄၁၈ သန်းဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းရှိ တောင်းကြီးခရိုင်၊ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ ကျေးရွာပေါင်း ၄၁၆ ရွာ ခန့်မှန်းအိမ်ထောင်စုဦးရေ ၃၂၆၇၄ စုအား ဓာတ်အားရရှိရေးအတွက် ၂၀၁၈ ခုနှစ်မှစတင်၍ ၂၀၂၂ အထိ ငါးနှစ်တာကာလအတွင်း ဆောင် ရွက်သွားမည့်အပြင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကလည်း နှစ်စဉ်ခွဲဝေရရှိသည့် ရန်ပုံငွေကို ခွဲဝေအသုံးပြု၍လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများက ၎င်းတို့၏ နှစ်စဉ်ဘတ်ဂျက်ငွေ ခွဲဝေရရှိမှုများအရလည်းကောင်း၊ နိုင်ငံတကာနှစ်စဉ်ချေးငွေများမှ ရယူ၍လည်းကောင်း ကျေးရွာများကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးဝေနိုင်ရန် စီစဉ်ဆောင်ရွက်နေသည်ဟု သိရှိရသည့်အတွက် ကျေးလက်နေပြည်သူများ၏ မီးလင်းရေးကိစ္စမှာ အားတက်ဖွယ်ရာပင်ဖြစ်သည်။



စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်မှ ကျေးရွာတစ်ရွာ၌ ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်ထားစဉ်

### မြို့ပြနှင့် ကျေးလက်ကွာဟမှုမရှိစေရေးဆောင်ရွက်

ထို့အတူ ကယားပြည်နယ်အတွင်း ကျေးရွာပေါင်း ၅၀၆ ရွာအနက် မဟာဓာတ်အားလိုင်း စနစ်ဖြင့် ၃၅၇ ရွာ၊ အသေးစားရေအားလျှပ်စစ်ဖြင့် ၁၁ ရွာ၊ ဆိုလာဖြင့် ၈၉ ရွာနှင့် ဒီဇယ်အင်ဂျင်ဖြင့် နှစ်ရွာတို့ကို မီးလင်းရေးဆောင်ရွက်ထားပြီးဖြစ်သည်။ ထို့သို့ ဆောင်ရွက်ရာတွင် မဟာ ဓာတ်အားလိုင်းစနစ်ကို အသုံးပြု၍လည်းကောင်း၊ ဒီဇယ် အင်ဂျင်စက်ဖြင့် လည်းကောင်း၊ အသေးစားရေအားလျှပ်စစ်ဖြင့်လည်းကောင်း၊ ဆိုလာဖြင့်လည်းကောင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။ ထို့အပြင် ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ကျေးရွာအုပ်စု ၉၁ အုပ်စု၌ကျေးရွာ ၄၇၄ ရွာရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ဌာနဆိုင်ရာများက အစီအစဉ်များချမှတ်၍ မြို့ပြနှင့် ကျေးလက် ကွာဟမှုမရှိစေရေးအတွက် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ရာ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၆၄ ရွာ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၄၄ ရွာ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ဦးစီးဌာနက ၁၉၄ ရွာ၊ ပုဂ္ဂလိကဒီဇယ်အင်ဂျင်ဖြင့် မီးလင်းရေး နှစ်ရွာ စုစုပေါင်း ကျေးရွာ ၃၀၄ ရွာ မီးလင်းရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ တစ်ဖန် ဘားအံမြို့နယ်အတွင်းမှ သံလွင်မြစ်လယ်ကျွန်းရွာများတွင် မီးလင်းရေးဆောင်ရွက်ထားပြီးမှုများမှာ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အတွင်း ရေပေါ် သောင် ကျွန်း၌ အိမ်ခြေ ၁၃၀၊ ဖားနွံ့ကျွန်း၌ အိမ်ခြေ ၂၁၃ အိမ်တို့ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တရုတ်လှကျွန်းမှ ဘုန်းကြီးကျောင်း တစ်ကျောင်းနှင့် မူလတန်းကျောင်းတစ်ကျောင်း အပါအဝင် ကျေးရွာလမ်း မီးတိုင်များနှင့် အိမ်ခြေ ၄၃ လုံးတို့ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်းလည်း သိရှိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း၏ ၂၀၃၀ ပြည့်နှစ်အရောက်တွင် မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်မီးလင်းရေးဟူသော ရည်မှန်းချက်ပန်းတိုင်သို့ လျှောက်လှမ်းနေချိန်တွင် တစ်ဖက်မှလည်း စီမံကိန်းနှင့်ပတ်သက်၍ ဦးစီးဌာန၏ ဆောင်ရွက်ချက်များကို ပြည်တွင်းသာမက အာဆီယံအဆင့်အထိ ယှဉ်ပြိုင် တက်လှမ်းပြီး အောင်မြင်မှုသရဖူ ဆွတ်ခူးနိုင်ခဲ့သည်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် (၃၇) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့်အတူ စွမ်းအင်ဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် အာဆီယံစွမ်းအင်ဆိုင်ရာဖိုရမ်ကို ၂၀၁၉ခုနှစ် စက်တင်ဘာ ၃ ရက်မှ ၅ ရက်အထိ ပြုလုပ်ခဲ့သည့် အာဆီယံပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းဆိုင်ရာဆု (On-Grid-Local Grid)ခေါင်းစဉ်ဖြင့် ASEAN Energy Award-Winner ဆုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ခံရရှိခဲ့သည်။

### နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း(Off-Grid) အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများအနက်မှ အသေးစားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်သော တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ခန္တီးကျွန်းကျေးရွာရှိ ဆိုလာအသေးစားဓာတ်အားစနစ်ကိုအထူးပြု၍ ပြိုင်ပွဲယှဉ်ပြိုင်ခဲ့ရာမှ အဆိုပါဆုကို ထိုက်တန်စွာ ဆွတ်ခူးရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းသည် ၂၀၁၆-၂၀၁၇ခုနှစ်ဘဏ္ဍာနှစ်မှ စတင်၍ ဆောင်ရွက်ခြင်းဖြစ်ပြီး ၂၀၁၈-၂၀၁၉ခုနှစ်တွင် မဟာဓာတ်အားလိုင်းပြင်ပအစီအစဉ်အရ အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးရွာပေါင်း ၂၄၈၉ ရွာရှိ အိမ်ခြေတစ်သိန်းကျော်နှင့် အသေးစားဓာတ်အားစနစ်ဖြင့် ကျေးရွာပေါင်း ၃၈ ရွာရှိ အိမ်ခြေ ၁၀၀၂၅ အိမ်အတွက်လည်း ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၁၈-၂၀၁၉ခုနှစ် ဘဏ္ဍာနှစ်အထိ သုံးနှစ်တာကာလအတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုဓာတ်အားစနစ်နှင့် အိမ်သုံးဆိုလာစနစ်များ ဆောင်ရွက်ပေးခြင်းဖြင့် တပ်ဆင်စွမ်းအင်(Installed Capacity) ၁၃၇ မဂ္ဂါဝပ်ခန့်အထိ ထုတ်လုပ်နိုင်ခဲ့ပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှု ၈၁၀ ဒသမ ၉ တန်ခန့် လျှော့ချပေးနိုင်ခဲ့သည်ဟုလည်း သိရှိရသည်။

နိဂုံးချုပ်အားဖြင့် ကျေးရွာများအတွက် လျှပ်စစ်မီးလင်းရေးသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေသည့်အားလျော်စွာ ကျေးလက်နေပြည်သူများ အနေဖြင့် ယခင်က လျှပ်စစ်မီးလင်းရေး အခက်အခဲရှိပြီး အမှောင်ညများစွာ ဖြတ်သန်းခဲ့ရသော်လည်း ယခုအခါ ပြည်သူတို့၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ပြည့်မီရေးနှင့် တိုးချဲ့ဖြန့်ဝေပေးနိုင်ရေးအတွက် နိုင်ငံတော် အစိုးရမှ နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံချက်များကြောင့် ကျေးလက်ဒေသမီးလင်းရေးအတွက် ရတက်အေးရတော့မည်ဖြစ်သလို ကျေးလက်ပြည်သူတို့၏ အနာဂတ်ဘဝသည်လည်း အမှောင်ခွင်း၍ အလင်းဆောင်နိုင် တော့မည်ဖြစ်ပါသည်။ ။

**"အမျိုးသားလျှပ်စစ် ဓာတ်အားရရှိရေး စီမံကိန်းသည် ၂၀၃၀ ပြည့်နှစ်အရောက်တွင် တစ်နိုင်ငံလုံး ရာခိုင်နှုန်းပြည့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်မည့် စီမံကိန်းဖြစ်ရာ ယခုအချိန်တွင် ဦးစားပေး ဒေသအလိုက် တစ်ဆင့်ချင်း ဆောင်ရွက်နေပြီဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ် နှင့် ကရင်ပြည်နယ်တို့ရှိ အိမ်ခြေ ကိုးသောင်းကျော်ကို အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း ဖြင့် မီးလင်းရေးရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်"**

## မြင်းမူမြို့တွင် နိုင်ငံခြားသားခရီးသွားများ တစ်ထောက်နားပြီး လက်မှုလုပ်ငန်းများဝင်ရောက်လေ့လာ

**မြင်းမူ ဇန်နဝါရီ ၂**

အာရှခရီးသွားများအပြင် အနောက်နိုင်ငံခရီးသွား နိုင်ငံခြားသားအများအပြား စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့ ဧရာဝတီရေလမ်းခရီးမှ တစ်ဆင့် မိမိတို့သွားလိုသည့်လိုရာခရီးစဉ်ကို ကုန်းလမ်းခရီးဖြင့် ဝင်ထွက်သွားလာလျက်ရှိကြောင်း တွေ့ရှိရသည်။

"ခုချိန်ကခရီးသွားရာသီလဲဖြစ်တယ်၊ ခရီးသွားတွေနှစ်သက်တဲ့အချိန်ပေါ့၊ ခါတိုင်းတော့ဒီမြို့ကိုရေကြောင်းကနေဖြတ်သွားတာပဲများတယ်၊ အချိန်က မြစ်ရေနည်းနေတော့ မန္တလေးထိ ဆန်ပြီးမတက်နိုင်တော့ဘူး၊ ရေကြောင်းကျပ်နေတာ၊ အဲဒါကြောင့် ဒီမြို့ကတစ်ဆင့် လိုရာခရီးကို မော်တော်ယာဉ်တွေနဲ့ ခရီးဆက်ဖို့ မထွက်ခွာခင် မြို့တွင်းဝင်ရောက်လေ့လာခြင်းဖြစ်ပါတယ်"ဟု ခရီးသွားဧည့်လမ်းညွှန် ဦးတိုးတိုးမောင်က ပြောသည်။ မြို့တွင်းသို့ အနေးယာဉ်ဆိုက်ကား၊ ခြေကျင်စသည်ဖြင့် ဝင်ရောက်ပြီး တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများဖြစ်သော ဝါးဖြင့်ပြုလုပ်သော ဝင်းထရံ၊ အိမ်မိုးကပ်အိမ်ကာထရံပြုလုပ်ပုံအဆင့်ဆင့်၊ မြန်မာ့ရိုးရာ ရွှေချည်ထိုးလုပ်ငန်းနှင့်နဂါးအမှတ်တံဆိပ် ကတ္တီပါဖိနပ်ထုတ်လုပ်သည့်နေရာများသို့ ဝင်ရောက်လေ့လာခြင်း၊ ဈေးအတွင်းကြည့်ရှုလေ့လာခြင်းများပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရသည်။


နိုင်ငံခြားခရီးသွားများ လက်မှုလုပ်ငန်းများ လေ့လာကြစဉ်။

ယခုခရီးစဉ်တွင် အာရှခရီးသွားများအပြင် ဂျာမန်၊ မက္ကဆီကို၊ နော်ဝေ၊ ဒိန်းမတ်၊ ဆွီဒင်နှင့် အနောက် နိုင်ငံခရီးသွားမိသားစုများအများအပြား ပါဝင်လျက်ရှိကြောင်း တွေ့ရသည်။

**အောင်စိုးဖေ (မြင်းမူ)**

## ကွန်ပျူတာအထောက်အကူပြု ခရိုင်အဆင့် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူရေးသင်တန်းဖွင့်

**မိတ္ထီလာ ဇန်နဝါရီ ၂**

မိတ္ထီလာ၌ ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်းမေးမြန်းစာရင်း ကောက်ယူသည့်စနစ် CAPI (Computer Assisted Personal Interviewing ) အသုံးပြု၍ ၂၀၁၉ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ခရိုင်အဆင့်ကောက်ယူရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနခန်းမ၌ ကျင်းပသည်။



"၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းကောက်တဲ့အခါမှာ ယခင်က ကောက်ယူခဲ့တဲ့ မေးခွန်းစာရွက်အသုံးပြုတဲ့နည်းနဲ့ ကောက်ယူသွားမှာ မဟုတ်တော့ဘဲ နိုင်ငံတော်တော်များများမှာ အသုံးပြုနေပြီဖြစ်တဲ့ ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်းမေးမြန်းစာရင်းကောက်ယူတဲ့စနစ် CAPI (Computer Assisted Personal Interviewing ) ကို အသုံးပြုကောက်ယူသွားမှာဖြစ်ပါတယ်။ အခုသင်တန်းမှာ အဲဒီလိုကောက်ယူတဲ့အခါမှာ ပါဝင်ဆောင်ရွက်ကြမယ့်သူတွေကို သင်တန်းပို့ချတာဖြစ်ပါတယ်။ မိတ္ထီလာခရိုင်အတွင်းက မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည် လေးမြို့နယ်မှာ စုစုပေါင်း ကောက်ကွက် ၇၃ ကွက်ရှိပြီး ကောက်ကွက်တစ်ခုမှာ အိမ်ထောင်စု ၃၅ စုပါဝင်ပါတယ်။ သင်တန်းမှာ သင်တန်းသား သင်တန်းသူ ၄၇ ဦးကို ဇန်နဝါရီ၂ ရက်ကနေ ၁၂ ရက်အထိ ၁၁ ရက်တာ သင်တန်းဖွင့်လှစ်ပို့ချသွားမှာဖြစ်ပါတယ်"ဟု မိတ္ထီလာခရိုင်လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာရုံးမှ ခရိုင်ဦးစီးမှူး ဦးထူးအောင်က ပြောပြသည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်ဝင်း၊ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ပုဂံညောင်ဦးဒေသသို့ ဘုရားဖူးလာရောက်ကြသူများ လက်ပန်းချီအလှဆွဲခြင်းအား စိတ်ဝင်စားနေ

**ညောင်ဦး ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်များ လက်ပန်းချီအလှဆွဲခြင်းအား စိတ်ဝင်တစား လေ့လာကြည့်ရှုကြ၍ ပုဂံညောင်ဦးဒေသရှိ အခကြေးငွေဖြင့် လက်ပန်းချီ အလှဆွဲခြင်းလုပ်ငန်းလုပ်ကိုင်ကြသူများ ဝင်ငွေရရှိကာ အဆင်ပြေနေကြကြောင်း အလိုတော်ပြည့်ဘုရားအနီး လက်ပန်းချီအလှဆွဲလုပ်ငန်း လုပ်ကိုင်ကြသူများထံမှ သိရသည်။

ယခင်က ပုဂံညောင်ဦးဒေသတွင် လက်ပန်းချီအလှဆွဲခြင်းလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်မျှသာရှိပြီး ယခုအခါ သမိုင်းဝင်တန်ခိုးကြီးဘုရားများနှင့် ပုဂံမြို့ဟောင်းသွား လမ်းဘေး(ဝဲ၊ ယာ)များတွင် အခကြေးငွေဖြင့် လက်ပန်းချီအလှဆွဲခြင်း လုပ်ငန်းလုပ်ကိုင်ကြသူများ ပိုမိုများပြားလာခဲ့ကြောင်း၊ အဆိုပါ လက်ပန်းချီအလှဆွဲခြင်းလုပ်ငန်း လုပ်ကိုင်ကြသူများသည် လက်ပန်းချီဆွဲခြင်းလုပ်ငန်းအပြင် ပုဂံရောက်အမှတ်တရ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးနိုင်စေရန် ယွန်းအုပ်များ၊ ပုသိမ်ထီးများနှင့် ရုပ်သေးရုပ်များကို ဘုရားစေတီပုထိုးများအနီး အရိပ်ကောင်းသော သစ်ပင်အောက်တွင် ချိတ်ဆွဲစီစဉ်ထားရှိပြီး လုပ်ကိုင်ကြလေ့ရှိရာ ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်ကြသည့် ပြည်တွင်း၊ ပြည်ပ ဘုရားဖူး ဧည့်သည်များက စိတ်ဝင်တစား လာရောက်ဆွဲကြ၍ ဒေသခံပြည်သူများ လက်ပန်းချီအလှဆွဲခြင်းလုပ်ငန်းဖြင့် မိသားစု အပိုဝင်ငွေရရှိကာ စီးပွားရေးတွက်ချေကိုက်လျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ ပုဂံညောင်ဦး ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေကို လာရောက်လည်ပတ်ကြတဲ့ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်တွေ ယခုရက်ပိုင်းမှာ အရမ်းများပါတယ်။ ဒီဇင်ဘာကျောင်းပိတ်ရက်နဲ့ တိုက်ဆိုင်နေတော့ ပြည်တွင်း ဘုရားဖူးဧည့်သည်တွေ ပိုပြီးများပါတယ်။ ဘုရားဖူးလာတဲ့ ဧည့်သည်တွေ များတဲ့အတွက် ကျွန်တော်တို့ဒေသက ပုဂံအမှတ်တရပစ္စည်း ရောင်းတဲ့သူတွေ၊ ဘုရားပန်းရောင်းတဲ့သူတွေနဲ့ ကျွန်တော်တို့လို အခကြေးငွေဖြင့် လက်ပန်းချီ အလှဆွဲခြင်းလုပ်ငန်း လုပ်ကိုင်သူတွေ ဝင်ငွေကောင်းပြီး စီးပွားရေးတွက်ချေကိုက်ပါတယ်။ အရင်က ကျွန်တော်တို့ဒေသမှာ လက်ပန်းချီအလှဆွဲခြင်းလုပ်ငန်း လုပ်ကိုင်သူ နည်းပေမယ့် ယခုနှစ်မှာတော့ ဘုရားဖူးလာတဲ့ ပြည်တွင်း၊ ပြည်ပ ဧည့်သည်တွေက လက်ပန်းချီအလှဆွဲခြင်းပညာကို စိတ်ဝင်စားသူများလာတဲ့အတွက် တဖြည်းဖြည်းနဲ့ လက်ပန်းချီအလှ ဆွဲခြင်းလုပ်ငန်း လုပ်ကိုင်သူတွေ ပိုပြီးများလာပါပြီ။ အခကြေးငွေနဲ့ ဆွဲပေးတဲ့ လက်ပန်းချီတွေကတော့ ကနုတ်ပန်းအမျိုးမျိုးနှင့် ပန်းပွင့်ပုံအမျိုးမျိုးတို့ဖြစ်ပြီး ဆွဲပေးရသည့်လက်ပန်းချီပေါ်မူတည်၍ အနည်းဆုံး ငွေကျပ် ၁၅၀၀ မှ အများဆုံး ငွေကျပ် ၄၀၀၀ အထိ ရှိပါတယ်။ ယခုရက်ပိုင်းမှာ ကျွန်တော်တို့ ပုဂံညောင်ဦးဒေသမှာ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်တွေ အလာများလို့ လက်ပန်းချီ အလှဆွဲခြင်းလုပ်ငန်း လုပ်ကိုင်ရတာ ဝင်ငွေကောင်းပြီး အဆင်ပြေပါတယ်” ဟု ပုဂံမြို့ဟောင်း မနူဟာဘုရားကြီးအနီး လက်ပန်းချီအလှဆွဲသည့် ဒေသခံတစ်ဦးကပြောပြသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**


လက်ပန်းချီ အလှဆွဲခြင်းအား စိတ်ဝင်စားနေသည့် ခရီးသွားများ

## (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

**ရေကြည်**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်တွင်(၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို စံပြမိခင်နှင့်ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီက ရေကြည်ခန်းမ၌ ကျင်းပသည်။

ကလေးပြိုင်ပွဲတွင်အသက် (၃)လမှ (၆)လ၊ (၆)လမှ(၁)နှစ်၊ (၁)နှစ်မှ(၂)နှစ် ခွဲ၍ အရပ်နှင့် ပေါင်ချိန်ပြည့်မီခြင်း၊ ကျန်းမာရေးကောင်းမွန်ခြင်းဗဟုသုတ ညဏ်ဖွံ့ဖြိုးခြင်းဟူ၍ သတ်မှတ်ချက်နှင့်အညီ ယှဉ်ပြိုင်ခဲ့ပြီး ဝင်ရောက်ယှဉ်ပြိုင်သော မိခင်များအား ရင်သွေးနို့တိုက်ကျွေး စနစ်ကျမှု၊ မိခင်မှကျန်းမာရေး ဗဟုသုတ အသိမြင်ကြွယ်ဝမှု စသည့်အချက်များဖြင့် ယှဉ်ပြိုင်စေခဲ့သည်။

အဆိုပါ ရေကြည်မြို့နယ် စံပြမိခင်နှင့်ကလေးပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ကြသည့်ပြိုင်ပွဲဝင်များထဲမှဆုရရှိသူများအား(၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားတွင်ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူဟန်(ပြန်/ဆက်)**

---

**မိုင်းဖြတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာန၊ Book Club၊ Women Club၊ Youth Clubတို့မှ ပူးပေါင်းစီစဉ်ကျင်းပသည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ မူလတန်းအဆင့် ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက်၉နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရှောလမွန်က ပြိုင်ပွဲများကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် “လွတ်လပ်ရေး၏ အနှစ်သာရ ထိန်းသိမ်းကြ” ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။ ဆက်လက်၍ ကဗျာရွတ်ဆို ပြိုင်ပွဲတွင် မောင်သင်းဝေ ရေးသားသည့် “လွတ်လပ်ရေးနေ့ တို့မမေ့” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပုံပြောပြိုင်ပွဲတွင် တိုင်းလုံး စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ ရေးသားပြုစုသည့် “စိတ်ထားကောင်းကြမယ်” ခေါင်းစဉ်ဖြင့်လည်းကောင်း ကျောင်းသား ကျောင်းသူ ၁၅ ဦးတို့က အသီးသီးဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သန်းထွန်းအေး (ပြန်/ဆက်)**

---

**ကော့သောင်း**

ကော့သောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကော့သောင်းမြို့နယ် ၂၀၂၀ ပြည့်နှစ် (၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများအား ဇန်နဝါရီ ၁ ရက်မှ စတင်ကာ ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများအသီးသီး တွင် ကျင်းပလျက်ရှိကြောင်း သိရသည်။

အထိမ်းအမှတ်ပြိုင်ပွဲများအား မြို့နယ်အားကစားနှင့်ကာယပညာဦးစီးကော်မတီ၏ စီစဉ်မှုဖြင့် ဌာနဆိုင်ရာများမှ ဌာနအလိုက် အသင်းအဖွဲ့များစုဖွဲ့ကာ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ အမျိုးသားဖူဆယ်ဘောလုံး၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်နှင့် အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲများအား ယှဉ်ပြိုင်ကျင်းပခဲ့ကြပြီး ရပ်ကွက်နှင့်ကျေးရွာအုပ်စုများအတွင်း မိမိတို့ရပ်ကွက်အလိုက် ခေါင်းအုံးရိုက်၊ ချောတိုင်တက်၊ ပိုက်ကျော်ခြင်းခတ်၊ ဂုန်နီအိတ်စွပ်ပြေး၊ အာလူးကောက်၊ မုန့်ကိုက်၊ သံပုံးရိုက်၊ စကောရွက်၊ အပ်ပေါက်ထိုး၊ ကြက်ဖခွပ်၊ ထုတ်ဆီးတိုး၊ ဆိုင်ကယ်အနှေးစီး၊ အုန်းသီးလု၊ လွန်ဆွဲ၊ ကလေးဖူဆယ်၊ ရေငုံမြင်းစီး၊ ခြေသုံးချောင်းထောက်၊ မုန့်စားပြိုင်ပွဲများအပြင် ပြေးခုန်ပစ်နှင့် အခြားအားကစားပွဲများကိုကျင်းပလျှက်ရှိပြီး အထိမ်းအမှတ် အားကစားပြိုင်ပွဲအလိုက် ဆုရရှိသူများကို (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

---

**ကျွန်းလှ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် အားကစားနှင့် ကာယပညာကော်မတီနှင့်ဌာနဆိုင်ရာများ ပူးပေါင်းကျင်းပသော(၇၂)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် မီနီမာရသွန်ပြိုင်ပွဲကိုဇန်နဝါရီ ၂ ရက် နံနက် ၅ နာရီက ကျင်းပကြောင်း သိရသည်။

ထိုမီနီမာရသွန်ပြိုင်ပွဲကိုသဖန်းဆိပ်ကျေးရွာမှစတင်တာလွှတ်၍ရွှေကျွန်းမြေအားကစားကွင်း၌ ပန်းဝင်ပြီးပထမ၊ ဒုတိယ၊ တတိယနှင့်နှစ်သိမ့်ဆုရရှိကြသည့် အားကစားသမားများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အလှူရှင်တို့က ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

---

**မိုင်းပျဉ်း**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် အောက်ဈေးတန်း ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ အသိအမှတ်ပြု ကိုယ့်အားကိုယ်ကိုး မိခင်နှင့်ကလေးမူလတန်းကြိုကျောင်းတွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများကို ဇန်နဝါရီ၂ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။ ရှေးဦးစွာ တာဝန်ခံ ဆရာမကြီးက မြန်မာတစ်မျိုးသားလုံး၏ လွတ်လပ်ရေးအောင်ပွဲနေ့ကို မူကြို ကလေးငယ်များ အစဉ်အမြဲ သတိရစေရန်ရည်ရွယ်၍ ပြိုင်ပွဲများကို နှစ်စဉ်နှစ်တိုင်း ကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး အပြေးပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲနှင့် အခြားကစားနည်းများကို ယှဉ်ပြိုင်ကစားခဲ့ကြသည်။

**မေမွန်ထွဋ်(ပြန်/ဆက်)**

# မြန်မာ့ရိုးရာမြင်းစီးအားကစားပြိုင်ပွဲ မိတ္ထီလာမြို့၌ ကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၂**

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်မှ ဦးဆောင်မှုဖြင့် ခရိုင်မြင်းစီးအားကစားအသင်းကကြီးမှူး၍ မြို့နယ်(၁၁) မြို့နယ်ရှိ မြင်းစီးကလပ် ၂၆ ခုမှ မြင်းစီးအားကစားသမားများက (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာမြင်းစီးအားကစားပြိုင်ပွဲကို မိတ္ထီလာမြို့နယ် မကျီးချောက်ကျေးရွာတွင် ဇန်နဝါရီ ၂ ရက် နံနက်က ကျင်းပခဲ့ကြောင်း သိရသည်။

"မြင်းစီးအားကစားဖွံ့ဖြိုးတိုးတက်စေရေး၊ မျိုးဆက်သစ် မြင်းစီးအားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် မြင်းကောင်းများ ပေါ်ထွက်လာစေရေးတို့အတွက် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ ဦးဆောင်မှုဖြင့် ခရိုင်မြင်းစီးအားကစားအသင်းကကြီးမှူး၍ ဖိတ်ခေါ်မြင်းစီးအားကစားပြိုင်ပွဲများကို ကျင်းပပေးခြင်းဖြစ်ကြောင်း၊ ဖိတ်ခေါ်ပြိုင်ပွဲတွင် နေပြည်တော်၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ရောဝတီမြင်းစီးကလပ်နှင့်မြစ်သား၊ မြင်းခြံ၊ လှည်းကူး၊ ကျောက်ပန်းတောင်း၊ ပွင့်ဖြူ၊ ပျော်ဘွယ်၊ မလှိုင်၊ သာစည်မြို့နယ်များရှိမြင်းစီးကလပ် ၂၆ ခုမှ မြင်းစီးအားကစားသမားများက လာရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲ မစတင်မီမိတ္ထီလာမြို့နယ်မှ ဒေသခံပြည်သူများ



မိတ္ထီလာမြို့၌ မြန်မာ့ရိုးရာ မြင်းစီးပြိုင်ပွဲ ကျင်းပစဉ်။

ကြည့်ရှုနိုင်စေရန် အမြင့် တန်းခုန်ကျော်ခြင်းနှင့် မြင်းအကအလှများဖြင့် ပြသခဲ့ကြောင်း" မိတ္ထီလာခရိုင် မြင်းစီးအားကစားအသင်းဥက္ကဋ္ဌ ဦးအောင်မြတ်ထွန်းက ပြောကြားခဲ့သည်။

ယခုလို မြန်မာ့ရိုးရာမြင်းစီးအားကစားပြိုင်ကို မကျီးချောက်ကျေးရွာတွင် လာရောက်ကျင်းပပေးသည့်အတွက် မိမိတို့ ကျေးရွာနှင့်အနီးပတ်ဝန်းကျင်မှ ဒေသခံပြည်သူများ သာမကမိတ္ထီလာမြို့ပေါ်မှ ဒေသခံပြည်သူများလည်းမြင်းစီးအားကစားပြိုင်ပွဲကိုမြင်ခွင့်ရသည့်အတွက် အလွန်ပဲပျော်ရွှင်လျက်ရှိကြောင်း မကျီးချောက်ကျေးရွာ ရာအိမ်မှူး ဦးကျော်ငွေးက ပြောသည်။

ဆက်လက်ပြီး ၎င်းက ယခင်ကမြင်းစီးအားကစားပြိုင်ပွဲများကိုတီဗွီကြည့်မှ မြင်ရပါကြောင်း၊ မြင်း အားကစားပြိုင်ပွဲအပြင် ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပခြင်း မရှိသည့် အမြင့်တန်းခုန်ကျော်ခြင်းများနှင့် မြင်းအကအလှများကိုလည်းပြိုင်ပွဲမစတင်မီပြသခဲ့သည့်အတွက် အပြင်မှာလက်တွေ့မြင်ရသည့်အတွက် ဒေသခံပြည်သူများမှာ အလွန်ပျော်ရွှင်ဝမ်းသာလျက်ရှိကြောင်း ပြောသည်။

အဆိုပါ မြန်မာ့ရိုးရာမြင်းစီးအားကစားပြိုင်ပွဲတွင် မြန်မာခြေ(အသားကျ)၊ မြင်းဒုံး (အကြီးတန်း)၊ မြင်းဒုံး (အငယ်တန်း)အဖြစ် ပြိုင်ပွဲအမျိုးအစားသုံးမျိုးခွဲခြား၍ ဇန်နဝါရီလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ပြိုင်ပွဲကျင်းပသွားမည်ဖြစ်ရာဇန်နဝါရီလ ၂ ရက်နေ့တွင် မြင်းဒုံး (အငယ်တန်း)ပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကျိုက်မရောမြို့နယ် တောင်ကလေးအင်း၌ ကွန်ပစ်ပွဲ ကျင်းပ

**ကျိုက်မရော ဇန်နဝါရီ ၂**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် တောင်ကလေးကျေးရွာ အင်းတွင် ယမန်နေ့ နံနက် ၉ နာရီမှစ၍ ကွန်ပစ်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပရာ



တောင်ကလေးအင်း၌ ကွန်ပစ်ပွဲ ပြုလုပ်စဉ်။

မည်သူမဆို လာရောက်ကွန်ပစ်နိုင်ကြောင်း သိရသည်။ ကွန်တစ်ကွန်လျှင် ငွေကျပ် ငါးထောင်နှုန်းစီအလှူငွေကောက်ခံပြီး အဆိုပါ ကွန်ပစ်ပွဲမှရရှိသော အလှူငွေများကို ကျေးရွာစာသင်ကျောင်းအတွက် လိုအပ်သောနေရာများတွင် အသုံးပြုရန်အတွက် ကောက်ခံရခြင်းဖြစ်ကြောင်း တောင်ကလေး ကျေးရွာမှရွာသားတစ်ဦးက ပြောကြောင်း သိရသည်။

အဆိုပါအင်းအတွင်း၌ ငါးမျိုးစုံရှိပြီး ယခုလို အင်းရေခန်းခါနီးအချိန်တွင် နှစ်စဉ်ကွန်ပစ်ပွဲပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ စီးပွားဖြစ်လုပ်ဆောင်တာမျိုးမဟုတ်ပဲ အပျော်သဘောဖြင့်သာ ကွန်ပစ်ဝါသနာပါသူများက ရန်ပုံငွေထည့်ဝင်၍လာရောက်ပြုလုပ်ကြခြင်းသာဖြစ်ကြောင်း ကွန်ပစ်ပွဲတွင် လာရောက်ပါဝင်ဆင်နွှဲသူခရီးသွားတစ်ဦးထံမှ သိရသည်။

**ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**

# သုံးခွမြို့တွင် အထူးဓမ္မသဘင် ကျင်းပမည်

**သုံးခွ ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီးသုံးခွမြို့အမှတ်(၈)(၁၀)ရပ်ကွက်ရှိဥက္ကံဘုရားကြီး မဏ္ဍိုင်ပရိယတ္တိစာသင်တိုက်၌ နှစ်(၁၀၀)ပြည့်ရွှေကျင်နိကာယဝိနယဓမ္မစာတော်ပြန်ပွဲကြီးတွင် အထူးဓမ္မသဘင်ပွဲဆင်ယင်ကျင်းပမည်ဟု သိရသည်။ ဇန်နဝါရီ ၆ ရက်နေ့တွင် ဓမ္မဒူတဆရာတော်ဒေါက်တာအရှင်ဆေကိန္ဒ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ နယ်လှည့်ဓမ္မကထိက၊ ဇန်နဝါရီ ၇ ရက်နေ့တွင် ရွှေရင်အေးဆရာတော်အရှင်ပညာနန္ဒ၊ သာသနဓဇဓမ္မာစရိယ၊ ဗဟုဇနဟိတဓရ၊ မဟာစည်နယ်လှည့်ဓမ္မကထိက၊ ဇန်နဝါရီ၈ရက်နေ့တွင် သီတဂူဆရာတော်အရှင် ဉာဏိဿရ၊( D.litt)( ph.D)အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ ရွှေကျင်နိကာယဥပဥက္ကဋ္ဌတွဲဘက်သာသနာပိုင်( ၁)၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်( စစ်ကိုင်း/ရန်ကုန်/မန္တလေး)အဓိပတိဆရာတော်တို့က ညစဉ် ၇ နာရီတွင် တရားဟောကြားမည်ဖြစ်သည်။ **ကိုကျော်(သုံးခွ)**

# ခရိုင်အဆင့်ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေး သင်တန်းဖွင့်

**မြင်းခြံ ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့တွင်(၂၀၁၉)ခုနှစ်ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအတွက် မြင်းခြံခရိုင် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်ပွဲကိုမြင်းခြံမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေး သင်တန်းဖွင့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်က အမှာစကားပြောကြားပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြင်းခြံခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးဦးမျိုးညွှန့်က သင်တန်း ဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ယခုလူဦးရေသန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတကာတွင် အသုံးပြုနေသော နည်းစနစ်ဖြစ်သည့် Mobile Tablet ကို အသုံးပြုပြီး CAPI (Computer Assisted Personal Interviewing) စနစ်ဖြင့် ကောက်ယူသွားမည်ဖြစ်၍ ယခုသင်တန်းကို တက်ရောက်ကြသူများ အနေဖြင့် ကြိုးစားလေ့လာသင်ယူကြရန်လိုကြောင်း သိရှိရသည်။

အဆိုပါ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူရေးသင်တန်းဖွင့်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်အေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းနည်းပြ ဆရာ/ ဆရာမများ၊ သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ ယခုသင်တန်းကို မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့များမှ သင်တန်းသား/သင်တန်းသူ ၃၈ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၁၁ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# အသက်(၂၁)နှစ်အောက် ကလပ်အသင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ခင်ဦး ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ (ဖလား) အသက် (၂၁)နှစ်အောက် ကလပ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂ ရက်က မြို့မအားကစားကွင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲတက်ရောက်ခဲ့သော Arkar FC အသင်းနှင့် သိန်းထိုက် FC အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Arkar FC အသင်းက သိန်းထိုက် FC အသင်းကို ၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဆက်လက်ပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ပထမရရှိသော Arkar FC အသင်းကို အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ (ဖလား)ကိုလည်းကောင်း၊ ဒုတိယ ရရှိသော သိန်းထိုက် FC အသင်းနှင့် တတိယရရှိသော MGO FC၊ ရွှေထိမြေ FC အသင်းတို့ကို တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့သည်။ ထို့နောက် ပထမရရှိသော Arkar FC အသင်းကို အောင်မင်္ဂလာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ဆုငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ သိန်းထိုက်FC အသင်းမှ အကောင်းဆုံးကစားသမားတစ်ဦးကို ဆုငွေကျပ် သုံးသောင်းကိုလည်းကောင်း အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးဝေအောင်(ခင်ဦး)**



# ဂန့်ဂေါခရိုင်အတွင်း ကျေးရွာ ၃၁၈ ရွာ၌ ရေရရှိရေးဆိုင်ရာ အချက်အလက်များ ကောက်ယူ

**ဂန့်ဂေါ ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်အတွင်းရှိ ကျေးရွာ ၃၁၈ ရွာ၌ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ရေရရှိရေးဆိုင်ရာအချက်အလက်များကို ကောက်ယူလျက် ရှိကြောင်း ဂန့်ဂေါခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းအောင်က ပြောသည်။



ထိုသို့ ကျေးလက်ရေရရှိရေးဆိုင်ရာ စစ်တမ်းကောက်ယူရာတွင် Rural Water Supply Management Information System (MIS software)ဖြင့် ကျေးရွာများတွင်လက်ရှိရေရရှိရေး အခြေအနေ များ၊ရေအရင်းအမြစ်စစ်တမ်းများ၊ ကျေးရွာရေရရှိရေးဆိုင်ရာ အချက်အလက်များ ကောက်ယူသွားမည်ဖြစ်ရာ ဂန့်ဂေါခရိုင်အတွင်း ကျေးရွာပေါင်း ၃၁၈ ရွာကို ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် အတွင်း ကွင်းဆင်း ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ဂန့်ဂေါခရိုင်အတွင်း ကျေးရွာပေါင်း ၃၁၈ ရွာရှိသည့်အနက် ယခုအခါ ကျေးရွာပေါင်း ၂၆၁ ရွာအား ရေရရှိရေးဆိုင်ရာအချက်အလက်များ ကောက်ယူပြီးဖြစ်ကြောင်း အဆိုပါ ကျေးရွာများမှ ရေရရှိရေးဆိုင်ရာ အချက်အလက်များကို ခရိုင်/မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ ဝန်ထမ်းများနှင့် လူထုဗဟိုပြုစီမံကိန်း ဝန်ထမ်းများက အဖွဲ့များခွဲ၍ ကွင်းဆင်းကောက်ယူ လျက်ရှိကြောင်း၊ ခရိုင်အတွင်းရှိ ကျေးရွာများကို ဌာနဆိုင်ရာ အလှူရှင်အဖွဲ့အစည်းများက သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ ကောက်ယူခြင်းဖြစ်ကြောင်း သိရသည်။ **ဇော်မင်းငွေး**

## ရန်ကုန်တက္ကသိုလ်ရာပြည့်အကြို
## နဝမအကြိမ် ရန်ကုန်တက္ကသိုလ်၊ ရူပဗေဒဌာနမှ အသက် (၆၅)နှစ်အထက် ဆရာ/ဆရာမကြီးများ ပူဇော်ကန်တော့ပွဲ

ရန်ကုန်တက္ကသိုလ်၊ ရူပဗေဒဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော အသက် (၆၅)နှစ်အထက် ဆရာကြီး/ ဆရာမကြီးများအား ပညာသင်နှစ်အားလုံး (အဝေးသင်အပါအဝင်)မှ ကျောင်းသား/သူဟောင်းများမှ နဝမအကြိမ် ပူဇော်ကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်။

အချိန် - နံနက် ၉ နာရီ၊ နေ့ရက် - ၁-၂-၂၀၂၀ (စနေနေ့)၊ နေရာ - RC ရန်ကုန်တက္ကသိုလ်အပန်းဖြေရိပ်သာ

ကျောင်းသား/သူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေ ထည့်ဝင်လှူဒါန်းကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

အလှူခံဖြတ်ပိုင်းစာအုပ်များကို Dr. ဇော်လင်းသူ၊ ဖုန်း - 09- 5006024ထံ ထုတ်ယူကာ လှူဒါန်းကောက်ခံ ပေးကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။ အလှူငွေများကိုအောက်ဖော်ပြပါ သူများထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| Dr. ခင်ခင်ဝင်း | - ၀၉ - ၅၀၀၅၂၀၄ | Dr. သက်နိုင် | - ၀၉ - ၇၉၅၄၁၄၁၈၃ | Dr. အေးအေးသန့် | - ၀၉ - ၄၂၀၀၅၀၄၈၉ | Dr. ယဉ်မောင်မောင် | - ၀၉ - ၈၉၀၅၂၄၅၅၃ |
| Dr. ခင်မာအုန်း | - ၀၉ - ၅၀၀၅၃၅၂ | Dr. လှတိုး | - ၀၉ - ၅၁၄၈၉၁၆ | Dr. ခင်ခင်ကျော် | - ၀၉ - ၅၂၀၃၀၉၃ | Dr. ငြိမ်းငြိမ်းမာ | - ၀၉ - ၅၄၀၅၄၅၇ |
| ဒေါ်အေးအေးဝင်း | - ၀၉ - ၅၀၉၂၃၄၃ | ဦးအောင်ဇော်မိုး | - ၀၉ - ၅၁၇၉၉၃၁ | Dr. သီသီအောင် | - ၀၉ - ၇၉၇၈၇၀၆၇၇ | ဦးမြင့်သိန်း | - ၀၉ - ၄၂၀၆၆၈၇၆၅ |
| ဒေါ်ခင်မိုးမာ | - ၀၉ - ၅၁၉၉၅၄၂ | ဦးဌေးမြိုင် | - ၀၉ - ၂၆၀၆၁၈၆၈၆ | | | | |

**၃၁ - ၁၂ - ၂၀၁၉ နေ့တွင် အသက် (၆၅)နှစ်ပြည့်ပြီးသော ဆရာ/ဆရာမကြီးများ၊ ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနသို့ ဆက်သွယ် သတင်းပေးပို့ကြပါရန် ရိုသေစွာအသိပေးအပ်ပါသည်။**

**မိတ်ဆုံညစာ စားပွဲ** - နေ့ရက် - ၁-၂-၂၀၂၀၊ အချိန် - ညနေ ၆ း ၀၀နာရီ၊ နေရာ - သစ်ပုတ်ပင်မြက်ခင်း၊ လက်မှတ် တစ်စောင် ၁၀၀၀၀/-ကျပ်

- လက်မှတ်များကို ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနနှင့် ဦးတင်မောင်မြင့် ( ၀၉ - ၅၀၄၃၄၂၉ )၊ ဦးသူရဝင်း ( ၀၉ - ၄၅၀၀၉၉၈၁၄ ) တို့ထံ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။
- ရပ်ဝေးမှ ကျောင်းသား/သူဟောင်းများသည် **KBZ Account No. 16030200701529401 (KANBAWZA BANK Ltd (KMY - 2)** သို့ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မြစ်ကြီးနားတက္ကသိုလ်-မြစ်ကြီးနားမြို့
## (၁၉) ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မြစ်ကြီးနားတက္ကသိုလ်၏ (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပမည်ဖြစ်ပါသဖြင့် မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားတက္ကသိုလ်နှင့် ပေါင်းစည်းထားသော မိုးညှင်းဒီဂရီကောလိပ်မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဘွဲ့စာမေးပွဲ အောင်မြင်သူများအတွက် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ မဟာဥပဒေပညာဘွဲ့၊ မဟာသုတေသနဘွဲ့များ လျှောက်ထားနိုင်ပါသည်။

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့၊ အဝေးရောက်ဘွဲ့လျှောက်ထားလိုပါက ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဤတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနမှ ရယူဖြည့်စွက်ပြီး ၂၃-၁၂-၂၀၁၉ ရက်မှ ၂၄-၁-၂၀၂၀ ရက်အထိ စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာန တွင် ("၁⁷⁄₂ x၂") Sticker (ကပ်ခွာ) ဓာတ်ပုံ (၃)ပုံ မှတ်ပုံတင်မိတ္တူနှင့်အတူ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ယူသူများအတွက် (၁၅၀၀ဝိ/-)ဖြစ်ပြီး၊ အဝေးရောက်ဘွဲ့ယူလိုသူများအတွက် (၁၀၀၀ဝိ/-) ဖြစ်ပါသည်။

၄။ လျှောက်လွှာကို စာတိုက်မှပေးပို့သည့်အခါ ပေးပို့လွှာတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟုဖော်ပြပြီး ပါမောက္ခချုပ် မြစ်ကြီးနားတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာတွင် လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အောင်မြင်သည့် ခုနှစ်၊ လ၊ ပညာသင်နှစ်၊ အထူးပြုဘာသာ၊ တက်ရောက်ခဲ့သည့် တက္ကသိုလ်/ဒီဂရီကောလိပ်အပြည့်အစုံကို တိကျစွာဖော်ပြရပါမည်။

၅။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မတိုင်မီက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(၁)စောင် တင်သွင်းရမည်ဖြစ်ပြီး နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် နိုင်ငံသားလက်မှတ်မူရင်းကို တင်ပြနိုင်မှသာလျှင် ဘွဲ့လက်မှတ်ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၈။ ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်။

### (၁၉) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အစီအစဉ်

| | | |
|---|---|---|
| ပထမရက် ပထမပိုင်း | - | ၈-၂-၂၀၂၀ ရက် နံနက် ၉:၀၀ နာရီ |
| အစမ်းလေ့ကျင့်ရက် | - | ၆-၂-၂၀၂၀ ရက် နံနက် ၉:၀၀ နာရီ |
| မဟာဝိဇ္ဇာဘွဲ့ | - | အင်္ဂလိပ်စာ၊ ပထဝီဝင်၊ စိတ်ပညာ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | - | သင်္ချာ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ |
| ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင် |
| ပထမရက် ဒုတိယပိုင်း | - | ၈-၂-၂၀၂၀ ရက် မွန်းလွဲ ၂:၀၀ နာရီ |
| အစမ်းလေ့ကျင့်ရက် | - | ၆-၂-၂၀၂၀ ရက် နံနက် ၉:၀၀ နာရီ |
| မဟာသုတေသနဘွဲ့ | - | ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ |
| မဟာသိပ္ပံဘွဲ့ | - | ရူပဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | - | မြန်မာစာ၊ ပထဝီဝင် |
| သိပ္ပံဘွဲ့ | - | ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဓာတုဗေဒ |

### (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အစီအစဉ်

| | | |
|---|---|---|
| ဒုတိယရက် ပထမပိုင်း | - | ၉-၂-၂၀၂၀ ရက် နံနက် ၉:၀၀ နာရီ |
| အစမ်းလေ့ကျင့်ရက် | - | ၆-၂-၂၀၂၀ ရက် မွန်းလွဲ ၂:၀၀ နာရီ |
| မဟာဝိဇ္ဇာဘွဲ့ | - | မြန်မာစာ၊ သမိုင်း |
| မဟာဥပဒေပညာဘွဲ့ | - | ဥပဒေပညာ |
| မဟာသိပ္ပံဘွဲ့ | - | ရုက္ခဗေဒ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | - | သတ္တဗေဒ၊ ဇီဝဓာတုဗေဒ |
| ဥပဒေပညာဘွဲ့ | - | ဥပဒေပညာ |
| သိပ္ပံဘွဲ့ | - | သင်္ချာ၊ ဘူမိဗေဒ |
| ဒုတိယရက် ဒုတိယပိုင်း | - | ၉-၂-၂၀၂၀ ရက် မွန်းလွဲ ၂:၀၀ နာရီ |
| အစမ်းလေ့ကျင့်ရက် | - | ၆-၂-၂၀၂၀ ရက် မွန်းလွဲ ၂:၀၀ နာရီ |
| မဟာသိပ္ပံဘွဲ့ | - | ဓာတုဗေဒ၊ သင်္ချာ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | - | အင်္ဂလိပ်စာ၊ သမိုင်း၊ ဒဿနိကဗေဒ၊ စိတ်ပညာ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | - | ဓာတုဗေဒ၊ ရူပဗေဒ |
| ဝိဇ္ဇာဘွဲ့ | - | သမိုင်း၊ ဒဿနိဗေဒ၊ စိတ်ပညာ |
| တတိယရက် ပထမပိုင်း | - | ၁၀-၂-၂၀၂၀ ရက် နံနက် ၉:၀၀ နာရီ |
| အစမ်းလေ့ကျင့်ရက် | - | ၇-၂-၂၀၂၀ ရက် နံနက် ၉:၀၀ နာရီ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့(မိုးညှင်းဒီဂရီကောလိပ်) | - | မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း |
| ဝိဇ္ဇာဘွဲ့ (မြစ်ကြီးနားတက္ကသိုလ်) | - | အရှေ့တိုင်းပညာ |
| သိပ္ပံဘွဲ့ (မြစ်ကြီးနားတက္ကသိုလ်) | - | သတ္တဗေဒ၊ ရုက္ခဗေဒ |
| သိပ္ပံဘွဲ့ (မိုးညှင်းဒီဂရီကောလိပ်) | - | ဓာတုဗေဒ၊ သင်္ချာ၊ သတ္တဗေဒ |
| တတိယရက် ဒုတိယပိုင်း | - | ၁၀-၂-၂၀၂၀ ရက် မွန်းလွဲ ၂:၀၀ နာရီ |
| အစမ်းလေ့ကျင့်ရက် | - | ၇-၂-၂၀၂၀ ရက် နံနက် ၉:၀၀ နာရီ |
| သိပ္ပံဂုဏ်ထူးဘွဲ့ (မိုးညှင်းဒီဂရီကောလိပ်) | - | ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ |
| ဝိဇ္ဇာဘွဲ့ (မိုးညှင်းဒီဂရီကောလိပ်) | - | မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း |
| သိပ္ပံဘွဲ့ (မိုးညှင်းဒီဂရီကောလိပ်) | - | ရူပဗေဒ၊ သတ္တဗေဒ |

၉။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများသည် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာနှင့်အတူ ဘွဲ့ကြေးငွေသွင်းပြေစာ ပြသလျက် ဘွဲ့ဝတ်စုံများကို ၂-၂-၂၀၂၀ ရက်မှ ၄-၂-၂၀၂၀ ရက် နံနက် ၉:၀၀ နာရီမှ ညနေ ၄:၀၀ နာရီအထိ မြစ်ကြီးနားတက္ကသိုလ် အားကစားခန်းမတွင် ထုတ်ယူနိုင်ပါသည်။

၁၀။ ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသားများသာ) တို့အနက် နှစ်သက်ရာဝတ်စုံကို ဝတ်ဆင်နိုင်ပါသည်။

**ရက်စွဲ။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်**

**အောင်မြင့်၊ ဌာနမှူး-သင်တန်းရေးရာဌာန**
**မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့**

---

## မြစ်ကြီးနားတက္ကသိုလ် (အဝေးသင်သင်တန်း)
## (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ မန္တလေးအဝေးသင်တက္ကသိုလ်၏ ၂၀၁၈ ပညာသင်နှစ် ၂၀၁၈ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ကျင်းပ ပြုလုပ်ခဲ့ပြီးသော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေဘွဲ့စာမေးပွဲကို အောင်မြင်၍ တက်ရောက်ဘွဲ့လျှောက်ထားလာသော ကျောင်းသား၊ ကျောင်းသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ၁၅-၁-၂၀၂၀ ရက်မှ ၂၀-၁-၂၀၂၀ ရက်ထိ (အစမ်းလေ့ကျင့်ရက်အပါအဝင်) ကျင်းပမည်ဖြစ်ပါသည်။ ဘွဲ့တက်ရောက်ယူရာတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသား ဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသားများသာ)အနက်မှ မိမိကြိုက်နှစ်သက်ရာ ဝတ်စုံအပြည့်အစုံဝတ်ဆင်၍ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အစမ်းလေ့ကျင့်ရက်နှင့် ဘွဲ့အပ်နှင်းသည့် ရက်များတွင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာနှင့်ကိုက်ညီသည့် ဝတ်စားဆင်ယင်မှုမျိုးကိုသာ ဝတ်ဆင်ကြရန်နှင့် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ ဝတ်ဆင်လာပါက အစမ်းလေ့ကျင့်ရက်အပါအဝင် ဘွဲ့နှင်းသဘင်အခမ်းအနားများသို့ လုံးဝ(လုံးဝ) တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၃။ ဘွဲ့နှင်းသဘင်ကျင်းပမည့်သတ်မှတ်ချိန်ထက် နာရီဝက်စော၍ နေရာယူပေးကြပါရန်နှင့် သတ်မှတ်ချိန်ထက်နောက်ကျ ရောက်ရှိလာသူများကို ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၄။ ဘွဲ့တက်ရောက်ယူမည့် လက်မှတ်၊ ဧည့်လက်မှတ်များနှင့် ဘွဲ့ဝတ်စုံများကို၊ မြစ်ကြီးနားတက္ကသိုလ်၊ အားကစားခန်းမတွင် ၁၁-၁-၂၀၂၀ ရက်မှ ၁၃-၁-၂၀၂၀ ရက်အထိ နံနက် ၉:၀၀ နာရီမှ ၄:၀၀ နာရီအထိ ထုတ်ပေးမည်ဖြစ်၍ ဘွဲ့ကြေးငွေသွင်းပြေစာ ပြသကာ ထုတ်ယူနိုင်ပါသည်။

### မြစ်ကြီးနားတက္ကသိုလ်၊ အဝေးသင်သင်တန်း(၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အစီအစဉ်

| | | |
|---|---|---|
| ပထမရက်ပထမပိုင်း | - | ၁၇-၁-၂၀၂၀ ရက် နံနက် ၉:၀၀ နာရီ |
| အစမ်းလေ့ကျင့်ရက် | - | ၁၅-၁-၂၀၂၀ ရက် နံနက် ၉:၀၀ နာရီ |
| ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ (၄-မ-၁မှ ၁၁၃ထိ) စိတ်ပညာ |
| သိပ္ပံ | - | ဓာတုဗေဒ |
| ပထမရက် ဒုတိယပိုင်း | - | ၁၇-၁-၂၀၂၀ ရက် မွန်းလွဲ ၂:၀၀ နာရီ |
| အစမ်းလေ့ကျင့်ရက် | - | ၁၅-၁-၂၀၂၀ ရက် နံနက် ၉:၀၀ နာရီ |
| ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ (၄-မ-၁၁၄မှ ၂၆၄ ထိ) အင်္ဂလိပ်စာ (၄-အ-၁မ ၁၉၇ထိ) |
| သိပ္ပံဘွဲ့ | - | ရူပဗေဒ |
| ဒုတိယရက် ပထမပိုင်း | - | ၁၈-၁-၂၀၂၀ ရက် နံနက် ၉:၀၀ နာရီ |
| အစမ်းလေ့ကျင့်ရက် | - | ၁၅-၁-၂၀၂၀ ရက် မွန်းလွဲ ၂:၀၀ နာရီ |
| ဝိဇ္ဇာဘွဲ့ | - | အင်္ဂလိပ်စာ (၄-အ-၁၉၈မှ ၃၂၂ထိ) |
| ဥပဒေပညာဘွဲ့ | - | ဥပဒေပညာ |
| ဝိဇ္ဇာဘွဲ့ | - | ဒဿနိကဗေဒ(၄-ဒ-၁မှ၁၂၁ထိ) |

### မြစ်ကြီးနားတက္ကသိုလ် အဝေးသင်(၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အစီအစဉ်

| | | |
|---|---|---|
| ဒုတိယရက် ဒုတိယပိုင်း | - | ၁၈-၁-၂၀၂၀ ရက် မွန်းလွဲ ၂:၀၀ နာရီ |
| အစမ်းလေ့ကျင့်ရက် | - | ၁၅-၁-၂၀၂၀ ရက် မွန်းလွဲ ၂:၀၀ နာရီ |
| သိပ္ပံဘွဲ့ | - | သင်္ချာ |
| ဝိဇ္ဇာဘွဲ့ | - | အင်္ဂလိပ်စာ (၄-အ-၃၂၃မှ ၄၄၃ထိ)<br>ဒဿနိကဗေဒ (၄-ဒ-၁၂၂မှ၂၃၂ထိ) စီးပွားစီမံ |
| တတိယရက် ပထမပိုင်း | - | ၁၉-၁-၂၀၂၀ ရက် နံနက် ၉:၀၀ နာရီ |
| အစမ်းလေ့ကျင့်ရက် | - | ၁၆-၁-၂၀၂၀ ရက် နံနက် ၉:၀၀ နာရီ |
| သိပ္ပံဘွဲ့ | - | သတ္တဗေဒ၊ ရုက္ခဗေဒ |
| ဝိဇ္ဇာဘွဲ့ | - | ဒဿနိကဗေဒ (၄-ဒ-၂၃၃ မှ ၄၁၂ထိ)<br>သမိုင်း (၄-သ-၁ မှ ၁၅၅ထိ) |
| တတိယရက် ဒုတိယပိုင်း | - | ၁၉-၁-၂၀၂၀ ရက် မွန်းလွဲ ၂:၀၀န ာရီ |
| အစမ်းလေ့ကျင့်ရက် | - | ၁၆-၁-၂၀၂၀ ရက် နံနက် ၉:၀၀ နာရီ |
| ဝိဇ္ဇာဘွဲ့ | - | သမိုင်း (၄-သ-၁၅၆မှ ၂၈၁ထိ) အရှေ့တိုင်းပညာ၊ စီးပွားရေးပညာ၊<br>ပထဝီဝင် (၄-ပ-၁မှ ၁၂၇ထိ) |
| စတုတ္ထရက် ပထမပိုင်း | - | ၂၀-၁-၂၀၂၀ ရက် နံနက် ၉:၀၀ နာရီ |
| အစမ်းလေ့ကျင့်ရက် | - | ၁၆-၁-၂၀၂၀ ရက် မွန်းလွဲ ၂:၀၀ နာရီ |
| ဝိဇ္ဇာဘွဲ့ | - | ပထဝီဝင် (၄-ပ-၁၂၈ မှ ၂၄၀ထိ) (မြစ်ကြီးနားတက္ကသိုလ်)<br>သမိုင်း (၄-သ-၁မှ ၁၁၈ထိ) (မိုးညှင်းဒီဂရီကောလိပ်)<br>မြန်မာစာ (မိုးညှင်းဒီဂရီကောလိပ်) |
| စတုတ္ထရက် ဒုတိယပိုင်း | - | ၂၀-၁-၂၀၂၀ ရက် မွန်းလွဲ ၂:၀၀ နာရီ |
| အစမ်းလေ့ကျင့်ရက် | - | ၁၆-၁-၂၀၂၀ ရက် မွန်းလွဲ ၂:၀၀ နာရီ |
| သိပ္ပံဘွဲ့ | - | ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ<br>(မိုးညှင်းဒီဂရီကောလိပ်) |
| ဝိဇ္ဇာဘွဲ့ | - | ပထဝီဝင် (မိုးညှင်းဒီဂရီကောလိပ်)<br>သမိုင်း (၄-သ-၁၁၉ မှ ၂၄၉ထိ) (မိုးညှင်းဒီဂရီကောလိပ်) |

**ရက်စွဲ။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်**

**အောင်မြင့်၊ ဌာနမှူး-သင်တန်းရေးရာဌာန**
**မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ စည်ပိုင်းရွာနေ မောင်မျိုးမင်းကျော်၏ မိခင် ဒေါ်မြင့်မြင့်နိုင် ၉/လဝန(နိုင်)၀၆၇၈၂၈ နှင့် ဒေါ်မြင့်နိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့၊ အမှတ်(၂) ရပ်ကွက်နေ ဦးဌေးဝင်း ဝယ်ယူထားသော ဒက္ခိဏသီရိမြို့နယ်ရှိ ဝိုင်းခြံမြေကွက်နှင့် ပတ် သက်၍ ကန့်ကွက်လိုပါက ၁၅ရက်အတွင်း ဒေါ်မြမြလွင်ထံသို့ ခိုင်မာသော စာရွက်စာတမ်းများနှင့်အတူ ကန့်ကွက်နိုင်ပါကြောင်း။

**ဦးဌေးဝင်း အမှတ်(၂)ရပ်ကွက်**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရဲလင်း (ဘ)ဦးခင်မောင်မြင့် ၉/တကန(နိုင်)၂၃၂၆၈၀ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၃၀၈၂၆၆

### ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ ရုံးစည်ကြီး အထက နဝမတန်းမှ မောင်ဖြိုးဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဌေး ၉/တသန(နိုင်)၁၉၂၃၀၄ ဖြစ်ပါကြောင်း။

**ဦးဌေး**

### ပျောက်ဆုံးကြောင်း

ကျွန်တော်များ 5 Elephant Co., Ltd သည် သွင်းကုန်လိုင်စင် အမှတ် (ILV 14–15 4163) (18–03–2015)ဖြင့် ရရှိထားသော လိုင်စင်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၆၆၀၇၂၁၁

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုဒုံမြို့၊ ဗိုလ်ချုပ်လမ်း၊ မင်းတန်းရပ် ဦးကျော်လှိုင် ၁၀/မဒန(နိုင်)၀၁၂၆၈၅- ဒေါ်ခင်ဌေးရီ ၁၀/မဒန(နိုင်)၁၇၆၆၇၀ တို့၏သမီး မချိုချိုဦး ၁၀/မဒန(နိုင်) ၁၆၆၂၈၁ သည် မိဘတို့နှင့် သဘောထားကိုက်ညီမှုမရှိသောကိစ္စများကို ဆောင်ရွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း မည်သည့်ကိစ္စမဆို မိဘနှစ်ပါးနှင့် သက်ဆိုင်မှုမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိဘ - ဦးကျော်လှိုင်
၁၀/မဒန(နိုင်)၀၁၂၆၈၅ -
ဒေါ်ခင်ဌေးရီ
၁၀/မဒန(နိုင်)၁၇၆၆၇၀

## ကျေးဇူးတင်လွှာ
## ဦးလှချစ်တင်
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
### (စက်မှုဆေးဝါး)
### အသက်(၈၈)နှစ်

ကွယ်လွန်သူဖခင်ကြီး ဦးလှချစ်တင် နာမကျန်းဖြစ်စဉ်က ဂရုတစိုက်ကုသပေးခဲ့သော ဒေါက်တာမောင်မြ၊ ဒေါက်တာ သာသာဦး၊ ဒေါက်တာမိုးဝင့်အောင်၊ ဒေါက်တာလမင်းဝင်း၊ ဒေါက်တာသန်းထိုက်အောင်၊ ဒေါက်တာခင်စန်းအေး၊ Grand Hantar ဆေး ရုံမှ ဒေါ်ခင်ဌေးလင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အိမ်တိုင်ရာရောက်ပြုစုစောင့်ရှောက်ပေးသော Royal Medical Home Care Service ကိုလည်းကောင်း၊ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့သော ပြည်သာယာဓမ္မာရုံအကျိုးဆောင်လူငယ်များအဖွဲ့၊ နာရေးကူညီမှုအသင်း(ရန်ကုန်)၊ လူကိုယ်တိုင်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ သတင်းမေးနှစ်သိမ့်ကူညီအားပေး ကြသော ရပ်ဝေးရပ်နီးဆွေမျိုး မိတ်သင်္ဂဟများ၊ ၁၉၈၆၊ ၁၉၈၇၊ ၁၉၉၈ Batch (ဆေးတက္ကသိုလ်-၁)မှ သူငယ်ချင်းများ၊ နာရေးတွင် လိုက်ပါပို့ဆောင်ကြသူများ၊ ကျန်ကျေးဇူးတင်ထိုက်သောသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

### ရဟန်းဒါယိကာမကြီး
### ဒေါ်အုန်းသန်း အသက်(၇၇)နှစ်
### လ/ထ မန်နေဂျာ(ငြိမ်း) စိုက်ပျိုးရေး(မျိုးစေ့ဌာန)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း(တောင်)ရပ်ကွက်၊ (၂၆)ရပ်ကွက်၊ 3A မြင့်မိုရ်လမ်းနေ (ဦးညွန့်-ဒေါ်သာနု)တို့၏သ မီး၊ (ဦးကျော်လှ)၊ (ဦးကျော်မြ-ဒေါ်စိန်စိန်)၊ (ဦးမြသိန်း)-ဒေါ်သန်းဝင်းတို့၏ညီမ၊ ဒေါ်နုနုရီ(ဟိုတယ်/ခရီး-ငြိမ်း)၏အစ်မ၊ ဦးညီညီကျော်-ဒေါ်ခင်အုန်း၊ ဦးလှသန်း-ဒေါ်ခင်မေမေသိန်း၊ ဦးထွန်းထွန်းကျော်-(ဒေါ်သန်းသန်းအေး)၊ (ဦးတင်နိုင်သိန်း)(စိုက်ပျိုးရေး)၊ ဦးမောင်မောင် သိန်း(RESOURCES GROUP TRADING .CO.,LTD)၊ ဦးညီညီသိန်း၊ ဦးသန်းကြွယ်သိန်း၊ ဦးတင်ထွန်းအောင်-ဒေါ်နှင်းအိဖြူ(CB BANK)တို့၏အဒေါ်၊ မြေးငါးယောက်တို့၏အဘွားသည် ၃၀-၁၂-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၄:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတ ရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်စံသာလှ
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၁၀)၊ (၆ လွှာ)ညာနေ ဦးမောင်သိန်း- ဒေါ်မသိန်းဖြူ ဦးမောင်တင်လှ-ဒေါ်မတင်ဝင်း၊ ဦးလပြည့်အောင်-ဒေါ်လှညွန့်ကြည်၊ ဦးလှကျော်သိန်း-ဒေါ်သန်းသန်း၊ ဦးမောင်မောင်သိန်း-ဒေါ်လှလှကြည်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး(၁၅)ယောက်၊ မြစ်သုံးယောက်တို့၏ အဘွား ဒေါ်စံသာလှသည် ၂-၁-၂၀၂၀ရက် နံနက် ၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၂၀ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ မွန်းလွဲ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။ ကွယ်လွန်သူအား ရည်စူး၍ ၉-၁-၂၀၂၀ရက်(ကြာသပတေးနေ့)တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း
## ရဲမှူးကျော်လွင်(ငြိမ်း) ရဲ-၄၀၂၁
### တနင်္သာရီတိုင်းရဲတပ်ဖွဲ့မှူးရုံး
### ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၆/၈၄)
### အသက်(၆၃)နှစ်

သူငယ်ချင်းတစ်ယောက် ၁-၁-၂၀၂၀ရက် နံနက် ၁၀:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းတစ်ယောက်ကောင်းရာသုဂတိလားပါစေ

**SIP(16th)မှသူငယ်ချင်းများ**
**သာရေး/နာရေးအဖွဲ့(ရန်ကုန်/မန္တလေး)**

---

## ဦးညွန့်ဦး(ကိုကျား)
## B.A(History)
## အသက်(၅၆)နှစ်

ကျောက်ဆည်မြို့နေ (ဦးထွန်းတင်-ဒေါ်မမကြီး)တို့၏မြေး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်နောက်ရပ်ကွက်၊ မန္တလေးလမ်း၊ တိုက်အမှတ်(၇၇/၈၃)၊ အခန်း(၃၀)နေ(ဦးညွန့်ဆွေ-ဒေါ်ခင်ခင်သိန်း)တို့၏သားကြီး၊ ဦးကြည်ညွန့်(စက်ခန်းအုပ် -၁၊ ရေနံ-သယ်/ဖြန့်)၊ ဦးဝင်းဖေ(လဝက-ငြိမ်း)၊ ဒေါ်နွယ်နွယ်ညွန့်(အမက-၃၊ မူလွန်၊ ဗဟန်း)၊ (ဒေါ်ခင်ခင်ညွန့်) (B.Ecom,Hons)တို့၏ အစ်ကိုကြီး၊ ဒေါက်တာ အေးချမ်းစံ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ မောင်စွမ်းပြည့်( 3 rd MB-UM-1)တို့၏ဘကြီးသည် ၂၈-၁၂-၂၀၁၉ ရက် ည ၁၀:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၉ရက်တွင် နေပြည်တော် ကွေ့ကြီးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**သွေးသည် အသက်**
**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

## အနိစ္စ

### ရဟန်းဒါယိကာမကြီး
## ဒေါ်ကျင်လှ(ခ)ဒေါ်နီ
### (မုက္ကလ-ပဲခူးမြို့)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ အသောကလမ်း၊ အမှတ်(၅၂၊ သုံးလွှာ)နေ(ဦးသိန်းဖေ-ဒေါ်သန်း)တို့၏သမီး၊ ပဲခူးမြို့နယ်၊ မုက္ကလကျေးရွာနေ (ဦးထွန်းဖေ-ဒေါ်သိန်းရင်)တို့၏ချွေးမ၊ (ဦးကြည်လွင်)၏ဇနီး၊ (ဦးကျော်ခင်)-ဒေါ်သိန်းမြင့် တို့၏ညီမ၊ ဦးမှတ်ကြီး-ဒေါ်မြစိန်၊ (ဦးအုန်းဟံ)-ဒေါ်လေးခင်၊ (ဦးကျော်သောင်း)-ဒေါ်စန်းရီတို့၏ အစ်မ၊ မော်လမြိုင်မြို့နေ အရာခံဗိုလ်ဆန်းဦး-ဒေါ်မြမြချို၊ မြင်းခြံမြို့နေ ဒေါက်တာ ကြည်စိုး-ဒေါ်ကြူကြူမြင့်၊ ဒေါ်အေးအေးခိုင်(ကထိက၊ စီးပွားရေးပညာဌာန၊ စစ်တက္ကသိုလ်)၊ အမရပူရမြို့နေ ဦးတင်အောင်မြင့်(ဦးစီးမှူး၊ ရေအရင်းအမြစ် ဦးစီးဌာန၊ ကျောက်ဆည်ခရိုင်)-ဒေါ်ထွေးလေး၊ စစ်တွေမြို့နေ ဗိုလ်မှူးကြီး စိုးရွှေ-ဒေါ်စုဝင်းဌေး၊ ဦးကြည်လှိုင်-ဒေါ်စန်းစန်းအေး၊ ဦးလှိုင်မင်းသူ-ဒေါ်အိအိခင်၊ (Dagon Win Win Co.,Ltd)တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၂-၁-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် တပ်မတော်ဆေးရုံ ခုတင် ၅၀၀ ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၂၀ ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါ နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### မြေပုံမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်စံသာလှ
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် (၁၀)၊ (ခြောက်လွှာ၊ ညာ)နေ ဦးမောင်သိန်း-ဒေါ်မသိန်းဖြူ ဦးမောင်တင်လှ-ဒေါ်မတင်ဝင်း၊ ဦးလှပြည့်အောင်-ဒေါ်လှညွန့်ကြည်၊ ဦးလှကျော်သိန်း-ဒေါ်သန်းသန်း၊ ဦးမောင်မောင်သိန်း-ဒေါ်လှလှကြည်တို့၏ ကျေးဇူးရှင် မိခင်ကြီး၊ မြေး ၁၅ယောက်၊ မြစ်သုံး ယောက်တို့၏ဘွားဘွားကြီး ဒေါ်စံသာလှ သည် ၂-၁-၂၀၂၀ရက် နံနက် ၁:၃၀နာရီ တွင် ကွယ်လွန် သွားပါသဖြင့် ၆-၁-၂၀၂၀ ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၉-၁-၂၀၂၀ရက် (ကြာသပတေးနေ့)တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်စိန်(ပုသိမ်)
### အသက်(၉၃)နှစ်

သူငယ်ချင်းဒေါက်တာ စိုးနိုင်၏မိခင် ဒေါ်တင်စိန်သည် ၁၄-၁၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄-၁၉၉၀ ဆေးတက္ကသိုလ်(၂)သူငယ်ချင်းများ**

---

### ရဟန်း ဒါယိကာမကြီး
## ဒေါ်စောရီ(ခရမ်းမြို့)
### အသက်(၉၀)

ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ သိရိန္ဒ၊ ခရမ်းမြို့၊ ဥဒဏ်ကျွန်းကျေးရွာ၊ တိလောကာရုံကျောင်း ဆရာတော် ဘဒ္ဒန္တ တိလောက၊ သထုံမြို့၊ အေးသာယာရွာ၊ အေးသာယာကျောင်းနေ ဦးဣန္ဒရိယ(ဓမ္မာစရိယ)တို့ ၏ ရဟန်းဒါယိကာမကြီး ရန်ကုန်တိုင်း၊ ခရမ်းမြို့(၂)ရပ်ကွက်၊ ပြည်တော်သာလမ်း၊ အမှတ်(၁၀၃)နေ (ဦးဘမြိုင်-ဒေါ်နှင်းပန်း)တို့၏သမီး (ဒေါ်သန်းစိန်)၊ (ဒေါ်ငြိမ်းစိန်)၊ (ဦးစံရှင်-ဒေါ်စော)၊ (ဦးစံခင်-ဒေါ်ကြည်)၊ (ဒေါ်တင်ရီ)၊ (ဒေါ်လှမြင့်)တို့၏ညီမ၊ (ဦးရွှေတုတ်)-ဒေါ်စိန်လှတို့၏အစ်မ၊ ဦးကံထွန်း-ဒေါ်ထွေးရီ၊ (ဦးရွှေခိုင်)-ဒေါ်မြစန်း၊ ဦးထွန်းသန်း-ဒေါ်စန်းစန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ရီရီမြင့်(နီနီ)၊ ဒေါ်စန်းစန်းဝေ၊ အိဆွေမွန်၊ အိဆွေမော်၊ ကိုမိုးရွှေကျော်-မဆောင်းအေးတို့၏ အဒေါ်၊ ကြီးကြီးသည် ၁၃၈၁ ခုနှစ် ပြာသိုလ်လဆန်း ၈ ရက် ၂-၁-၂၀၂၀ရက် (ကြာသပတေးနေ့)နံနက် ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၂၀ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ခရမ်းသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှခင်(ဒေါ်ညိုညို)(စစ်တွေ)
### အသက်(၈၈)နှစ်

သူငယ်ချင်း ဒေါက်တာခင်မိုးဇံ၏မိခင် ဒေါ်လှခင်(ဒေါ်ညိုညို) သည် ၃၀-၁၂-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄-၁၉၉၀ ဆေးတက္ကသိုလ်(၂)သူငယ်ချင်းများ**

---

### သတိရလွမ်းဆွတ်ခြင်း
### ဖေကြီး
## ဦးထွန်းကြည်
### ကုန်သွယ်လယ်ယာ/မန်နေဂျာ
### အသက်(၇၈)နှစ်

မိသားစုနှင့်ခွဲခွာသွားတာ ၃-၁-၂၀၂၀ ရက်မှာ တစ်နှစ်တင်းတင်းပြည့်ခဲ့ပေမဲ့ တစ်နေ့မှ မေ့မရခဲ့ပါ။ ဖေကြီးရဲ့ အဖိုးမဖြတ် နိုင်တဲ့ ဆုံးမသြဝါဒ ဗဟုသုတတွေကို အမြဲဆင်ခြင်လျက်ပါ။

သမီးတို့ လှူဒါန်းတဲ့ကောင်းမှု ကုသိုလ်အစုစုတို့ကို ဖေကြီးကို အမျှအတန်းပေးဝေပါတယ်။ ရောက်လေရာဘုံဘဝမှနေ ပြီး သာဓုခေါ်ဆိုပါ။

**အမျှ----အမျှ----အမျှ**
**မေကြီး- ဒေါ်ဝင်းဝင်းခိုင်**
**သမီးကြီး- မခန့်ခန့်ထွန်းကြည်**
**သားငယ်-မောင်ဟိန်းဆက်**

---

## ဒေါ်မိကျင်သန်း
### B.Ed ၊ အထပြ(ငြိမ်း)ပေါင်မြို့
### အသက်(၇၃)နှစ်

မွန်ပြည်နယ်၊ ပေါင်မြို့၊ ကဒါရပ်ကွက်၊ ကမ္ဘာ့အေးဘုရားလမ်းနေ (ဦးခေါင်းချွန်-ဒေါ်လေးစိန်)တို့၏ သမီး၊(ဦးတီး-ဒေါ်ငွေထိန်)တို့၏ချွေးမ၊ [(ဗိုလ်ကြီးမောင်ရွှေ(ငြိမ်း)]၏ဇနီး ၊ ဦးမျိုးမင်းရွှေ-ဒေါ်ခင်ခင်အေး၊ (ဦးဇော်သိန်းထိုက်)-ဒေါ်မီမီရွှေ၊ ဦးတက်လင်းရွှေ-ဒေါ်မိနွန်ထော၊ ဦးကိုတင်-ဒေါ်ဖြူဇာဝင်းရွှေ၊ ဦးဟန်လင်းအောင်-ဒေါ်လွင်မာ နှင်းရွှေတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်မိကျင်သန်းသည် ၂၈-၁၂-၂၀၁၉ရက်(စနေနေ့) မွန်းလွဲ ၁၂:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၂-၂၀၁၉ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂:၃၀ နာရီတွင် ကျွဲခြံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၃-၁-၂၀၂၀ရက်(သောကြာနေ့)တွင် အလုပ်ကိုင်နှင့် ၄-၁-၂၀၂၀ရက်(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်တင်တင်ဝင်း(လမ်းစဉ်ပါတီဌာနချုပ်)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၉လမ်း၊ အမှတ်(၂၁) နေ (ဦးအောင်ထွန်း-ဒေါ်သန်းသန်း)တို့၏သမီး၊ ဦးဌေးအောင်(P.P.Co)၏ဇနီး၊ မဝင်းလဲ့ဖြူ-မောင်သုတမောင်မောင်ဝင်း(နန္ဒဝန်ဈေး)တို့၏မိခင်၊ ဦးအောင်စိုး-ဒေါ်နန်းမြထွေးတို့၏ညီ မ၊ (ဦးစိုးရှိန်)-ဒေါ်တင်တင်မြ၊ ဦးစောဝင်း-ဒေါ်ယဉ်ယဉ်မြ၊ ဦးမောင်မောင်တင်-ဒေါ်ညွန့်ညွန့်ရီ၊ ဦးခင်စိုး၊ (ဦးစန်းလွင်)-ဒေါ်စန်းစန်းဝင်း၊ ဦးနေမျိုး-ဒေါ်အေးအေးမွန်တို့၏အစ်မကြီး၊ တူ/တူမ ၁၁ယောက်တို့၏အဒေါ်၊ မြေး ငါးယောက်တို့၏အဘွားသည် ၂-၁-၂၀၂၀ ရက် (ကြာသပတေးနေ့) နံနက် ၅:၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ရဟန်းဒါယကာကြီး
## ဦးအင်မြိုင်(ခ)တော်အင်မြိုင်
### (မြိုင်နို့အေးချောင်းစက်)
### အသက်(၉၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ (၁၁)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၇)နေ (ဒေါ်ခင်ဝင်း)၏ခင်ပွန်း၊ (ဦးစိုးမြင့်-ဒေါ်ခင်ရီ)၊ ဦးအောင်မြင့်-ဒေါ်ရီလေး၊ ဦးစိန်ဌေး-ဒေါ်လှလှ၊ ဦးလှမြင့်-ဒေါ်နီနီနိုင်၊ ဦးတင်ဝင်း-ဒေါ်ခင်ဌေး၊ (ဦးစန်းလှိုင်)-ဒေါ်သင်းသင်းလတ်၊ ဒေါ်ခိုင်အေးမင်းမင်းဝင်းတို့၏ကျေးဇူးရှင်ဖခင်၊ မြေး၁၅ယောက်၊ မြစ်တစ်ယောက်တို့၏ချစ်လှစွာသောအဘိုးသည် ၁-၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၂၀ ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၄၉၆)နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီ တွင်ထွက်ခွာပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးအောင်(တိုက်ကြီးမြို့)
### အောင်ဝပ်ရှော့(ဒီဇယ်၊ ဓာတ်ဆီ စက်ပြင်ဆရာကြီး)
### အသက်(၉၃)နှစ်

တိုက်ကြီးမြို့နေ (ဦးဘစံ-ဒေါ်စိန်တင်)တို့၏သား၊ (ဒေါ်မမတင်)၏ခင်ပွန်း၊ ရန်ကုန်မြို့နေ (ဦးဘဌေး)-ဒေါ်ယဉ်ယဉ်နု၊ ဦးတင်မောင်ဝင်း-ဒေါ်ခင်မေဝင်း၊ ဦးခင်မောင်စိုး-ဒေါ်ခင်အုန်းသန်း၊ (ဗိုလ်ကြီးသန်းမြင့်-ဒေါ်အေးအေးနု)၊ ဦးမြင့်သိန်းဦး-ဒေါ်ဌေးဌေးနု၊ ဦးအက်ဒွပ်စီးမိုး-ဒေါ်သင်းသင်းနု၊ ဦးဝင်းကျော်-ဒေါ်ရီရီဝင်းတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၉ယောက်၊ မြစ် ၁၅ ယောက်တို့၏အဘိုးသည် ၂-၁-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၂:၄၀နာရီတွင် သင်္ဃန်းကျွန်းမြို့နယ်၊ အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၂၀ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၄၅နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ၄လမ်း၊ အမှတ်(၅၂၃) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးသန်းရွှေ(ငြိမ်း) အသက်(၅၄)နှစ်
### ကြည်း၂၆၆၄၁
### သူရ(၉၃)

နန်းမားမြို့နေဒေါ်ဆွေဆွေသန်း၏ခင်ပွန်း၊ မောင်လွင်အောင်ခန့်မင်း၊ မမို့မို့ဟန်ကျော်၊ မကျော့သီရိဆွေတို့၏ဖခင်၊ ဗိုလ်ကြီးသန်းရွှေ(ငြိမ်း) သူရ(၉၃)သည် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ၂-၁-၂၀၂၀ရက် နံနက် ၂:၂၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၃) ကျောင်းဆင်းအရာရှိ မိသားစုများမှ အထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ၄-၁-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိသားစုများကိုယ်စား သူငယ်ချင်း/မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

**သူရ(၉၃)ကျောင်းဆင်းအရာရှိများ**

---

## ဒေါ်ခင်ခင်
### မြန်မာ့မီးရထား(ငြိမ်း)
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖ.ဆ.ပ.လ၊ မြဝတီအိမ်ရာတိုက်(၂၆)၊ အခန်း(၄)နေ(ဦးမောင်တင်)၏ဇနီး၊ ဒေါ်ကြူကြူ (ဦးလှအောင်)-ဒေါ်ဖြူဖြူ၊ ဦးခင်မောင်ဇင်-ဒေါ်ဇင်ပူ၊ ဦးခင်မောင်ဝင်း-ဒေါ်လွင်မာဦး၊ (ဦးလှမိုး-ဒေါ်နီနီဝင်း)၊ ဦးခင်မောင်မြင့်-ဒေါ်နွယ်နွယ်အေး၊ ဦးမျိုးညွန့်-ဒေါ်သန်းသန်းနွယ်၊ ဦးခင်မောင်မြင့်-ဒေါ်ကြူကြူဝင်း၊ (ဦးခင်မောင်ထွေး)တို့၏မိခင်၊ မြေး ၁၅ယောက် ၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁-၁-၂၀၂၀ ရက် ညနေ ၆:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၇-၁-၂၀၂၀ရက် (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးသိန်းညွန့်(ရန်ကုန်/စစ်တွေ)
### ရဲအုပ်(အငြိမ်းစား)သတင်းတပ်ဖွဲ့သူရ(၁၁)
### (Security Mananger Co.,Ltd Nokia Contract)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်-၁၂၂ နေ(ရဲမှူးကြီးဦးထွန်းဦးခိုင်-ဒေါ်အေးအေး)တို့၏သား၊ (ရဲအုပ်ကြီး ဦးစံသာထွန်း-ဒေါ်မြမြ)တို့၏သားသမက်၊ (ဦးထွန်းဝေ-ဒေါ်ဦးမေ)၊ (ဒေါ်လုံးမေ)၊ (ဒေါ်ကျော့စိန်)၊ (ဒေါ်ခိုင်ခိုင်)၊ ဦးကျော်စံ-ဒေါ်အေးကြွယ်၊ (ဦးအောင်သိန်း)၊ (ဦးထွန်းဦး)-ဒေါ်ကျော့လှ၊ (ဦးထွန်းလှအောင်-ဒေါ်ငွေအေး)၊ (ဦးသန်းမြင့်-ဒေါ်တင်အေး)တို့၏မောင်/ ညီ၊ ဒေါ်မြချိုမီထွန်း(84'Eco)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာထက်အောင်ဝင့်-မမြခွာညိုဖူး၊ ဒေါက်တာမင်းသိမ်းထွန်း-ဒေါက်တာဝင်းမြတ်မြတ်အောင်၊ မစုစုတို့၏ချစ်လှစွာသောဖခင်ကြီး၊ မောင်ထက်မြတ်သော်၏အဘိုးရှင်သည် ၂-၁-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၆:၅၀နာရီတွင် လှည်းကူးမြို့နယ်၊ မိုးကုတ်ဓမ္မရုံသီကမ္မဋ္ဌာန်းရိပ်သာ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၂၀ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၄၅နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# တရုတ်နှစ်သစ်ကူးနီးလာသောကြောင့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွင်း ကုန်တင်ယာဉ်များ ဝင်ရောက်မှုနည်း

**မူဆယ် ဇန်နဝါရီ ၂**

တရုတ်နှစ်သစ်ကူး ပွဲတော်သည် ဇန်နဝါရီ ၂၅ ရက်တွင် ကျရောက်မည်ဖြစ်သောကြောင့် တရုတ်ကုန်သည်တချို့နှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များအနေဖြင့် ကုန်ရောင်းကုန်ဝယ်လုပ်ငန်းများကို ခေတ္တရပ်တန့် ပိတ်သိမ်း၍ မိဘဆွေမျိုးညီအစ်ကို မောင်နှမများနှင့် မိသားစုများရှိရာ နေရာဒေသအသီးသီးသို့ ပြန်ကြပြီဖြစ်သဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်နယ်စပ်စီးပွားရေးဇုန် မိုင်းယု (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အတွင်းသို့ နှစ်နိုင်ငံဘက်မှ ကုန်တင်ယာဉ်များ ဝင်ရောက်သွားလာမှု သိသိသာသာလျော့နည်းသွားခဲ့သည်။

အဆိုပါ နှစ်နိုင်ငံဘက်မှ ပို့ကုန်/သွင်းကုန်ကားများ တရုတ်နှစ်သစ်ကူးကာလအတွင်း ကုန်သွယ်ရေးဇုန်ထဲသို့ ဝင်/ထွက် သွားလာမှုလျော့နည်းသွားသည့် ကိစ္စနှင့်ပတ်သက်၍ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်

*စာမျက်နှာ ၇ ကော်လံ ၁* ❏



မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အတွင်းသို့ ကုန်တင်ယာဉ်များ ဝင်ရောက်နေမှုအနေအထားကို တွေ့ရစဉ်။

# မြန်မာ့လက်ရွေးစင်အသင်း ဖေဖော်ဝါရီလနှင့် မတ်လတွင် နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဇန်နဝါရီ ၂**

၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဖေဖော်ဝါရီလနှင့် မတ်လတွင် နိုင်ငံတကာခြေစမ်း ပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လနောက်ဆုံးပတ်တွင် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲ ဒုတိယအဆင့် အုပ်စုပွဲစဉ်နှစ်ပွဲ ကစားရမည်ဖြစ်ရာ ယင်းနှစ်ပွဲမတိုင်မီ ခြေစမ်းပွဲများ ကစားရန် စီစဉ်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ယင်းခြေစမ်းပွဲများအတွက် အသင်းများ စတင်ဖိတ်ကြားနေပြီဖြစ်ပြီး ခြေစမ်းပွဲနှစ်ပွဲတွင် အိမ်ကွင်း၌

*စာမျက်နှာ ၁၂ ကော်လံ ၅* ●



၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲ ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်အသင်း။ ဓာတ်ပုံ-စိုးညွန့်

# ၂၀၂၀ပြည့်နှစ် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂**

၂၀၂၀ ပြည့်နှစ် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမရှေ့ ရင်ပြင်တွင် ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီမှ စတင်၍ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် (၆)နာရီ မိနစ်(၄၀)မှ စတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)၊ MITV ၊ Up to Date ၊ Channel 9 ၊ MNTV ၊ MRTV–4 ၊ မြဝတီရုပ်မြင်သံကြား (MWD) ၊ မြန်မာ့အသံရေဒီယို၊ Ministry of Information Facebook Page ၊ MRTV Facebook Page နှင့် Myanmar Digital News Facebook Page တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဖူဆယ်လိဂ်ပြိုင်ပွဲ ဒုတိယအကျော့ ဇန်နဝါရီ ၁၁ ရက် စတင်မည် စာ ၁၂

ရှမ်းပြည်နယ်၌ မြန်မာမိန်းကလေးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ် (၁၀)နှစ်ချမှတ် စာ ၁၃

နာမည်ကျော် နှစ်ဆန်းသူဌေးဟောင်းရဲ့ ဂျပန်နိုင်ငံအတွင်းက ထွက်ပြေးမှုဂယက် စာ ၁၅

GRAND HANTHA INTERNATIONAL HOSPITAL
GREEN. GRAND. CARE FOR THE PEOPLE

စင်္ကာပူနိုင်ငံမှ
အရိုး၊ အကြော၊ အဆစ် ခွဲစိတ်အထူးကုဆရာဝန်ကြီး
Dr. Chin Pak Lin
M.B.,B.S (Singapore), MRCSEd, M.Med (Ortho), FRCSEd (Ortho)
(၁၀.၁.၂၀၂၀)နှင့် (၁၁.၁.၂၀၂၀) နေ့များတွင် နံနက် (၉း၃၀)နာရီမှစ၍

စင်္ကာပူနိုင်ငံမှ
အသည်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာ
အထွေထွေနှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီး
Dr. Tan Kai Chah (Dr. K C Tan)
D.P.M.P., MBBS (MAL), FRCS (EDIN), FAMS Surgeon
(၁၈.၁.၂၀၂၀) ရက်နေ့ နံနက် (၉း၃၀)နာရီမှစ၍

ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် ပြင်ပလူနာများကို တိုင်ပင်ဆွေးနွေး ကုသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ✆ 01 231 7617, 01 523 000, 01 523 111